
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | - ဦးဝင်းသူရလွင် (အိမ်ခေါက်အသစ်စာပေ) |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - ဦးဇော်မြင့်ဝင်း (တာလာဂုဏ်ပုံနှိပ်တိုက်) |
| မျက်နှာဖုံးဒီဇိုင်း | - Aung Pyae |
| ပုံနှိပ်ခြင်း | - ပထမအကြိမ် (၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ) |
| အုပ်ရေ | - ၁၀၀၀ |
| တန်ဖိုး | - ၁၂၀၀ ကျပ် |

ဆူး ၈၉၅.၈၃

ဇိုးနှင်းသတ်ခဲ့တွက်တိုက်တော်တဲ့သူ / ဆူး။ - ရန်ကုန်

အိမ်ခေါက်အသစ်၊ ၂၀၁၂။

၂၈၄ - စာ၊ ၁၂ × ၁၈.၅ စင်တီ။

(၁) ဇိုးနှင်းသတ်ခဲ့တွက်တိုက်တော်တဲ့သူ

www.burmeseclassic.com

www.burmeseclassic.com

## အိပ်မက်အသစ်မှဆက်လက်ထွက်ရှိမည့်စာအုပ်များ

| | |
|---|---|
| ✸ ကမ္ဘာ့ထိတ်လန့်သည်းဖိုဝတ္ထုများ | ဒဿကျော်စွာ |
| ✸ ဟတ်ဒစ်ထဲကမယ်လိုဒီ | သည်ခေတ်နေ့ |
| ✸ မန္တလေး | သည်ခေတ်နေ့ |
| ✸ မတော်တဆနှုတ်ခမ်းရာ | ညေး |
| ✸ စိတ်ဆိုးနေတဲ့သမျှ | ညေး |
| ✸ နှင်းဝတ်ရုံခြုံတဲ့ဆောင်း | မျှားသူ |

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

# ညး

## ငှါရင်ဘတ်နဲ့ကွက်တိတော်တဲ့သူ

(လုံးချင်းဝတ္ထုသစ်)

Eainmakathit

38, 3rd Fl., 153rd Lane,
Tamwe Tsp., Ygn.
Ph : 551403,09 730 53 703

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတုန်းက မြို့ကလေးတစ်မြို့မှာ ထူးဆန်းသည်ဟု ပြောလို့ရသော အဖြစ်အပျက်ကလေးတစ်ခု ဖြစ်ခဲ့ရူးပါသည်။ ထိုသည်ကတော့ အသုဘာရုပ်အလောင်းကို သတို့သမီးအရာထား၍ ချစ်သူအဖြစ်က ထိမ်းမြားလက်ထပ်မင်္ဂလာ ကျင်းပခဲ့ခြင်းပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁)

အသုဘရုပ်အလောင်းနှင့် လက်ထပ်မည်ဆိုတော့ ထို မင်္ဂလာပွဲကို မြို့ကလေးတစ်မြို့လုံး စပ်စုပြီး သွားလည်း သွား ကြည့်ချင်ကြသလို ကြောက်လည်း ကြောက်ကြသည်ပေါ့။

ကျန်ရစ်ခဲ့သူ သတို့သားရဲ့ အချစ်ကိုရော၊ စိတ်ကူး စိတ်သန်းကိုပါ မချီးမွမ်းဘဲလည်း မနေနိုင်ကြပါဘူး။ သြော်… သူတို့ချစ်ခဲ့ကြတာ ငါးနှစ်တောင် ကျော်ခဲ့ပြီပဲ။ မိန်းကလေးရဲ့ ဘွဲ့လွန်ပညာ ရေးကို ငဲ့ကွက်ပြီး လက်ထပ်ဖို့ နောက်ဆုတ်ပေးခဲ့ ရင်းကနေ တကယ်တမ်း လက်ထပ်ခါနီး ရက်ပိုင်းအလိုမှာ သတို့ သမီးလောင်းလေးခမျာ အက်ဆီးဒင့်တစ်ခုကြောင့် မမျှော်လင့်ဘဲ ဆုံးပါးသွားခဲ့ရရှာသည်။

မြို့ကလေးမှာတော့ ဒီသတင်းဟာ တကယ့်ကို လူပြော အများဆုံး ကြေကွဲစရာကိစ္စတစ်ခုပါပဲ။

သတို့သားကတော့ ပညာတတ် ခေတ်လူငယ်တစ်



ယောက်ဖြစ်ပြီး တစ်ခါတစ်ရံလည်း ကိုးလိုးကန့်လန့်ဆန်ကာ တစ်ခါတစ်ရံလည်း လုပ်ချင်တာကို ရှေ့ကြောင်းနောက်ကြောင်း မထောက်ဘဲ တစ်ဇွတ်ထိုးလုပ်တတ်ပုံရသည်။

အခုပဲ ကြည့်။

အသက်ရှိခြင်း၊ မရှိခြင်းပညတ်ချက်က သူ့အတွက် အဓိကမကျဘဲ ချစ်သူမိန်းကလေးကို မြေမြှုပ်သင်္ဂြိုဟ်မှုမပြုမီ လက်ထပ်ပွဲကလေး ကျင်းပလိုက်ချင်သေးသည်တဲ့။

ဒီလိုနဲ့…

မြို့ကလေးရဲ့ မိုးအုံ့အုံ့နေ့ကလေးတစ်နေ့မှာ…

ဂါဝန်ဖြူဖြူကို ဝတ်ဆင်ထားတဲ့ သတို့သမီးကလေးက အီစတာလီလီလို့ ခေါ်တဲ့ ပိန်းပန်းဖြူဖြူတွေ ဆင်ယင်ထားတဲ့ ခေါင်းတလားကြီးထဲမှာ မနိုးသောအိပ်ခြင်းနဲ့ ငြိမ်သက်လဲလျောင်း နေပြီး သတို့သားကတော့ ဘုန်းတော်ကြီးတစ်ပါးရှေ့၌ ကတိ သစ္စာပြုခြင်း၊ လက်ထပ်လက်စွပ်လဲလှယ်ခြင်း၊ အနမ်းဖွဖွခြွေချ ခြင်းများကို ပျော်ရွှင်ဝမ်းမြောက်သော သတို့သားတစ်ယောက်နှင့် မခြား ဆောင်ရွက်လျက်ရှိချေသည်။

ဟော… နားထောင်စမ်း။

ဘုရားရှိခိုးကျောင်းရဲ့ အပြင်မှာ မြင်းခွာသံတွေ တပြည်း ပြည်းနီးလာပြီ မဟုတ်လား။

ကြည်နူးလို့မှ မဆုံးသေးဘူး အချစ်ရယ်။ တို့တွေ ခွဲခွာကြရတော့မယ်။

သတို့သားက ဝေ့ဝဲလာသော မျက်ရည်တို့ကို သိမ်းပစ်

www.burmeseclassic.com



ရန် မျက်တောင်တစ်ချက်ပုတ်ခတ်ရင်း သက်ပြင်းကို မသိမသာ နိုးရှိုက်လိုက်သည်။

ရထားလုံးပေါ်က လူတချို့ရဲ့ အေးတိအေးစက်ခြေသံများက ဘုရားရှိခိုးကျောင်းထဲ ရိတ္တဲလေးကန်စွာ ရောက်ရှိလာကြပြီး သတို့သားရှေ့ ရပ်လိုက်ကာ ယဉ်ကျေးပျူငှာစွာ ခေါင်းညိတ်ပြုံးပြလိုက်ပြီး ခေါင်းတလားနားသို့ အရွေ့…

'ခင်ဗျားတို့အားလုံး ရပ်လိုက်ပါ'

'ခင်ဗျာ'

'ကျွန်တော် စိတ်ပြောင်းသွားပြီ၊ မူလအစီအစဉ်ကို ဖျက်လိုက်ပြီ'

'ဟင်…'

'အဲ…'

ဘုန်းတော်ကြီးအပါအဝင် မင်္ဂလာပွဲတက်ပရိသတ်များ ကြောင်သွားကြသည်။

'ဒါဆို ကျွန်တော်တို့ ဘာလုပ်ပေးရမလဲ'

ရထားလုံးပေါ်က ဆင်းလာကြသော လူအုပ်ထဲက တစ်ယောက်က မေးသည်။

'ဘာမှမလုပ်ဘဲ ပြန်သွားကြပါ'

'ဟင်…'

သတို့သားစကားကြောင့် ခပ်သိမ်းသောသူများက ဘုန်းတော်ကြီးကိုသာ တစ်ချက်ကြည့်လိုက်ကြသည်။ ဘာဆက်လုပ်ရမလဲဆိုတဲ့သဘော။ အစီအစဉ်အတိုင်း ဆောင်ရွက်ရမည်ဆိုပါ



လျှင်မူ လက်ထပ်ပြီးသည်နှင့် သတို့သမီးကလေးအား မြေမြှုပ်သင်္ဂြိုဟ်ပစ်ရမည် မဟုတ်ပါလား။

ခေါင်းတလားကို သယ်မည့် မြင်းရထားတောင် ရောက်လာခဲ့ပြီပဲ။ ဘုန်းတော်ကြီးက ခေါင်းကို မသိမသာယမ်းလိုက်ပြီး…

'လက်ထပ်ပွဲ ကျင်းပပြီးပြီပဲကွယ်၊ ကောင်းကင်ဘုံကို သွားပါစေတော့လား၊ ဒါမှမဟုတ် သား ဘယ်လိုစီစဉ်ချင်လို့လဲ၊ မြေမမြှုပ်ပစ်ဘဲ မီးသင်္ဂြိုဟ်ချင်လို့လား'

'မြေလည်း မမြှုပ်ရက်ဘူး၊ မီးလည်း မသင်္ဂြိုဟ်ရက်ဘူးဗျာ'

သူ့အသံက နွေမနက်ခင်းတွေကို လွန့်လူးသွားအောင် တွန်ကျူးနိုင်တဲ့ ဥဩငှက်ကလေးထက်တောင် လွမ်းမောဖွယ်ရာ ကောင်းနေသေးတော့သည်။

'ကိုယ်ချင်းစာပါတယ်၊ ကဲ… ဒီတော့ ဘယ်လိုလုပ်ချင် သလဲ'

'လွမ်းတဲ့အခါ လာကြည့်လို့ရအောင် ဆေးစိမ်ထားချင်တယ်'

'ဟာ…'

'အာ…'

'မဖြစ်နိုင်ဘူး၊ ဒီလိုအပြုအမူမျိုး ဒီမြို့က လက်သင့်မခံဘူး'

ပရိသတ်ထဲက လူတစ်ယောက်က ထပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



သတို့သားကတော့ တည်တည်ငြိမ်ငြိမ်ပါပဲ။ လောကဓံတရားကို အသိမ်မွေ့ဆုံး ရင်ဆိုင်နေတဲ့အနေအထားနဲ့…

'ဖြစ်နိုင်ပါတယ်၊ ကျွန်တော့်ချစ်သူကို ရုပ်ထဲရှာထဲ ခေါ်မထားပါဘူး၊ ဒီဘုရားရှိခိုးကျောင်းရဲ့ အခန်းလွတ်တစ်ခုခုမှာ ထားမှာပါ၊ အဲ… ကိုယ်တော်ခွင့်ပြုမယ်ဆိုရင်ပေါ့'

ဘုန်းတော်ကြီးလည်း ဘာမှမပြောနိုင်တော့ဘဲ ငေးတွေးမှိုင်းပျနေတော့သည်။

ယူကလစ်တန်းကို ဖြတ်ကျော်တိုက်ခတ်လာတဲ့ လေညင်းတချို့ကတော့ သူမနဖူးပြင်ပြေပြေကလေးပေါ်က ဆံစတချို့ကို လွင့်လူးသွားစေရင်း အဆုံးသတ်လိုက်၏။

ဩော်… အပြင်မှာတော့ မိုးတွေအုံ့ဆိုင်းလို့။

❖

(၂)

ဘီစီလေးရာကျော်လောက်တုန်းက ဂရိတွေးခေါ်ရှင်တစ်ယောက်ရဲ့ ထော်လော်ကန့်လန့်နိုင်တဲ့ ဖြစ်ရပ်မှန်ကိစ္စတစ်ခုပါ။

စာဖတ်သူတွေလည်း ကြားဖူးချင် ကြားဖူးကြမှာပေါ့။

ဒိုင်အောဂျီးနီး(စ်)ဆိုတဲ့ ပုဂ္ဂိုလ်ကျော်ကြီးဟာ နေ့ခင်းကြောင်တောင်မှာ မီးအိမ်တစ်လုံးထွန်းပြီး လမ်းတကာလျှောက်သွားနေတတ်ပါသတဲ့။ ဒါကို လူတွေက မေးတဲ့အခါမှာတော့ ရိုးသားဖြောင့်မတ်တဲ့သူ honest man ကို လိုက်ရှာနေတာပါလို့ ဖြေတတ်ပါတယ်။ (တော်သေးတယ်။ အဲဒီခေတ်က မီးပို့နဲ့ လမ်းလျှောက်ရောင်းတဲ့ ဗယာကြော်သည်တွေ မပေါ်သေးလို့။ နို့မို့ဆို ဟိုလိုလို ဒီလိုလို အထင်ခံရရင် ဒိုင်အောဂျီးနီး(စ်)ကြီးသိက္ခာကျဦးမယ်။)

တစ်ခါမှာတော့ ALEXANDER THE GREAT ဘုရင်ကြီးဟာ ဒိုင်အောဂျီးနီး(စ်)ရဲ့ ဂုဏ်သတင်းကို ကြားပြီး ဆုတော်လာဘ်တော် ချီးမြှင့်လိုတာမို့ နေပူစာလှုံနေတဲ့ ဒိုင်အောဂျီးနီး(စ်)ကြီးရှေ့ မတ်တတ်ရပ်ပြီး မေးလိုက်တယ်။

www.burmeseclassic.com



'အလိုရှိရာ တောင်းဆိုပါ'

'ဟုတ်ကဲ့... အရှင့်ခန္ဓာကိုယ်က နေရောင်ကို ကွယ်ထားသလိုဖြစ်နေလို့ ဘေးလေးပဲ ဖယ်ပေးပါ'တဲ့။

ကဲ... ခင်ဗျားတို့ဆိုရင်ရော ရှင်ဘုရင်နဲ့တွေ့တဲ့အခါ ဘာတောင်းဆိုမလဲ??? ပါမစ်လား။ လုပ်ကွက်လား။ အခုတလော အဲဒီကိစ္စတွေ သိပ်လူပြောများနေလွန်းလို့ပါဗျာ။

❖

ကျောင်းအားရက်တွေဆိုရင် ငွေအလုံအလောက်မပါဘဲ စူပါမားကက်ကြီးများသို့ Window Shopping ထွက်တတ်ကြတာ သူမတို့ရဲ့ အကျင့်တစ်ခုပင်။

အခုလည်း ထူးဆန်းတွေလာပစ္စည်းများ ရောင်းချသည့် Fancy ပစ္စည်းအရောင်းဆိုင်တစ်ဆိုင်ထဲသို့ သူမတို့အုပ်စု ရောက်ရှိနေကြသည်။

'ဟယ်... ဒီမှာ ကြည့်ပါဦး'

နုမြတ်က လက်ညှိုးထိုးပြသည်။ ပြမယ်ဆိုလည်း ပြချင်စရာ။

အငွေ့တထောင်းထောင်းထနေတဲ့ ဖန်လုံးတစ်လုံးဟာ အမြင့်တစ်ခုကို ပုံသေရောက်ရှိနေတဲ့ ရေအရှိန်တစ်ခုမှာ မရပ်မနားလည်နေသည့် (ဘာကြီးမှန်း မသိသည့်) ထူးဆန်းတွေလာ ယန္တရားကြီးတစ်ခု။ သို့သော် လူစိတ်ဝင်စားစရာ၊ ဝယ်ချင်စရာ ကောင်းနေတာတော့ သေချာသည်။

'အဟီး... ရှုပဗေဒသဘောတရားတွေ ပါတယ်ဟ၊

www.burmeseclassic.com

www.burmeseclassic.com



အမြင့်တစ်ခုကို တိုးထွက်နေတဲ့ ရေရဲ့ Velocity အား၊ နောက်ပြီး ပလပ်ပေါက်ထိုး ခလုတ်ဖွင့်တော့မှ ယန္တရားလည်ပတ်တဲ့ Electrical Power တွေ သုံးထားတယ်'

ရူပဗေဒ ဒုတိယနှစ်ကျောင်းသူ မြနှင်းခဲ့ ထိုသို့ဆိုလေတော့ ဓာတုဗေဒက နှမြတ်နဲ့ ခင်သစ္စာလည်း မနေသာတော့ဘဲ . . .

'Chemistry သဘောတရားတွေလည်း ပါပါတယ်ဟာ၊ နင်ကလည်း၊ ကြည့်ပါလား၊ ဖန်လုံးကြီးက လည်နေပြီး အငွေ့တွေ ပျံနေတာ၊ တို့ဓာတုဗေဒက ဓာတ်ငွေ့ထုတ်ယူပုံ နည်းစနစ်တွေ သုံးထားတယ်'

'ဟုတ်ပါ့မလား၊ ပထဝီသဘောသဘာဝတွေ များနေသလားလို့၊ evaporation လို့ ခေါ်တဲ့ ပူ၊ ပွ၊ ပေါ့၊ တက် သဘောတရားတွေ သုံးထားတာလားလို့'

'အင် . . . သိဘူးလေ၊ ဟုတ်လား'

သူမတို့အုပ်စု ရယ်လိုက်ကြပြန်သည်။

နောက်တော့ ဖလော်က ဝင်းဝင်းမော်က မနေသာတော့ဘဲ ဆရာကြီးလေသံနှင့် . . .

'နင်တို့အားလုံး မှားနေပြီ၊ အားလုံးရဲ့ အနှစ်ချုပ်ကတော့ အတွေးအခေါ်ပဲ၊ ဒါကြီးဖြစ်လာဖို့ အတွေးအခေါ်ကနေ အရင်စရတာ၊ လူစိတ်ဝင်စားအောင်၊ ဝယ်ချင်အောင်၊ ဈေးကွက်ဝင်အောင် 'ပုံ' ထုတ်တဲ့သူက အတွေးအခေါ်ကောင်းကောင်းနဲ့ သင်္ချာနည်း၊ ရူပဗေဒနည်း၊ ဓာတုဗေဒနည်းတွေ အစုံအလင်ပါအောင်



ဆွဲထည့်လိုက်တာ၊ ဒါကြောင့် အားလုံးရဲ့ အနှစ်ချုပ်ကတော့ အတွေးအခေါ်ပဲ၊ ပလေတို တစ်ခါက ပြောဖူးတယ်'

ဝင်းဝင်းမော်ခများ ပလေတောင် ကောင်းကောင်းမတို့လိုက်ရသေးဘူး။ ဆိုင်အရောင်းတာဝန်ခံမမတစ်ယောက် သူမတို့အုပ်စုနား ရောက်လာပြီး . . .

'ညီမ စိတ်ဝင်စားလို့လား'

'ဟင် . . . အဲ . . . ဟုတ် . . . ဟုတ်ကဲ့'

သေပြီဆရာပဲ။ သူမက ယန္တရားကြီးကို ဟိုနှိပ် ဒီနှိပ် လျှောက်နှိပ်ပြလိုက်ပြီး . . .

'ရေငွေ့တွေကို အရောင်တွေ ထည့်လို့ရသေးတယ်လေ၊ ဒီမှာ တွေ့လား'

'အဲ . . . ဟုတ်ပါ့၊ အစိမ်းရောင်၊ အစိမ်းရောင်တွေ ထွက်လာပြီ'

'ဒါက နောက်တစ်မျိုး ညီမရေ'

'ဟာ . . . အနီရောင်၊ အနီရောင်တွေ'

တကယ်တော့ သူမတို့ ဖောဖောနဲ့ လျှောက်ပြောနေကြခြင်းဖြစ်ပြီး စိတ်ထဲမှာတော့ သေချင်စော်နံနေကြသည်။ ဟုတ်တယ်လေ။ ဒါကြီး ဘယ်သူက ဝယ်နိုင်မှာတဲ့တုံး။ ထွက်လာတာက Window Shopping ပါဆိုမှ။

'ဒါက နောက်တစ်မျိုး'

'အဲ . . . ရောင်ပြေးတွေ၊ ရောင်ပြေးတွေ'

www.burmeseclassic.com

www.burmeseclassic.com



မြူနှင်းစံက ကြာတော့ မြန်မြန်ကိစ္စဖြတ်ချင်လာတာ မို့…

'ဘယ်လောက်လဲ အစ်မ'

'ရှစ်သောင်းခွဲပါ ညီမ'

'အင်…'

လေးယောက်သား နင်သွားကြသည်။ ရှစ်သောင်းခွဲ မပြောနဲ့၊ လေးယောက်ပေါင်း ရှစ်ထောင့်ငါးရာ မပြည့်ချင်။

'ဈေးက နည်းနည်းကြီးတယ်နော်၊ အဟင်း… တခြား ဟာလေးတွေ လျှောက်ကြည့်လိုက်ဦးမယ်'

ဝင်းဝင်းမော်က ထုံးစံအတိုင်း အရှုံးကွက်နင်းသည်။

'ကြည့်ပါ ညီမ၊ အေးဆေးပေါ့'

တာဝန်ခံမမက သူတို့နောက် ထက်ကြပ်မကွာလိုက် နေသဖြင့် သူမတို့ အတော်စိတ်အချဉ်ပေါက်နေကြရတော့သည်။

ရောက်လာမှတော့ ပစ္စည်းအစုံကို တစ်ခုမကျန် စပ်စု ပစ်လိုက်ချင်သေးသည်။ ဝယ်နိုင်သလားဆိုတော့ ဟင့်အင်း။ အခုလို တာဝန်ခံမမ သူတို့နောက် စိတ်ရှည်လက်ရှည် ရှင်းပြ နေတဲ့ပုံစံကြီးနဲ့ဆိုရင်တော့ တစ်ခုမဟုတ် တစ်ခု ဝယ်ရတော့ မလိုလည်း ဖြစ်နေပြန်သေးသည်။ ဒုက္ခပါပဲ။

'ဟိုလေ… မော်ဒယ်ရုံနဲ့ မော်ဆရာ ဆောင်းတဲ့ ဦးထုပ် ရှိလား အစ်မ'

'ရှိတယ် ညီမ၊ Halloween Day အတွက် အစ်မတို့ အထူးစပါယ်ရှယ်တင်သွင်းထားတာ'



အင်… ခင်သစ္စာက ဝင်းဝင်းမော်ကို ကြည့်လိုက် သည်။ မရှိတဲ့ဟာကို ရွေးမေးချင်တဲ့ မိန်းမ မှတ်ပြီလားဆိုတဲ့ ရုပ်နဲ့။ ဝင်းဝင်းမော်ကလည်း မျက်နှာပြောင်သည်။ ဟဲဟဲ… ဟဲဟဲနှင့် ထပ်မေးပြန်ပါသည်။

'ဟိုလေ… ကြောက်တော့ ကြောက်စရာကြီးနော် အဟီး၊ ပင်လယ်ဓားပြတွေ စည်းတဲ့ ပဝါနဲ့ မျက်လုံးတစ်ဖက် အုပ်ရော ရှိလား အစ်မ၊ Captain Jack Sparrow လိုလေ'

'ရှိတယ်၊ ရှိတယ်၊ ငွေဖင်ရေ ထုတ်ပြလိုက်ပါဦး၊ ဒါက တော့ ဈေးမကြီးပါဘူး၊ ငါးထောင့်ရှစ်ရာတည်းရယ်'

သေဟ… သေဟ… မရှိတာကို မရှိတဲ့ဆိုင်ကြီးပါ လား။ ဈေးကတော့ မကြီးပါဘူး။ ဒါပေမဲ့ ဒါကြီးတွေကို ဘယ် သွားပြီး ကျုပ်တို့က ဆောင်းရမှာတုံး။

ဝင်းဝင်းမော်တစ်ယောက် ကိုယ့်စကားနဲ့ကိုယ် အချည် ခံရပြီး ပင်လယ်ဓားပြလို ခေါင်းကို ပဝါနှင့်စည်းလိုက်ပြီး မျက်လုံးတစ်ဖက်အုပ်ကာ မှန်ထဲမှာ ကြည့်ရင်း ရယ်ကျဲကျဲနဲ့ နမြတ်၊ ခင်သစ္စာနဲ့ မြူနှင်းစံကို စစ်ကူတောင်းနေစဉ် သူမတို့က လည်း မကူညီတဲ့အပြင် ဝိုင်းဝန်းခေါက်ဖြုတ်လျက်ရှိချေသည်။

'ပင်လယ်ဓားပြနဲ့ တူချင်တာများ ဒါတွေဝယ်နေစရာ မလိုပါဘူး၊ အစ်မတို့ဆိုင်မှာ အရုပ်သေနတ်ရောင်းလား'

'အင်း… ရှိတယ်၊ ရှိတယ်'

'အိုးမည်းရော'

www.burmeseclassic.com



အရောင်းတာဝန်ခံလည်း အခုမှ မျက်လုံးကလေး ပေကလပ် ပေကလပ်ဖြစ်သွားပြီး…

'ဟင်… အိုးမည်း၊ သကြံန်မှာသုတ်တဲ့ အိုးမည်းလား'

'အင်းပေါ့ အစ်မရဲ့'

'အဲ… အဲဒါတော့ မရှိဘူး'

'ရှိတော့ နင်တို့က ဘာလုပ်မလို့လဲ'

ခင်သစ္စာက မြူနှင်းဖဲ့ကို မေးလိုက်သည်။ မသိရင် ပြက်လုံးကို ကြိုပြီးဇာတ်တိုက်ထားတဲ့ လူရွှင်တော်သုံးယောက် အပေးအယူတည့်တည့်နဲ့ ကျန်လူရွှင်တော်တစ်ယောက်ကို ဝိုင်းဖွဲ့နေတဲ့ ပုံ။

'သြော်… ဝင်းဝင်းမော်ကို သေနတ်ပေးလိုက်မယ်လေ၊ နောက်ပြီးတော့ မျက်နှာအိုးမည်းသုတ်ပေးလိုက်၊ အဲဒါဆို ကွက်တိပဲ၊ လုံးဝချွတ်စွပ်ပဲ'

'ဘယ်… ဘယ်လိုချွတ်စွပ်တာလဲ'

'ဆိုမာလီဓားပြပေါ့ဟယ်၊ ဆိုမာလီဓားပြပေါ့၊ ကြည့်ပါလား၊ ဝင်းဝင်းမော်ရုပ်ကို အိုးမည်းသုတ်ပြီး သေနတ်ကလေးကိုင်လိုက်ရင် ဆိုမာလီဓားပြနဲ့ မတူဘူးလား'

'ဟား… ဟား… ဟား… ဟား'

ဘာလေးပြောပြော စကားကြီးစကားကျယ်ပြောတတ်သဖြင့် ဖလော်ဆော်ဖီက ဝင်းဝင်းမော်ကို ရူပဗေဒနဲ့ ဓာတုဗေဒ သုံးယောက်ပေါင်းပြီး အတွေးအခေါ်ကောင်းကောင်းနှင့် ဖဲ့ပေးလိုက်ရာ ဝင်းဝင်းမော်ကလည်း ပွစိပွစိဖြစ်နေလေတော့သည်။



'အေးဟ… နင်ပြောတော့ ဟုတ်သလိုရှိသား၊ တွတ်တယ် အဟီး…'

'ကောင်မတွေ… နင်တို့နော်'

'နောက်ပြီးတော့ သူတို့ အဲဒီပုံစံအတိုင်း ကျောင်းတက်နိုင်းလိုက်၊ သူက ဖလော်ကဆိုတော့ ဒိုင်အောကျိုးနီး(စ်)ပြီးရင် သူက ဒုတိယလိုက်မှာပဲ'

အရောင်းတာဝန်ခံမမက သွားပွတ်တံဝယ်ခြင်း၊ မဝယ်ခြင်းထက် မြူနှင်းဖဲ့စကားကို စိတ်ဝင်စားသွားပြီး…

'ဟင်… ဒိုင်အောကျိုးနီး(စ်)က ပလေတိုနဲ့ ခေတ်ပြိုင်ဒဿနဆရာပဲ၊ နေ့ခင်းကြောင်တောင်မှာ ဖန်မီးအိမ်ကို ဆွဲပြီး ဖြောင့်မတ်တဲ့သူကို လိုက်ရှာတဲ့သူဆိုပြီး နာမည်ကြီးတယ်လေ၊ ညီမ ဘာကိုဆိုလိုတာလဲဟင်'

'တွေ့လား… တို့အစ်မတောင် စိတ်ဝင်စားသွားပြီ၊ ဒီလိုလေ အစ်မရဲ့၊ သူက ဆိုမာလီဓားပြပုံစံနဲ့ သေနတ်ကိုင်၊ မျက်နှာအိုးမည်းသုတ်ပြီး ကျောင်းသွားတက်တယ် ဆိုပါစို့၊ ဆရာကတော့ မေးမှာပဲလေ၊ ဟဲ့… ဝင်းဝင်းမော်၊ နင်ဘာဖြစ်လာတာလဲပေါ့၊ ဒီတော့ သူက ပြန်ပြောလိုက်ပေါ့ ဆရာရယ်၊ သမီး နေ့ခင်းကြောင်တောင်မှာ ဖြောင့်မတ်တဲ့ချစ်သူကို ဓားပြတိုက်ပြီး လိုက်ရှာနေတာ တွေ့လည်း မတွေ့ဘူးဆိုပြီး…'

'ဟယ်…'

'ဟား… ဟား… ဟား… ဟား'

'ကောင်မတွေနော်… နင်တို့နော်'

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ခံရတာ များလာသဖြင့် ဝင်းဝင်းမော် ရှုံ့ရှုံ့ရှဲ့ရှဲ့ ဖြစ်နေစဉ် နုမြတ်က ALEXANDER THE GREAT ဘုရင်၏ လေသံနှင်းပြီး ဝင်းဝင်းမော်ကို မေးလိုက်သည်။

'ကျွန်ုပ်ထံမှ ဘာအလိုရှိပြီး ဘာကိုတောင်းဆိုလိုပါ သလဲ သူငယ်မ'

'ဟင်'

ဝင်းဝင်းမော်ခမျာ ရုတ်တရက်ဆိုတော့ ကြောင်ပြီး ဘာ ပြေရမှန်း မသိ။ မြူနှင်းဖံက သွက်သည်။ သွက်ဆို သူမက စာရေးဆရာမ ဖြစ်ချင်သူမို့ စာတော်တော်များများ ဖတ် ဖူးထားတာကိုး။ ဟိုစပ်စပ် ဒီစပ်စပ်ရှိလှသည်။

ဒီတော့ ဒိုင်အောဂျီးနီး(စ်)ရဲ့ လေသံဖမ်းပြီး ဝင်းဝင်း မော်ကိုယ်စား ပြန်ပြေပေးလိုက်သည်။

'ကွယ်နေတဲ့ သင့်ရဲ့ ခန္ဓာကိုယ်ကို ဘေးဖယ်ပေးပါ၊ ကျွန်ုပ်အတွက် ဘုရားသခင် ချီးမြှင့်လိုက်တဲ့ ကောင်ချောချော လေးတစ်ယောက် မကြာမီ ဆိုင်ထဲကို ဝင်လာတော့မည်'

'ဟင်'

ဒီတစ်ခါ ဟင်သွားသူက နုမြတ်။

မြူနှင်းစကားကြောင့် ယောင်ယမ်းပြီး ဝင်းဝင်းမော် ရှေ့က အဖယ်…။

ဆိုင်ထဲသို့ လိမ့်လိမ့် လိမ့်လိမ့်နဲ့ ဝင်လာလေတဲ့ ပေါင်း ထုပ်ကြီးနဲ့ မိုက်ရှုံ့ရှုံ့ ခပ်ဝဝပန်ချာပီကြီးတစ်ယောက်။

'အာ…'



'ဟယ်တော်'

'ဟား… ဟား… ဟား… ဟား'

ဝင်းဝင်းမော်တစ်ယောက် ရင်ပဲ ခုန်ရတော့မှာလိုလို ဘာလိုလိုနဲ့ ပန်ချာပီကြီး တွေ့သွားပြီး လန့်ဖျပ်သွားသလို သူမ တို့အဖွဲ့ ဘယ်လိုမှထိန်းမနိုင်လောက်အောင် ရယ်ချလိုက်လေတော့ သည်။

ဆိုင်အရောင်းတာဝန်ခံမမဆို နှပ်တွေတောင် ထွက်လို့။

'ဘာလဲဟ… ကောင်မလေးတွေနော်၊ နင်တို့ ငါ့လာမှ ရယ်တယ်၊ ဘာသဘောလဲ'

ပန်ချာပီကြီးကတော့ ဘယ်ကျေနပ်မလဲ။ သူရဲ့ ပေါင်း ထုပ်ကြီးကို လှောင်နေတယ် ထင်တာပေါ့။

'စိတ်မရှိပါနဲ့ရှင်၊ တောင်းပန်ပါတယ်၊ သူတို့က အရမ်း နောက်တတ်လို့ပါ၊ သူတို့ နောက်နေတုန်း အန်ကယ်ရောက်လာ တာနဲ့ တိုက်ဆိုင်သွားလို့ပါ၊ ဘာမှမဟုတ်ပါဘူး'

'မဟုတ်လည်း ပြီးရော'

ပန်ချာပီကြီးခမျာ ဘာပစ္စည်းမှ မကြည့်တော့တဲ့ ဆောင့် အောင့်ပြီး ထွက်သွားသည်။

တော်ပါသေးရဲ့။ စိတ်ဆိုးပြီး သူ့ပေါင်းထုပ်ကြီးနဲ့ ဘယ် သူ့မှ ဗေ့(ခွေ့)မသွားလို့ အဖေ့ခံလို့ကတော့ အသည်းယားလိုက် မယ်ဖြစ်ခြင်း။ စိတ်ဆိုးရခက်၊ ရဲတိုင်ရ ခက်နဲ့။

'အစ်မဆိုင်ထဲဝင်ပြီး နည်းနည်းဗရုတ်ကျသလိုဖြစ်သွား တယ်။ ဆောရီးနော်။ ပွင့်ပွင့်လင်းလင်းပြောရရင် ညီမတို့လက်

www.burmeseclassic.com



ထဲ ပိုက်ဆံများများစားစားပါတာ မဟုတ်ဘူး။ ဒီလိုပဲ လျှောက်ကြည့်နေကြတာ။ အဟီး'

'ဩော်... အင်း... အင်း... ရပါတယ်၊ ညီမတို့နဲ့ စကားပြောရတာ ရယ်ရတယ်'

သို့နှင့်။

ဆိုင်ထဲက ထွက်ကာနီး မြူနှင်းခဲ့ တစ်စုံတစ်ခုကို စိတ်ဝင်စားသွားပြီး ခြေလှမ်းများ တုံ့ခနဲရပ်တန့်သွားရသည်။

'နေဦး... ငါ ဒါလေးစိတ်ဝင်စားတယ်'

သူမ ကောက်ကိုင်လိုက်တာက အနားကွပ်မှာ ငွေမှုန်ထလေးတွေ ကြဲထားတဲ့ ငွေမင်ရောင်မျက်နှာဖုံးစွပ်ကလေးတစ်ခု။

❖

(၃)

ခြောက်ထောင့်ရှစ်ရာတောင်။

မြူနှင်းခဲ့အတွက်ကတော့ ဒီငွေကြေးဟာ နည်းနည်းနောနော မဟုတ်ပါ။ ဆယ်ရက်လောက် မုန့်လုံးဝမစားဘဲ စုမှ ဒီမျက်နှာဖုံးစွပ်ကလေးကို ဝယ်နိုင်လိမ့်မည်။

အခုလည်း သူမလက်ထဲမှာ ငွေက များများစားစားပါမလာ။ လိုချင်လှချည်ရဲ့ဆိုလို့ ဟိုလူက တစ်ထောင်စိုက်၊ ဒီလူက တစ်ထောင်စိုက်နှင့် လေးယောက်ပေါင်း ဖျစ်ညှစ်ထုတ်လိုက်တော့မှ (တစ်မျိုးမထင်ပါနှင့် မိတ်ဆွေ) ငွေခြောက်ထောင့်ရှစ်ရာက ထွက်လာသည်။

ဝင်းဝင်းမော်ကတော့ သူမကို မဟုတ်က ဟုတ်ကဆွေးကြီးပေးဝယ်လာဖြင့် သိပ်ကြည့်မရချင်။ စားသောက်ဆိုင်ကို ရောက်လာတဲ့အထိကို ပွစိပွစိက 'ပြောကောင်းတုန်း။

'ပြောစမ်းပါဦး၊ အရည်မရ အဖတ်မရနဲ့၊ ဘာကြောင့်များ ရပြီး ဒါကြီးဝယ်လာရတာတုံး'

www.burmeseclassic.com

'အရည်ရော အဖတ်ရော လိုချင်မှတော့ ငါက မုန့်ဟင်းခါးဆိုင်ပဲ သွားမှာပေါ့ဟဲ့၊ လောကကြီးမှာ တစ်ခါတလေ ကိုယ်လိုချင်တဲ့အရာဟာ အရည်လည်း မဟုတ်၊ အဖတ်လည်းမဟုတ်တဲ့ အရာတွေ ဖြစ်နေတတ်တယ်၊ သဘောပေါက်လား၊ ဥပမာ အချစ်တို့ ဘာတို့ပေါ့ဟာ၊ အဟီး…'

စာရေးဆရာမ ဖြစ်ချင်သူမို့လားတော့ မသိ။ အပြောကတော့ ကတ်သီးကတ်သတ်နှင့် ပိုင်သည်။

ခင်သစ္စာတို့ကတော့ ရယ်ကျဲကျဲ။ ဒါမျိုးဆို ကြားညပ်မခံ၊ ဝေါင်ဝေါင်က ရှေးပြီးသား။

'နင့်လိုလူစားတွေကို ရည်ရွယ်တာဖြစ်မှာပေါ့၊ အရစ္စတိုတယ် တစ်ခါက ပြောဖူးတယ်'

မြနှင်းစံကလည်း သွက်သည်။ ဝင်းဝင်းမော် အရစ္စတိုတယ်နဲ့ ကိုင်မပေါက်ခင် စကားကို အမြန်ဖြတ်လိုက်ကာ…

'ရေလည်လှတယ်ဟာ… မျက်နှာတစ်ဝက်ကလေးပဲ ဖုံးလို့ရတဲ့ မျက်နှာဖုံးစွပ်ကလေး၊ နှာခေါင်းကလေးကို ကြည့်စမ်း၊ တော့ညွတ်ဖြောင့်စင်းနေတာပဲ၊ ငါက နှာခေါင်းမလှတော့ ဒီလို နှာခေါင်းမျိုးဆို အရမ်းကြိုက်တာ။ ဥရောပမြို့ကြီးသူပုံစံမျိုး။ တစ်ခါတလေကျတော့လည်း မောဟတွေများလွန်းတဲ့ လောကကြီးထဲမှာ နှစ်နဲ့ချီပြီးတော့ကို မျက်နှာဖုံးကလေးစွပ်ထားလိုက်ချင်တယ်၊ တကယ်'

'အေးပေါ့… အီးပါချင်လို့ ကျောင်းအိမ်သာ လူပြည့်တဲ့အခါ တန်းစီပြီး စောင့်နေစရာမလိုတော့ဘူးပေါ့၊ မျက်နှာဖုံး



လေးစွပ်ပြီး ရပ်တည်ကြီးနဲ့ ဆောင့်ကြောင့်ကလေးထိုင်ပြီး ကြိုက်တဲ့ရောပါလိုက်ရုံပဲ၊ ဟီး… ဟီ'

'စားပြကျင့် စားပြကြဲတွေ လာပြောမနေနဲ့ ဆိုမာလီမ'

'အံမယ်… နင်သာ အချစ်တွေ၊ စွန့်စားခန်းတွေ လျှောက်ရေးနေတဲ့ အင်ဒီယားနားဂျုံး(စ်)မ'

'ဟယ်… ကြည့်စမ်း၊ ငါ့ကို ခွပ်တယ်၊ ကပ္ပတိန်ဂျက်စပဲရိုးမ'

'အလန်ကွာတာမိန်း,မ'

'ရောင်ကွန်နရီမ'

'ဂျိမ်းဘွန်း(စ်)မ'

'ကပ္ပတိန်ဆင်းဘတ်မ'

'ဒေါက်တာဇီဗားဂိုးမ'

'ရှားလော့ဟုမ်းမ'

'ဟယ်… တော်ကြပါတော့ ယောက်မတို့ရယ်၊ ခေါင်းစဉ်နည်းနည်းပြောင်းကြရအောင်၊ အဟဲ… မျက်နှာဖုံးတွေကို လူတွေ ဘယ်တုန်းက စသုံးလာကြတယ်ဆိုတာ ဘယ်သူပြောနိုင်သလဲ'

နုမြတ်က အကင်းပါးသည်။ စကားဝိုင်းကို ခေါင်းစီးပြောင်းပေးလိုက်သဖြင့် သကောင့်သမီးများလည်း မျက်နှာဖုံးဘက် စိတ်ရောက်သွားကြကာ ခင်သစ္စာက…

'ငါ့အထင်ပြောရရင်တော့ အီတလီနိုင်ငံ ဗင်နစ်မြို့က

www.burmeseclassic.com

www.burmeseclassic.com



စတယ်ထင်တာပဲ၊ နှစ်စဉ် ဖေဖော်ဝါရီလကုန်ပိုင်းလောက်မှာ ကျင်းပကြတယ်၊ မျက်နှာဖုံးစွပ်ပွဲတော် ဆိုပါတော့ဟာ၊ Dolecvita လို့ခေါ်တယ်၊ အဲဒီမှာ Masearen လို့ခေါ်တဲ့ မျက်နှာဖုံးရောင်းတဲ့ဆိုင်တွေလည်း အများကြီးပဲ'

'အင်း… ဒီပွဲတော်က ငါသိရသလောက်ကတော့ ၁၇ ရာစုကျမှ ခေတ်စားလာတာပါ၊ တကယ်တော့ အဲဒီထက် ရှေ့ပိုကျတယ်ဟ၊ ဂျပန်လူမျိုးတွေ စသုံးကြတာ၊ သူတို့ရဲ့ ရိုးရာပွဲတော်တွေမှာပေါ့၊ ၁၄ ရာစုလောက်ကပဲ'

နုမြတ်နဲ့ ခင်သစ္စာတို့ အပြန်အလှန်ဆွေးနွေးနေကြစဉ် ဝင်းဝင်းမော်ကလည်း ထုံးစံအတိုင်း ဆရာကြီးလေသံနှင့်ကာ…

'မှားတယ်၊ ၁၅ ရာစုကျမှ စသုံးကြတာ၊ ပင်လယ်ဓားပြတွေက စပြီးသုံးခဲ့ကြတယ်လို့ သမိုင်းသုတေသီတွေက ပြောကြတယ်'

'သြော်… ဆိုမာလီက တစ်မျိုး'

'နှင်နော်'

'ဟား… ဟား… ဟား'

အငြင်းအခုံတွေ ရပ်ပြီး စကားဝိုင်းငြိမ်သွားတော့မှ မြူနှင်းဇံက 'ကဲ… ငါပြောလို့ ရပြီလား' နှင့် နိဒါန်းချီလိုက်သည်။

'အင်း… ငါသိရလောက် ပြောရမယ်ဆိုရင်တော့ မျက်နှာဖုံးတွေဟာ ကမ္ဘာဦးကတည်းက စတင်ခဲ့ကြတာပဲ၊ အဲဒီတုန်းက လူတွေဟာ ကိုယ့်ထက် အင်အားကြီးတဲ့အရာတွေကို



ကြောက်ပြီး ကိုးကွယ်ကြတယ်လေ။ နေ၊ ရေ၊ လေ၊ မီး၊ တောတောင်ပေါ့ဟာ။ အဲဒီလို ကိုးကွယ်တဲ့အခါ ပူဇော်ပသတဲ့ ပွဲလမ်းသဘင်တွေ ကျင်းပပြီး မျက်နှာဖုံးစွပ်တွေ စသုံးခဲ့ကြတယ်လို့ အဆိုရှိတယ်'

'သြော်… သြော်…'

'တချို့ သမိုင်းသုတေသီတွေကတော့ ခုနစ်ရာစုလောက်မှာ တရုတ်က စပြီး အစောဆုံးသုံးခဲ့တယ်လို့ ပြောကြတယ်။ ပြီးတော့မှ ဂျပန်ကို ရောက်လာတယ်ပေါ့ဟာ၊ တချို့သမိုင်းဆရာတွေကျတော့လည်း အိန္ဒိယ၊ သို့မဟုတ် အာရီယန်လူမျိုးတွေဆီက ဆင်းသက်လာကြတယ်လို့ ယူဆကြပြန်ရော၊ သမိုင်းဆိုတာ အဲဒီလိုပဲ မှုတွေကွဲနေတတ်တယ်'

'ဟုတ်ပါပြီ စာရေးဆရာမကြီးရယ်၊ ဆက်ပါဦး'

'အဟီး… အဲ… သေချာတာတစ်ခုက တကယ့်နာမည်ကြီး မျက်နှာဖုံးတွေတိုင်းဟာ မှော်စွမ်းအားတွေ၊ ဝိညာဉ်ဓာတ်တွေရှိလို့ တန်ဖိုးကြီး၊ နတ်ကြီးကြတယ်တဲ့။ တို့မြန်မာမှာဆိုရင် ရာမ၊ လက္ခဏာ၊ သီတာ၊ ဒသဂီရိ စတဲ့ မျက်နှာဖုံးတွေပေါ့ဟာ။ ဓာတ်တော်တွေမကခင် ကန်တော့ပွဲတွေ ဘာတွေတင်ရတယ်။ သိမ်းတဲ့အခါမှာလည်း တရိုတသေနဲ့ မြင့်မြတ်တဲ့နေရာမှာ သိမ်းကြရတယ်'

'ဒါတော့ ငါတို့လည်း သိပါတယ်'

'ဂျပန်မှာဆို အိုကီနာမျက်နှာဖုံး၊ နတ်ဘုရားနဲ့ တန်းတူသဘောထားပြီး ဘုရားကျောင်းမှာ တစ်နှစ်ပတ်လုံးကိုးကွယ်ပူဇော်ကြရတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါတော့ ငါတို့ မသိဘူး'

လေးယောက်သား ရယ်မောလိုက်ကြပြန်သည်။ သူမက ဆက်ပြီး…

'ခင်သစ္စာ ပြောတဲ့ ဗင်းနစ်မြို့က မျက်နှာဖုံးစွပ်ပွဲတော်က ကျော်ကြားတာတော့ မှန်တယ်၊ တို့ အရှေ့တောင်အာရှက တချို့မျက်နှာဖုံးပွဲတော်တွေက ရှေးပိုရောက်တယ်၊ အင်း… ထင်ရှားတဲ့ မျက်နှာဖုံးတွေကို ပြောရမယ်ဆိုရင် ဆင်ဦးခေါင်းစွပ်တဲ့ နတ် 'ဂင်နီရှာ'၊ မဟီရှာဆာဝိညာဉ်ဆိုး၊ ဟာကူမာဘတ်တစ္ဆေ'

'အမလေး.. နင့်ဟာတွေကလည်း'

'နတ်မိစ္ဆာမ တာရာကာ၊ ခေါင်းသုံးလုံးဘီလူး၊ နတ်ဘုရားမ၊ မိခင်ဒါရဂါ၊ မဒူကိတ်တစ် ဝိညာဉ်ဆိုး'

'တော်ပါတော့ဟာ… ကြက်သီးတွေတောင် ထလာပြီ'

'ဟား… ဟား… ဟား… ဟား… ဒါတောင် အများကြီးကျန်သေးတယ်'

သူမက ထိုသို့ ချက်နှင့်လက်နှင့် ရှင်းပြတော့ ကျန်သူငယ်ချင်းများက မျက်လုံးကလေး ပေကလပ် ပေကလပ်နှင့်…

အဲဒီအထဲကမှ နည်းနည်းအထင်ကြီးသွားတဲ့ နုမြတ်က…

'ဒါထက် နင့်ဝတ္ထုတွေ ဘယ်တော့လောက်ထွက်မယ် ပြောလဲဟင်'



'နှစ်လလောက်နေရင် ထွက်မယ်လို့တော့ ထုတ်ဝေသူက ပြောတာပဲ၊ ဘာဖြစ်လို့လဲ'

'ဩော်… နင်က စာဖတ်အား အရမ်းကောင်းတော့ နင်ရေးတဲ့ဝတ္ထုတွေဆို အရမ်းဖတ်လို့ကောင်းမှာပဲလို့'

'အင်း… စာဖတ်အားတစ်ခုတည်း အားကိုးတာတော့ မဟုတ်ဘူး၊ ကိုယ်ယုံကြည်တာတစ်ခုလည်း လုပ်သေးတယ်'

'ဘာလုပ်တာလဲ'

ဒီတစ်ခါ မေးသူက ဝင်းဝင်းမော်…

'ဖရန့်စစ်ဘေကွန်တို့၊ စပင်နိုဇာတို့၊ ဒေးဗစ်ဟယ်ွမ်းတို့နဲ့တော့ ကိုင်မပေါက်နဲ့နော်၊ နင်က ဒဿနဆိုတော့ နည်းနည်းကြောက်တယ်၊ ဘာတဲ့၊ ငါကြားဖူးတာ ဒဿနက လာသူ ပြာပူမကြောက်ဆိုလား'

'ငရဲကလာသူ ပြာပူမကြောက်ပါဟယ်၊ နင်ကလည်း၊ နင်ပြောလိုက်တော့မှ ငါတို့ ဒဿနကကျောင်းသူတွေက ငရဲက လာတာကျနေတာပဲ'

'ဩော်… အေး… ဟုတ်သား'

'ကဲ… ပြောပါ၊ ငါစိတ်မရှည်တော့ဘူး၊ နင်ယုံကြည်တာတစ်ခုလုပ်တယ်ဆိုတာ ဘာလဲ'

သူမက စကားကို ဆောစောကလို ပြောင်တိပြောင်စပ် မပြောတော့ဘဲ တည်ငြိမ်လေးနက်စွာဖြင့်…

'ငါ စာရေးလိုက်တဲ့ခါမှာ မျက်နှာဖုံးအမြဲစွပ်တယ်'

'ဟင်…'

www.burmeseclassic.com

www.burmeseclassic.com



'အဲ...'

'ဟုတ်လား၊ ဘာအခိပ္ပာယ်လဲ'

သူမစကားကြောင့် သုံးယောက်သား အံ့အားသင့်သွားကြသည်။ ဒီတော့ သူမကလည်း နည်းနည်းရှက်ကိုးရှက်ကန်း ဖြစ်သွားပြီး...

'အင်း... ဘယ်လိုတောင်ရှင်းပြရမလဲ မသိဘူး'

'ပြောတတ်သလို ပြောစမ်းပါ၊ နင်ကလည်း'

'ကြီးကြီးကျယ်ကျယ်ပြောရရင်တော့ ကိုယ့်ရဲ့ မူရင်းဝိညာဉ်ကို ချလိုက်တယ် ဆိုပါတော့၊ အဲ... နိမ့်ချပြောရရင်တော့ အဟီး... ချစ်ခန်း၊ ကြိုက်ခန်း ရေးတဲ့အခါ ကိုယ့်ရဲ့ အဆီတဝင်းဝင်း စပ်ဖြဲဖြဲဖြစ်နေတဲ့ မျက်နှာကို လူမမြင်အောင်လို့...'

'အယ်...'

'ဟား... ဟား... ဟား... ဟား'

'အံမယ်... နင်က ချစ်ခန်း၊ ကြိုက်ခန်းတွေ ရေးတတ်လို့လား၊ ရည်းစားလည်း မထားဖူးဘဲနဲ့'

'ဒါလေးများ'

'ကဲ... ဒါဖြင့် ဘယ်လို mood ထည့်ပြီး ရေးလဲ၊ ပြော'

'နွတ်ပဲ'

'ပြောပါဆို'

'ဖက်လုံးကြီး ဖက်ပြီး ခုတင်ပေါ် နှစ်ပတ်၊ သုံးပတ် လိမ့်လိုက်ရုံနဲ့ ငါ့ခေါင်းထဲက အိုင်ဒီယာတွေ ထွက်လာတာပဲ'



'အာ... မိုက်တယ်ဟေ့'

'ဒါက လျှို့ဝှက်ချက်'

'အေး... အဲဒါကြောင့်ဖြစ်မယ်ဟာ၊ ဇန်ဇန် ဟိုတလောတုန်းက ကျောင်းကို နဖူးပလာစတာကပ်ပြီး လာတာ ချစ်ခန်းကြိုက်ခန်းရေးတာများပြီး ခုတင်ပေါ်က ပြုတ်ကျတာဖြစ်မယ်'

'ဟား... ဟား... ဟား... ဟား...'

သူငယ်ချင်းသုံးယောက် သူမကို ဝိုင်းဝန်းနှိပ်ကြရာ သူမကတော့ မရယ်ဘဲ ရုပ်တည်ကြီးနှင့် တိတ်တိတ်ငြိမ်နေရန် အချက်ပြလိုက်သည်။

'ရှူး'

'ဘာလဲဟဲ့'

'မရယ်မိစေနဲ့၊ တိတ်တိတ်နေ'

'ဘာဖြစ်လို့လဲ'

'ဟိုမှာ မတွေ့ဘူးလား၊ ဝင်းဝင်းမော်ဘဲကြီး ဒီရှေ့ကို ဖြတ်လျှောက်လာပြီ၊ တော်ကြာ သူဖြတ်လျှောက်လို့ ဒီတစ်ခါ ရယ်တာနဲ့ကြုံရင် စိတ်ဆိုးပြီး သူ့ပန်ချာပီပေါင်းထုပ်ကြီးနဲ့ တို့ကို ပွက်လိမ့်မယ်၊ မကြောက်ဘူးလား'

'အဲ...'

သို့မှ ကျန်သူငယ်ချင်းများမှာ မျက်နှာပိုးသတ်သွားပြီး စကားလေးများ ပုထားလိုက်ရတော့သည်။

ဇန်ဇန်ဆိုတဲ့ မြူနှင်းဇံဟာ အဲဒီလိုပါပဲ။

မျက်လုံးက မကြည့်ဘဲလည်း အရာရာကို မြင်နေတတ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ sense သိပ်ကောင်းသည်။ သူမကို သူငယ်ချင်းများအားလုံးက လျှော့မတွက်ရဲကြ။

နောက်တော့မှ နုမြတ်က…

'ဇန့်ဇန့်'

'ဘာလဲ'

နုမြတ်က ပြောသင့်၊ မပြောသင့် ချင့်ချိန်လိုက်ပြီး…

'ဟို… နင် ငါတို့မြို့ကို လိုက်လည်ပါလား၊ ဒီတစ်ခါ စာမေးပွဲဖြေပြီးရင်'

'အင်း… ကောင်းသားပဲ၊ ထူးထူးခြားခြား ဘာတွေရှိလို့လဲ'

'အင်း… ရှိတယ်လို့ ပြောလို့ရတယ်'

'ဘာတွေလဲ'

'ငါတို့မြို့မှာ လူတစ်ယောက်ရှိတယ်၊ အဲ… အဲဒါတွေက ထားပါ၊ ဟိုလေ ငါတို့မြို့မှာ မျက်နှာဖုံးစွပ်ပွဲတော်ရှိတယ်'

'ဘာ…'

❖

## (၄)

မြို့ကလေးရဲ့ စာတိုက်မှူးကြီး အလွန်တရာ စိတ်ညစ်နေသည်။ ဖြစ်လာတဲ့ အခြေအနေတွေပေါ် မူတည်ပြီး ဒဿနတွေလည်း တစ်မျိုးပြီးတစ်မျိုး ဖွင့်နေလိုက်သေးသည်။ ရုံးခန်းထဲမှာတော့ သူက လွဲပြီး တစ်ယောက်မှ မရှိ။ သူ့ဘာသာသူ စကားတွေပြောလို့ပေါ့။

'အင်း… တစ်ခါတလေကျတော့လည်း ပြဿနာတို့၊ ကြိုဟ်ဆိုးတို့ဆိုတာတွေဟာ လက်ဆောင်ပစ္စည်းအသွင်ဆောင်ပြီးလည်း ကိုယ်လို ဘုရား၊ တရားသမားဆီတောင် ရောက်လာတတ်တာပဲနော်၊ ဟင်း…'

အဘိုးကြီးက သက်ပြင်းရှည်ကြီးကိုချကာ သူ့နှုတ်ခမ်းမွှေးကြီးကို ပွတ်လိုက်သည်။

မြို့တော်ဝန်က ဝန်ထမ်းများကို လာဘ်မယူဖို့နှင့် လာဘ်ယူမိလျှင် ထိထိရောက်ရောက်အရေးယူမည်ဖြစ်ကြောင်း ပြင်းပြင်းထန်ထန်သတိပေးပြီး သိပ်မကြာမီ စာတိုက်သို့ လိပ်မူပြီး ဝါဆယ်တစ်ထုပ် ရောက်လာသည်။

www.burmeseclassic.com



မည်သူမည်ဝါ တပ်မထားဘဲ စာတိုက်သို့သာ လိပ်မူထားသဖြင့် ဝန်ထမ်းများကလည်း မယူထားရဲကြဘဲ စာတိုက်မှူးကြီးရုံးခန်းသို့သာ ပို့ပေးလိုက်ကြသည်။

ပြဿနာက အဲဒီကနေ စတင်လေတော့၏။

ဖွင့်ကြည့်လိုက်တော့ ကျောက်စိမ်းအရည်ကောင်းကောင်းနှင့် ထုဆစ်ထားတဲ့ နတ်သမီးရုပ်တုတစ်ခု။ တန်ဖိုးလည်းကြီး၊ လှလည်း လှကာ မက်လည်း မက်မောလောက်ပါပေသည်။

စာတိုက်မှာ ထူးထူးခြားခြားကိစ္စများ မကြာခဏဆိုသလို ကြုံရတတ်သည်။ စာအိတ်ဖွင့်လိုက်တော့မှ မေ့မြောသွားတာမျိုး၊ ရူးသွပ်သွားတာမျိုး၊ အသက်ရှူကျပ်ပြီး သေသွားတာမျိုး သဖြင့်ပေါ့။

အခုလည်း စာတိုက်မှူးဆီ ပဟေဠိဆန်လှသော အဖိုးထိုက်လက်ဆောင်တစ်ခုက ရောက်ရှိလာသည်။ အဘိုးကြီးကအသက်လည်း ကြီးပါပြီ။ ပင်စင်နားနီးမှ ပြဿနာလည်း မတက်ချင်။

လိပ်စာအတိုင်း ပြန်ပို့ပေးလိုက်ဖို့ကျပြန်တော့လည်း အခြေအနေက ထိုသို့မပေးချေ။

အကြောင်းမှာ နတ်သမီးရုပ်တုလေးခမျာ (လမ်းမှာတစ်ခုတစ်ရာနဲ့များ ထိခိုက်လာခဲ့လေသလား မပြောတတ်။) ဦးခေါင်းက ကျိုးနေပြီးမှ စာတိုက်မှူးကြီးဆီ ရောက်လာသည်။

ရှင်းရှင်းပြောရရင်တော့ နတ်သမီးခေါင်းပြတ်ကြီးပေါ့။

အဘိုးကြီးခမျာ ပြဿနာကနေ လွတ်လွတ်ကျွတ်ကျွတ်



ရှောင်ရှားလိုသော်လည်း ကျဉ်းထဲကျပ်ထဲ ရောက်နေရပြန်သည်။

'ဟင်း… ယူထားပြန်ရင်လည်း ငါက လာဘ်စားတယ်ဖြစ်ဦးမယ်၊ ဒီလောက် တန်ဖိုးကြီးတဲ့ ရတနာရုပ်တုကြီးကိုပို့တဲ့သူက ငါ့ကို မလိုတဲ့သူဆိုရင်တော့ ဒုက္ခပဲ။ တော်ကြာပြန်ပို့ပေးလိုက်တော့မှ ခေါင်းက ကျိုးနေလို့ စာတိုက်ရဲ့ဝန်ဆောင်မှု ညံ့ဖျင်းပါတယ်ဆိုပြီး ဒီရုပ်တုကြီးနဲ့ သက်သေပြပြီး ဆိုင်ရာကို တိုင်နေမှ ငါကျွိုင်ပတ်နေဦးမယ်၊ ဟိုဘက်ကို သွားပြန်တော့လည်း 'မြင်း'၊ ဒီဘက်က တက်မယ်ဆိုတော့လည်း 'ရဲတိုက်'။ ဟင်း… ငါတော့ ခွချက် chess မိနေပြီ'

စာတိုက်မှူးကြီးခမျာ ထိုသို့ ချီတုံချတုံ အခက်တွေ့နေစဉ် ဝန်ထမ်းတစ်ယောက် ရုံးခန်းထဲဝင်ခွင့်တောင်းကာပြီး…

'ဆရာ…'

'ဟေ…'

'ဟိုလူလေ… သူ့ကောင်မလေးဆီ စာထည့်ပြန်ပြီ'

'ပို့လိုက်ပေါ့ကွာ'

'အာ… ဆရာကလည်း ဟို… ဟိုလူပါဆို'

ဝန်ထမ်းလေးက ကြောက်ကြောက်လန့်လန့်နဲ့ ပြောလေတော့ အဘိုးကြီး နည်းနည်းဒေါပွသွားပြီး…

'ဟဲ့… ဘယ်လူလဲ၊ ဘယ်က ကောင်မလေးလဲ'

'ဇွဲထန် ဆရာရဲ့၊ ဟိုတလောက သရဲမ၊ အဲလေ… မသာမ ဩော်… အသုံးအနှုန်းက နည်းနည်းကြမ်းသွားပြန်ပြီ၊ ဆောရီး ဆရာရယ်၊ သေသွားတဲ့ချစ်သူရဲ့ ရုပ်အလောင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ခဲ့တဲ့ ခပ်ဆန်းဆန်းလူ၊ အခုလည်း အဲဒီကောင်မလေး နာမည်နဲ့ လိပ်မူပြီး စာတိုက်မှာ စာလာကမ်းသွားတယ်'

'ဘုရားရေ… ငါတို့က တမလွန်အထိ စာလိုက်ပို့ပေးရမှာလား၊ ငါတို့စာတိုက်ကိုများ လူတွေ ဘာထင်နေကြတယ် မသိဘူး၊ ဒီကောင် တော်တော်ကိုးလိုးကန့်လန့်လုပ်တဲ့သူပဲ'

'ဖြစ်နိုင်ပါတယ် ဆရာ၊ ကြည့်ရတာ မော်ဒန်ဝတ္ထုတွေ ဖတ်တယ်ထင်ပါရဲ့'

'စိတ်ညစ်ရတဲ့ကြားထဲ မင်းကတစ်မျိုး'

'သူ့လုပ်ပုံတွေကိုလည်း ကြည့်ဦးလေ၊ အသုဘနဲ့ လက်ထပ်တယ်၊ သင်္ဂြိုဟ်ခါနီးကျမှ စိတ်ပြောင်းသွားပြီဆိုပြီး အလောင်းကို မပုပ်မသိုးအောင် စီမံပြီး ဘုရားရှိခိုးကျောင်းဝင်းထဲမှာ ထားလိုက်တယ်၊ လက်ခံထားတဲ့ ဘုန်းတော်ကြီးတော့ ဘယ်လိုနေမယ် မသိဘူး'

'အရင်ကထက်စာရင်တော့ ဘုရားစာပို့ရွတ်လာမှာပေါ့၊ သူက ငါ့ငယ်ပေါင်းပဲ၊ သရဲကြောက်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး'

'အင်… ဟုတ်လား'

'သူများအတင်း နှစ်ခါမပြောချင်ဘူး'

'ဒါဆို ဘုန်းတော်ကြီးတော့ စိတ်ညစ်ရပြီပေါ့'

'အေးပေါ့… အခုတော့ ငါစိတ်ညစ်အလှည့်ပေါ့၊ ခွဲထန်၊ ခွဲထန်၊ ဒါ့ထက် ဒီကောင် ဒီမြို့က Myth ဟိုတယ်မှာ ညတိုင်း စန္ဒရားတီးတယ်မဟုတ်လား'



'ဟုတ်တယ်လေ ဆရာရဲ့၊ သူက Pianist ပဲဟာ'

'ဟင်း… အနုပညာသမားများ တယ်လည်းရှုပ်ကြတာပဲ၊ ဘုန်းကြီးသွားပြီး ဒုက္ခပေးလို့ အားမရလို့ အလောင်းကို ဆေးရည်စိမ်ဖို့ ရိုးရာနတ်ဆရာတွေကိုရော ဒေါက်တာလင်းသန့်ကိုပါ လှည့်ဒုက္ခပေးလိုက်သေးတယ်၊ ဟော… အခုကျတော့ စာတိုက်ကနေ သူ့ကောင်မလေးဆီ စာပို့သတဲ့၊ ကောင်မလေးရဲ့ မိသားစုဝင်တွေက ဒီမြို့ကနေ ထွက်သွားကြပြီ၊ ကဲ… ဒီစာကို ငါတို့က ဘယ်သွားပို့ပေးရမလဲ၊ ကောင်းကင်ဘုံလား၊ ငရဲလား၊ မင်းတို့တွေလည်း အတွင်းအားတွေ ဘာတွေ ကျင့်ကြ၊ ဒါမှ အကြားအမြင်ပေါက်ပြီး သေတဲ့သူတွေရှိတဲ့နေရာ သိအောင်လို့'

'အာ… ဆရာကလည်း'

ဝန်ထမ်းက အဘိုးကြီးကို ကြည့်ပြီး ရယ်ကျဲကျဲနှင့် ခေါင်းကုတ်လေသည်။

'ကဲ… ပြောစမ်း၊ သူ့စာ ဒီမှာ ဘယ်နှစောင်ရှိလဲ'

'နှစ်စောင် ဆရာ၊ ဒါ ဒုတိယအကြိမ်ရောက်လာတာ'

ထိုစဉ် စာတိုက်မှူးကြီးရဲ့ ရုံးခန်းတံခါးကို အပြင်က ခေါက်လာတာမို့…

'ဝင်ခဲ့ပါ'

ဝန်ထမ်းတစ်ယောက် လျှောက်လွှာစာရွက်တစ်ရွက်ကို ကိုင်ကာ ရောက်ရှိလာပြီး…

'ဆရာ… ဒီပြဿနာကို ကျွန်တော်တို့ ဖြေရှင်းနိုင်မည့်နည်းလမ်းတစ်ခုတော့ တွေ့ပြီ'

www.burmeseclassic.com



'ဆိုစမ်းပါဦး၊ ဘယ်လိုဖြေရှင်းမှာလဲ'

'ကျွန်တော်တို့မြို့ရဲ့ မျက်နှာဖုံးစွပ်အောင်ပွဲကို တခြားမြို့က လာပြီး တက်ရောက်ကြတဲ့ ဧည့်သည်စာရင်းထဲမှာ ဖွဲ့ထန်ကောင်မလေးနာမည်နဲ့ ကွက်တိတူတဲ့ ကောင်မလေးတစ်ယောက်ပါလာတယ် ဆရာ၊ သူ့ဆီကိုပဲ ကျွန်တော်တို့ ဖွဲ့ထန်ရဲ့ စာကိုပို့လိုက်ကြတာပေါ့'

'ဟော....'

❖

## (၅)

နွေဦးဟာ မြောက်ပြန်လေညင်းများကို မြို့ကလေးဆီကနေ ညင်သာစွာပုတ်ထုတ်လိုက်ပြီး သူ့ရဲ့ဂုဏ်သိက္ခာကို အဖတ်ဆည်ရန်အလို့ငှာ စွယ်တော်ပွင့်တို့ကို အစွမ်းကုန်ပွင့်စေလျက် မြို့ကလေးဆီသို့ သိမ်မွေ့စွာရောက်ရှိလာသည်။

ဖေဖော်ဝါရီ ၇ ရက်နေ့။

မြို့ကလေးမှာ ရှိတဲ့ လူတွေအားလုံး ကိုယ့်စိတ်ကူးနှင့်ကိုယ် ရူးသွပ်ကြတော့မည်။ နှစ်စဉ် ထိုနေ့သို့ရောက်တိုင်း မြို့ကလေးမှာ မျက်နှာဖုံးစွပ်ပွဲတော်ကို ခြိမ့်ခြိမ့်သဲကျင်းပကြသည်။

ပွဲတော်ရဲ့ အထွတ်အထိပ်ဆုံးကာလက ညသန်းခေါင်ယံကောင်းကင်မှာ ကြယ်တွေ၊ နက္ခတ်တွေ စုံတဲ့အချိန်။

မြို့ကလေးမှာ နေထိုင်ကြတဲ့ လူကြီး လူငယ် ကလေးသူငယ်ပါမကျန် မျက်နှာဖုံးစွပ်အမျိုးမျိုးကို စွပ်ကာ မြို့ကလေးရဲ့ အထင်ကရလမ်းမများဆီထွက်၍ ပွဲတော်ကို နွှဲပျော်ကြသည်။

လူငယ်တွေအတွက်ကတော့ တကယ့်ကို ရင်ခုန်စရာပွဲတော်ကြီးတစ်ခုပါပဲ။ ကိုယ့်မျက်နှာကို ဘယ်သူမှ မမြင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဖုံးအုပ်ပြီး စိတ်ထင်တိုင်း မီးကုန်ယမ်းကုန်သောင်းကျန်းပိုင်ခွင့်ရှိတဲ့ ပွဲတော်တစ်ခုမဟုတ်ပါလား။

မျောက်မျက်နှာဖုံးစွပ်ပြီး လမ်းပေါ်မှာ မျောက်တစ်ကောင်လို ကွေးနေအောင် ကချင်သလား။ နည်းနည်းကိန်းကြီးခန်းကြီး ဆန်လိုလျှင် မင်းသားမျက်နှာဖုံးကလေးစွပ်ပြီး သက်ဦးဆံပိုင်ရွှေမင်းသားတစ်ပါးလို ကြွကြွရွရွကလေး လမ်းပေါ်ကို ထွက်ပေါ့။ ကိုယ်ချဲ့ရင် ချဲ့နိုင်သလို နောက်မှာ ငယ်ကျွန်လုပ်မယ့်သူတွေကိုပါ သင့်တော်တဲ့မျက်နှာဖုံးတွေ စွပ်ပြီး ခေါ်ခဲ့လိုက်ဦး။ ရတယ်။

အဲ... ကောင်မလေးတွေကျတော့ရော သူတို့ရဲ့ စိတ်ကူးစိတ်သန်းတွေအတိုင်း အရူးထကြပေါ့။ စင်ဒရဲလားလို ရှည်လျားတဲ့ ဂါဝန်ဖားဖားကြီးဝတ်ပြီး မျက်နှာဖုံးလှလှကလေးစွပ်လို့၊ ခြေတစ်ဖက်ကို ဘာမှမစီးဘဲ ထားပြီး ကျန်တစ်ဖက်မှာတော့ ဖန်ဖေါက်ဖိနပ်လှလှကလေးစီးကာ မြို့ထဲကို ထွက်ခဲ့ပေါ့။

ပွဲတော်ပြီးသွားရင်တော့ သူမအတွက် ဖာတ်လမ်းလှလှကလေး ကျန်ခဲ့မှာတော့ အသေအချာပဲ။ လမ်းပေါ်က စင်ဒရဲလားတွေနဲ့ နီးစပ်လိုတဲ့ ကောင်လေးတွေကလည်း ရွှေမင်းသားတစ်ပါးလို ဝတ်ဆင်ပြီး လှပတဲ့ မျက်နှာဖုံးတွေ စွပ်လို ဖန်ဖေါက်ဖိနပ်တစ်ဖက်ကို ကိုင်ပြီး ပွဲတော်ဆီ ရောက်လာခဲ့ကြမှာပဲလေ။

ဒါ မျက်နှာဖုံးစွပ်ပွဲတော်ရဲ့ လှုငယ်တွေအထာပါပဲ။

အဲ... ပွဲတော်ရဲ့ စည်းကမ်းချက်ကတော့ ကောင်လေးနဲ့ ကောင်မလေး ဘယ်လိုနည်းနဲ့ပဲ တွေ့ဆုံ တွေ့ဆုံ ပွဲတော်တစ်ညလုံး ကိုယ့်မျက်နှာဖုံးကို ချွတ်ပြခွင့်မရှိဘူးဆိုတာပါပဲ။



ဒါကိုလည်း မြို့ကလေးရဲ့ လူတွေအားလုံးက ရင်ခုန်စရာတစ်ခုအဖြစ် လိုက်နာကြပါတယ်။

ဒါပေမဲ့ သူနဲ့ကိုယ် ပွဲတော်ပြီးသွားရင် မှတ်မိကြဖို့အတွက်ကိုတော့ စကားဝှက်တို့၊ ဖုန်းတို့၊ လိပ်စာတို့ စတဲ့ သဲလွန်စတွေတော့ ချန်ထားခဲ့ရတာပေါ့။

ပွဲတော်ပြီးသွားလို့ နောက်တစ်နေ့ရောက်တော့မှ ကိုယ့်ရဲ့ ရင်ခုန်မှုအတိမ်အနက်အပေါ် မူတည်ပြီး အပြင်မှာ ချိန်းတွေ့ကြပေါ့။ အဲ... ကိုယ်က သိပ်ကံဆိုးပြီး ကိုယ့်ရဲ့မျက်နှာဖုံးစွပ်အဖော်က ရုပ်ဆိုးနေတာမျိုး၊ အသက်ကြီးနေတာမျိုး၊ ကိုယ်ဘယ်လိုမှ ရင်မခုန်နိုင်တာမျိုးနဲ့ ကြုံရင်တော့...

'အစ်မကြီးကို ခင်ပါတယ်' 'မောင်လေးလို သဘောထားလိုက်တော့မယ်နော်' 'တို့အစ်ကိုကြီးက ချောသားပဲ၊ ကျွန်မတို့အိမ်ဘေးမှာ အပျိုကြီးမမတစ်ယောက်ရှိတယ်၊ နောက်မှ မိတ်ဆက်ပေးရဦးမယ်' 'အကူအညီလိုရင် ဖုန်းဆက်လိုက်ပေါ့နော်' စသဖြင့် အရှုံးကွက်နင်းပြီး လျှော့လိုက်ကြရုံပေါ့။

ဒါမျိုးတွေဆို လူငယ်တွေ ကျွမ်းပြီးသားပါ။

ကဲ... သင်တို့ဆိုရင်ရော ဒီမြို့ကလေးရဲ့ ရင်ခုန်စရာ မျက်နှာဖုံးစွပ်ပွဲတော်ကို ခန္ဓပျော်ချင်ဘူးလား။

မြို့ကလေးကိုလည်း ကြည့်လိုက်ပါဦး။

မှောင်ရိပ်သန်းပြီဆိုတာနဲ့ လူတွေအားလုံး ကိုယ့်စိတ်ကူးအိပ်မက်နဲ့ ကိုယ် ရူးသွပ်ကခုန်ပြီး မြို့ကလေးရဲ့ အထင်ကရလမ်းတွေပေါ် ထွက်လာကြပြီလေ။

❖

www.burmeseclassic.com

www.burmeseclassic.com

## (၆)

နုမြတ်က ဖိတ်ခေါ်တာကြောင့် ဒုတိယနှစ်စာမေးပွဲဖြေအပြီး ကျောင်းကြီးပိတ်သည်နှင့် သူမတို့ သူငယ်ချင်းတွေအားလုံး မျက်နှာဖုံးစွပ်ပွဲတော်ရှိရာ မြို့ကလေးဆီ ရောက်ရှိလာကြသည်။

တစ်ခါမှ မကြုံဖူးတဲ့ ပွဲတော်မို့ ပျော်ရွှင်စရာလည်းကောင်းသလို ရင်ခုန်စရာလည်း ကောင်းပါသည်။

ဇန်ဇန်ကတော့ ကောင်းကင်ကြီးကို တစ်ချက်မော့ကြည့်လိုက်ကာ အတော်လေးအံ့အားသင့်သွားပြီး...

'ဟဲ့... နုမြတ်၊ ကြယ်တွေစုံလှချေလား၊ တချို့ကြယ်တွေဆို ငါတစ်ခါမှမမြင်ဖူးဘူး၊ တကယ်'

'ဟုတ်တယ်၊ ညဦးနက်လာလေလေ ကြယ်တွေပိုစုံလာလေလေပဲ၊ နင်တို့ တစ်ခါမှမမြင်ဖူးတဲ့ ကြယ်တွေ ထပ်ထွက်လာလိမ့်ဦးမယ်၊ ညဦးနက်လေ ကြယ်တွေပိုစုံလေပဲ'

'ပျော်စရာကြီးဟာ... ငါတို့အတွက်တော့ တကယ့်ကိုအထူးအဆန်းပဲ'



သူမတို့တစ်တွေ ရင်ခုန်ပြီး ပျော်ရွှင်နေကြတာတော့မှန်သည်။ သို့သော် တစ်ရွာသားကို ရည်းစားမလုပ်လို၍ ခင်သစ္စာကတော့ ဇာတ်လမ်းမဖြစ်ရင် ပြီးရောဆိုပြီး အဘွားအိုတစ်ယောက်လို ဝတ်စားဆင်ယင်ကာ အဘွားကြီးအိုမျက်နှာဖုံးစွပ်ပြီး ခါးကုန်းကုန်းလမ်းလျှောက်နေရတာမို့ ဇန်ဇန်က ဖင်ဆောင့်၍ ကန်ပစ်ချင်နေသည်။

အင်း.. ဝင်းဝင်းမော်လည်း ဘာထူးလဲ။ သားပိုက်ကောင်မျက်နှာဖုံးကြီးစွပ်ပြီး ခုန်ဆွခုန်ဆွ လမ်းလျှောက်နေရသည်။ သူ့အထင်ကြီးလေးစားတဲ့ သောမတ်(စ်)အကျိုင်းနတ်တို့ဘာထရန့်ရပ်ဆယ်တို့က အရေးကြုံရင် ဒီလို ခုန်ဆွခုန်နဆွနင်းဖို့များ သင်ပေးထားလေသလား မသိ။

နုမြတ်ကတော့ မြို့ခံမို့လား မသိ။ ပွဲတော်နဲ့ပတ်သက်ပြီး အကြောက်အလန့် တစ်စုံတစ်ရာမရှိဘဲ ပန်းနုရောင်မျက်နှာဖုံးလှလှကလေးကိုသာ စွပ်ထားသည်။

သူမကတော့ ထူးဆန်းတွေလာပစ္စည်းများ ရောင်းချသည့်ဆိုင်က ဝယ်ထားသည့် ငွေမင်ရောင်တစ်ဝက်မျက်နှာဖုံးလှလှကလေးစွပ်ထားပြီး မျက်နှာဖုံးနဲ့ လိုက်ဖက်မယ့် ဂါဝန်ဖြူဖြူကားကားကလေးကို ဝတ်ဆင်ထားသည်မို့ ခပ်ဟော့ဟော့ခေတ်မီသတို့သမီးလှလှကလေးတစ်ယောက်နှင့် တူနေလေတော့သည်။

'နင်တို့နှစ်ယောက်သိပ်အဖြစ်သည်းတာပဲ၊ တစ်ယောက်ကလည်း ခါးကုန်းကုန်းကြီး၊ တစ်ယောက်ကလည်း ကော့တော့

www.burmeseclassic.com

www.burmeseclassic.com



ကော့တော့နဲ့၊ နင်တို့နှစ်ယောက်လုပ်တော့မှ ငါတို့ကို လူတွေ ပိုသတိထားမိတယ်၊ တကယ်၊ ဘယ်လိုဟာမတွေမှန်းကို မသိဘူး'

ဇန်ဇန်က ပွစိပွစိဖြစ်နေသည်။

ခင်သစ္စာကတော့ မျက်နှာပြောင်ပြောင်နှင့် ခါးကို ကုန်းထားလို့ အားမရသေးတဲ့အပြင် အမယ်အိုကြီးလို တုံတုံချည့်ချည့် လေသံကြီးနှင့်…

'အ… ဘွား… တို့… က… အသက်ကြီးတော့ ကြောက်… တတ်လာပြီ မြေးကလေး… တို့… ရယ်၊ အဟွတ်… အဟွတ်…. ဒီအရွယ်… ကြီး… ရောက်တော့မှ … ရည်းစားလည်း အ… ရ… မခံ… နိုင်ဘူး။ ယောကျ်ား … လည်း… မလိုချင်တော့… ပါဘူးကွယ်၊ အမောလည်း… မခံနိုင်… တော့… ပါဘူး၊ အဲလေ… ယောင်… လို့… အဟွတ်… အဟွတ်… ဟီး… ဟီး…'

'ပေါလိုက်တာဟယ်၊ ပေါကို ပေါနိုင်လွန်းတယ်'

ဇန်ဇန်က သူမကို ကောင်းချီးပေးနေစဉ် မျက်နှာဖုံးစွပ်ထားတဲ့ လူအုပ်ကြီးထဲကနေ ခင်သစ္စာလိုပဲ အဘိုးအိုယောင်ဆောင်ထားတဲ့ ခါးကုန်းကုန်းနဲ့ လူတစ်ယောက် ခုန်ထွက်လာပြီး အဘိုးကြီးလေသံနှင်းကာ…

'ဘယ်… မလဲ… စောစော… တုန်းက… အမယ်ကြီး… ချောင်းဆိုးနေ… တဲ့… အသံ… အဘိုး… ကြားလိုက်တယ်… အဘိုးမှာ… ချောင်းဆိုးပျောက်ဆေး… ပါတယ်ကွယ့်… အမယ်ကြီးရဲ့'



ဟိုက်… သေပြီဟ။

အကာအကွယ်များများယူထားတဲ့မိန်းမဆီကိုမှ အန္တရာယ်က တည့်တည့်ဝင်လာသည်။

ခင်သစ္စာခမျာမှာတော့ ခါးကြီးကုန်းနေရင်းကနေ တွန့်ခနဲဖြစ်သွားပြီး…

'ကျုပ်… ကျုပ်က အဘွားကြီးပါတော်၊ ရှုပ်ရှုပ်… ယှက်ယှက်… တွေ… လာ… မလုပ်ပါနဲ့… တော့်…'

'အ… ဘွား… ကြီး… ပေမယ့် ကျုပ်… အနောက်နေ ရှိုးနေ… ဘော်ဒီက ကုန်းထားတာ… တောင်… လန်းနေတာပဲ၊ ရင်ခုန်တယ်… ရင်ခုန်တယ်… အဟီး'

'တိန်'

ဇန်ဇန် ဘယ်လိုမှမနေနိုင်တော့ဘဲ တဟားဟား အော်ရယ်ပစ်လိုက်သည်။

နမြတ်က ကြိုပြီးမှာပြီးသားပါ။ ပွဲတော်ကို လူတွေအားလုံးက စလိုနောက်လိုစိတ်နဲ့ ဆင်နွှဲကြတာဖြစ်တာမို့ ဘာမှကြောက်စရာမရှိပါဘူးတဲ့။

ဒီလောက်တောင် အဖြစ်သည်းလှတဲ့ ခင်သစ္စာကို လက်စင်ရိုက်လိုလှတာမို့ သူငယ်ချင်းသုံးယောက် မျက်စပစ်လိုက်ကြပြီး ခပ်သွက်သွက်လမ်းလျှောက်လာခဲ့ကြသည်။

ခင်သစ္စာခမျာမှာတော့ အဘွားအိုယောင်ဆောင်နေရတာမို့ သူ့ဘာသာ ကုန်းကုန်းကြီးလုပ်ကာ အဘိုးကြီးနှင့် ကျန်ရစ်ခဲ့ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့… ဟဲ့… ကျုပ်ကို စောင့်ခေါ်ကြပါဦး… တော့်'

အသံသာ ကြားလိုက်ရသည်။ အဘွားကြီးခမျာ လူအုပ်ထဲ ညပ်ကျန်နေခဲ့ပြီး ချောင်းပဲဆိုးနေသလား၊ အဘိုးကြီးနဲ့တွေ့မှ သက်လုံတွေပဲ ကောင်းနေပြီလားတော့ မပြောတတ်။

ဒါတောင် သားပိုက်ကောင်တစ်ကောင်လို ခုန်ဆွ ခုန်ဆွလုပ်ပြီး လိုက်လာတဲ့ အနုပညာရှင်ကြီး ဝင်းဝင်းမော်ခမျာ ကိုယ့်အဖြစ်ကို မဆင်ခြင်မိဘဲ သူများအဖြစ်ကိုသာ အပြစ်ပြော လျက်ရှိနေသေးသည်။

'အဘိုးကြီးနဲ့ ဘယ်လိုများနှစ်ပါးသွားနေမလဲ မပြောတတ်ဘူး၊ လူဆိုတာ မပြည်သင့်တဲ့နေရာ မပြည်ရဘူး၊ သူက အဟွတ်… အဟွတ်… တွေ ဘာတွေ သွားချောင်းဆိုးပြလိုက်တော့ ဟိုက အကွက်ကောင်းမိသွားတာ၊ ယန်းပေါ်ဆတ် တစ်ခါက ပြောဖူးတယ်'

'ဟဲ့… ဝင်းဝင်းမော် ယန်ပေါက နောက်မှ ဆတ်၊ ဟိုမှာ… ဟိုမှာ…'

ဝင်းဝင်းမော်က ထုံးစံအတိုင်း ကမ္ဘာကျော်ကြီးများနှင့် ကိုင်ပေါက်တော့မည်ဖြစ်ရာ ဇန်ဇန်က စကားကို ဖြတ်လိုက်ရင်း အလန့်တကြားဖြစ်နေတာမို့…

'ဘာလဲ… နင်ဟာလေ ငါစကားကောင်းပြောတော့ မယ်ဆို အမြဲတမ်း ကပျက်ကယက်နဲ့'

'နင့်ကို အချိန်မီပြေးလို့ရအောင် ငါက ကြိုပြီးပြောမလို့ တဲ့ ဆိုလီယာမရဲ၊ ဟိုမှာ မတွေ့ဘူးလား၊ နင့်ဆီ သားပိုက်ကောင်



အထီးကြီး ပြေးလာပြီ၊ အားပါး… နည်းတဲ့ဟာကြီး မဟုတ်ဘူး'

'အင်…'

နည်းတဲ့ဟာကြီး မဟုတ်ဘူးဆိုပဲ။ ဘုရား။ ဘုရား။

ဇန်ဇန်စကားကြောင့် ဝင်းဝင်းမော် တွန့်ခနဲဖြစ်သွားပြီး တူရူသို့ကြည့်လိုက်ရာ သူမရှိရာဆီသို့ ကမူးရှူးထိုးပြေးလာလေ တဲ့ သားပိုက်ကောင်ကြီး။

'အားပါး… ဟုတ်တယ်ဟ၊ နည်းတဲ့ဟာကြီး မဟုတ်ဘူး၊ နင်တော့ မလွယ်ဘူး၊ ဝင်းဝင်းမော်'

အရေးထဲ။ နှမြတ်က တစ်မျောင့်။

'ဂဒူး… ဂဒူး… ဂဒူး… ဟစ်… ဂဒူး… ဒူး…'

အဲဒီဟာကြီးကျတော့ ဘာကြီးမှန်းကို မသိ။ တိရစ္ဆာန်ဆိုတော့ လူလိုလည်း ဣန္ဒြေမရ။

ဂဒူး… ဂဒူးနှင့် အော်နေပြီး ဝင်းဝင်းမော်ကို ပွရှုံ့ပွရှုံ့နှင့် အနံ့ခံသလို လုပ်နေကာ ခုန်တော့မှာလိုလို၊ ကားတော့မှာလိုလို၊ ကျော်တော့မှာလိုလို အင်း… ခွတော့မှာလိုလို ဖြစ်နေလိုက်သေးသည်။

အင်း… အတော့်ကို ဗရုတ်ကျတဲ့ပွဲတော်ပဲ။

'ဂဒူး… ဂဒူး… ဟစ်… ဂဒူး'

'ဟဲ့… ဘယ့်နှာကြီးတုံး'

ဝင်းဝင်းမော် ချွေးပြန်နေလေလေ ဇန်ဇန်တို့ကလည်း သားဘီကနေ ဝိုင်းကျုပ်ပေးလေလေပင်။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့… သူက သားပိုက်ကောင်လေ ဝင်းဝင်းမော်ရဲ့၊ ဘယ် လူစကားတတ်ပါ့မလဲ၊ လူတွေလိုလည်း ဘယ်ယဉ်ကျေးပါ့ မလဲ၊ နင့်ကို ရည်းစားစကားပြောနေတာတော့ မဖြစ်နိုင်ဘူး၊ အဟီး… ငါ့အထင်ပြောရရင်တော့ ဟိုလေ တိရစ္ဆာန်ဆိုတော့ အထီးနဲ့ အမ တွေ့ရင် ဟို… ဟာ… နင်ကလည်း အဓိကက အဓိကပဲဆိုတာမျိုးလား မသိဘူး'

'ကောင်မနော်၊ နင်တို့နော်'

ဇန်ဇန်က ထိုသို့ကျပ်ပေးလေတော့ သားပိုက်ကောင် အထီးကြီးခမျာ ဝမ်းပန်းတသာနဲ့ ငါးရစ်တက်သွားပြီး အရင်က ထက် နှစ်ဆတိုး ဆိုးသွားလေတော့သည်။

'ဂဒူး… ဂဒူး… ဂါးယား… ဂဒူး… ဟူး… ဟူး… ဟူး'

'ဟဲ့… သြော်… ငါ့နှယ်နော်'

'ဝင်းဝင်းမော် နင် လူလိုတွေမပြောနဲ့လေ၊ ကိုယ် မကြိုက်ရင် မကြိုက်တဲ့အကြောင်းကို တိရစ္ဆာန်လို ပြန်ပြော လိုက်'

'ကောင်မ'

'ဟဲ့… ငါက အကောင်းပြောနေတာ၊ သားပိုက်ကောင် ပုံစံနဲ့ ပြန်ငြင်းလိုက်၊ သူ နင့်နားက ထွက်သွားလိမ့်မယ်'

နမြတ်ကလည်း ထိုသို့ ဝင်ချွန်ပေးလိုက်ရာ ဝင်းဝင်း မော်ခမျာ မလုပ်တတ်လုပ်တတ်နဲ့ တောင်လှည့် မြောက်လှည့် ဟိုခုန် ဒီခုန်နှင့် 'ဂဒူး… အဟောင့်… အဟောင့်… အဟောင့်…



ဂဒူး… အဟောင့်… အဟောင့်… အဟောင့်' နှင့် တိုင်ပတ်ပြီး ကျန်နေ ခဲ့တော့သည်။

ဇန်ဇန်က နမြတ်ကို မျက်ရိပ်ပြလိုက်ကာ သားပိုက် ကောင်ကြီးနှင့် စိတ်ချလက်ချထားခဲ့ပြီး မျက်နှာဖုံးစွပ်လူအုပ် ကြီးထဲ သူမတို့နှစ်ယောက်သား တိုးဝင်လာခဲ့ကြတော့သည်။

'အင်း… ဝင်းဝင်းမော်တစ်ယောက်တော့ ပွဲတော်ကြီး လို့ ညအိမ်ပြန်တွေ့ကြရင် ဒီတစ်ခါ ဗီးနပ်(စ်) တစ်ခါက ပြောဖူး တယ်ဆိုပြီးများ အချစ်အကြောင်းတွေ ပြောတော့မလား မသိ ဘူး၊ အဟီး…'

'ဟား… ဟား… နင်ကလည်း ပြောရှေ့မယ်'

ပွဲတော်ရဲ့ တစ်နေရာအရောက်မှာတော့ ဂန္ဓဝင်တေးသွား သံတချို့ လွှင့်ပျံနေတာမို့ ဇန်ဇန်က တေးသွားအတိုင်း အနည်းငယ် မျောသွားပြီး ဂါဝန်ဖြူဖြူကလေးကို ယိမ်းကာနွဲ့ကာနှင့် ကခုန် နေလိုက်သေးသည်။

နမြတ်ကတော့ ဇန်ဇန့်ကို ကြည့်ပြီး ရယ်သည်။ သူမ သူငယ်ချင်းလေးက ဘာကိုမှ မကြောက်တတ်တဲ့၊ အရာရာကို စူးစမ်းလေ့လာလိုတဲ့ အယ်လိုကောင်မလေးမှန်းမသိတဲ့ မိန်း ကလေးတစ်ယောက်ပဲလေ။

'ဇန်ဇန်'

'အေး… ပြော'

'နင် ပျော်လား'

'ပျော်တာပေါ့ဟာ၊ နင့်ကိုလည်း ကျေးဇူးတင်တယ်၊ ငါ တစ်ခါမှ ဒီလိုအရသာမျိုး မခံစားဖူးဘူး'

www.burmeseclassic.com

www.burmeseclassic.com



'နှင် ငါတို့မြို့ကို ဘယ်လိုသဘောရသလဲ'

နုမြတ်စကားကြောင့် ဇန်ဇန်က တစ်ချက်စဉ်းစားလိုက်သည်။

ဒီမြို့လေးနဲ့ ပတ်သက်ပြီး လေးနက်တဲ့စကားလုံးတချို့ကို နှလုံးသားနဲ့ ရှာဖွေကြည့်လိုက်ပြီးတော့မှ…

'အင်း… အမှန်အတိုင်း ဝန်ခံရရင် နင်တို့မြို့လေးဟာ ငါ့ရင်ဘတ်နဲ့ ကွက်တိတော်တဲ့မြို့လေးတစ်မြို့ပါပဲ'

ကောင်းကင်မှာတော့ လှပကြီးမားတဲ့ မီးရှူးမီးပန်းကြီးတွေ တဖောင်းဖောင်းနှင့် ပေါက်ကွဲပွင့်ဖူးသွားလေတော့၏။

❖

(၇)

ညဥ့်နက်လာလေလေ ပွဲတော်က ပိုမိုမြူးကြွ အသက်ဝင်လာလေလေပင်။

နုမြတ်နဲ့ သူမ ဆက်လက်လမ်းလျှောက်လာစဉ် ဘော်ဒီခပ်မိုက်မိုက်၊ အရုပ်မြင့်မြင့်၊ မျက်နှာဖုံးစွပ်ထားသော လူတစ်ယောက် သူမတို့နားရောက်လာပြီး စကားဝှက်တစ်ခု သုံးလိုက်သည်။

အဲဒီစကားဝှက်က ဘယ်လောက်တောင် အစွမ်းထက်သွားသည်ရယ် မသိ။

ဘာသမီးချော နုမြတ်ခမျာ ပီလောပင် ပက်ကျိတက်သွားသလို ကန့်ကလန့်နှင့် ဘယ်လိုကြီးမှန်းမသိလောက်အောင် ဘာလိုလိုကြီးဖြစ်သွားတာမို့ ဇန်ဇန် အထာနပ်စွာဖြင့်…

'နုမြတ်… ဘော်ဒါနဲ့ တွေ့နေပြီနဲ့ တူတယ်၊ နင်နေချင် နေခဲ့လေ၊ ငါဘာသာ တစ်ယောက်တည်း ဆက်သွားမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟယ်… ဖြစ်ပါ့မလားဟယ်'

မဖြစ်ဘူးဆိုရင်တောင် လူကို ဆောင့်ကန်ပစ်တော့မယ့် မိန်းကများ ဟန်ဆောင်ပန်ဆောင်လာလုပ်နေတာမို့ သူမ ရယ်ချင်ချင်ဖြစ်သွားပြီး…

'ဖြစ်ပါတယ်၊ ငါ လူမကြောက်တတ်ပါဘူး'

'အေးပါ… အပြီး… နင် ဒီလမ်းအတိုင်း ဆက်လျှောက်သွား၊ လမ်းဆုံးရင် လမ်းလေးခွဆုံတဲ့နေရာကို ရောက်လိမ့်မယ်၊ အဲဒီမှာ မျှော်စင်ကြီးတစ်ခု ရှိတယ်၊ အဲဒီမျှော်စင်ကြီးပေါ်မှာ ငါတို့မြို့ရဲ့ အထင်ကရခေါင်းလောင်းကြီးတစ်လုံးကို နင်တွေ့လိမ့်မယ်၊ ဒီည နက္ခတ်တွေ့စုံပြီဆိုတာနဲ့ ခေါင်းလောင်းထိုးသမားဟာ အရှမ်းဆန်းကြယ်ပြီး နားထောင်လို့ အရမ်းကောင်းတဲ့ လူတိုင်း အံ့အားသင့်သွားစေလောက်မယ့် ခေါင်းလောင်းတေးသွားတစ်ပုဒ်ကို သူထိုးလိမ့်မယ်၊ နင်နားထောင်ကြည့်ပါ၊ နင့်အတွက် အရမ်းကို ထူးခြားပါလိမ့်မယ်၊ အဲဒီအချိန်မှာ တို့မြို့တစ်မြို့လုံး အရမ်းကို ပျော်ရွှင်ကခုန်ကြလိမ့်မယ်၊ ခေါင်းလောင်းထိုးသံဆုံးသွားရင်တော့ မျက်နှာဖုံးစွပ်ပွဲတော် ပြီးသွားပြီပဲ၊ နင့်ကို ငါ ရှင်းပြပြီးသားပါ'

'အိုကေ… ငါ အဲဒီမျှော်စင်အထိ ရောက်အောင်သွားမယ်'

'နင် ငါတို့အိမ်ရော ပြန်တတ်တယ် မဟုတ်လား'

'ပြန်တတ်ပါတယ်ဟ၊ မပြန်တတ်လည်း ငါ့မှာ ဒါပါတယ်'



သူမက လက်ပတ်နာရီလေးမှာ ကပ်ထားတဲ့ သံလိုက်အိမ်မြှောင်ကလေးကို နှမြတ် မြင်အောင် ထောင်ပြလိုက်သည်။

မရောက်ဖူးတဲ့ မြို့တစ်မြို့ကို အလည်သွားတဲ့အခါ လိပ်စာရှာမရတာမျိုးဖြစ်နေရင် မြို့ခံတွေကို သူမ သိပ်မေးလေ့မရှိဘဲ မြို့ရဲ့ မြေပုံအညွှန်းနဲ့ သံလိုက်အိမ်မြှောင်ကိုသာ သူမ အသုံးပြုလေ့ရှိသည်။ ဒါတောင် ကောင်းကင်မှာ နေမထွက်တဲ့အခါမျိုးမှာပေါ့။ နို့မို့ဆို သံလိုက်အိမ်မြှောင်တောင် မလို။

အခုလည်း တစ်ယောက်တည်း ယုံကြည်မှုရှိရှိဖြင့် မျက်နှာဖုံးစွပ်လူအုပ်ကြီးထဲ ရောထွေးယှက်ညပ်ကာ သူမ လိမ့်ဝင်သွားသည်။ သူမကို စပဟယ် နောက်ဟယ် လာလုပ်သော သူကောင်းသားများနှင့် တွေ့ရင်လည်း သူမက အလိုက်သင့်ကလေး တုံ့ပြန်တတ်သည်။

တစ်ဖက်က လျှာကြီးထုတ်ပြလိုက်လျှင် သူမက မျက်လုံးကြီးပြူးပြလိုက်သည်။ တစ်ဖက်က လက်မ၊ လက်ညှိုး၊ လက်သန်းသုံးကာ I Love You သင်္ကေတလုပ်ပြလိုက်လျှင် သူမကလည်း လက်ညှိုး၊ လက်ခလယ်သုံးကာ Peace သင်္ကေတလုပ်ပြလိုက်သည်။

ယုံကြည်မှုရှိရှိနှင့် အလိုက်သင့်ကလေး နေတတ်ရာလားတော့ မပြောတတ်။ အခုထက်ထိတော့ အဘိုးကြီးအိုနဲ့လည်း မတွေ့ရသေးလို့ သားပိုက်ကောင်လည်း အလိုက်မခံရသေး။

သို့နှင့် သူမ လျှောက်လှမ်းလာလိုက်တာ လမ်းလည်းဆုံးရော လမ်းလေးခွဆုံရာ နေရာသို့ ရောက်သောအခါ…

www.burmeseclassic.com

www.burmeseclassic.com



'အိုး…'

သူမ ဘယ်လိုမှထင်မှတ်မထားသော မြင်ကွင်းတစ်ခုကို မြင်သွားပြီး ရုတ်တရက် မှင်တက်အံ့ဩသွားရလေတော့သည်။

ကြီးမားမတ်စောက်ပြီး ရှေးကျစွာ ဆောက်လုပ်ထားသော မျှော်စင်ကြီးတစ်ခု၊ ဟိုးထိပ်မှာတော့ ကြေးခေါင်းလောင်းကြီးတစ်လုံး။

အို… မျှော်စင်ပေါ်မှာ လူတစ်ယောက်ပါလား။ နမြတ်ပြောတဲ့ ခေါင်းလောင်းထိုးသမားများလား။ အလှမ်းကွာလှသဖြင့် ကောင်းကောင်းမမြင်ရ။

ထို့ကြောင့် ငွေမင်ရောင် လက်ကိုင်အိတ်ကလေးထဲက နေ ဘယ်သွားသွား အသင့်ယူဆောင်တတ်တဲ့ မှန်ပြောင်းအသေးလေးတစ်လက်ကို ထုတ်ပြီး မျှော်စင်အပေါ်သို့ ကြည့်လိုက်မိသည်။

'အိုး…'

သူမ ထပ်ကာ ထပ်ကာ အံ့အားသင့်သွားရပါသည်။

အဘိုးအိုတစ်ယောက်တော့ ဖြစ်ပုံရသည်။ ဂရိလက်ရာဆန်ဆန်နှင့် 'နေ'ကို ကိုယ်စားပြုထားပုံရသော ထူးခြားသော ဂမ္ဘီရအဆောင်အယောင်များနှင့် မျက်နှာဖုံးတစ်ခုကို စွပ်ကာ ခေါင်းလောင်းထိုးရန် ကောင်းကင်ကြီးကို မော့ကြည့်နေသည်။

သူရှာနေတဲ့ နက္ခတ်က ဘာနက္ခတ်များပါလိမ့်။

ကောင်းကင်မှာ ဘယ်လိုနက္ခတ်တွေ ဆုံတော့မှ အဘိုးအိုက ခေါင်းလောင်းကို ထိုးမှာပါလိမ့်။



ကိုယ့်ရင်ဘတ်နဲ့ ကွက်တိတော်တဲ့ မြို့ကလေးကတော့ လျှို့ဝှက်ချက်တွေနဲ့ ခေါင်းမာစွာ သိမ်မွေ့နေဆဲ။

ဟော… အဘိုးကြီး စတင်လှုပ်ရှားလာပြီ။

'ဟော…'

'အို…'

'ဟေး…'

ဘုရားရေ… ဒါ ခေါင်းလောင်းထိုးသံတဲ့လား။ အံ့ဩဖွယ်ရာကောင်းလိုက်တာ။

ကောင်းကင်ပေါ်ကနေ နတ်သမီးတစ်ပါး လှိမ့်ချပေးလိုက်တဲ့ ပုလဲလုံးလှိမ့်သံတွေလို ပဥ္စလက်ဆန်လှသော သံစဉ်တွေဖြင့် မြေပြင်ပေါ်သို့ ဖြာကျလာသည်။

'ဟေး…'

လူတွေ အော်ဟစ်ကခုန်ကြချေပြီ။

နားထောင်စမ်း။ အဘိုးအိုတစ်ယောက် ထိုးနေတဲ့ မယုံနိုင်ဖွယ်ရာ ခေါင်းလောင်းထိုးသံတွေကို။

နတ်သမီးခေါ်သံတွေလား၊ တောနက်ထဲက ပန်းရိုင်းပွင့်လေးတွေ လေနုအေးဝှေ့လို့ ယိမ်းနွဲ့ကခုန်သွားကြသံတွေလား၊ ကြယ်အချင်းချင်း ထိခတ်မိတဲ့ ညဥ့်ယံဂီတသံတွေလား၊ ရေတံခွန်အောက်က ကျောက်ဖျာတွေပေါ် ခုန်ဆင်းသွားကြတဲ့ ရေမှုန်ရေမွှားကလေးတွေရဲ့ ထိခတ်သံစဉ်တွေလား။

www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှားစရာ၊ မိန်းမောချင်စရာ၊ စီးမျောချင်စရာ ကောင်းလိုက်တာ။

သူမက အဘိုးအိုရဲ့ ခေါင်းလောင်းထိုးသံကို နှစ်ထောင်းအားရနှင့် လက်ခုပ်တီးလိုက်ကာ...

'Greatest Bell Amusement Solo ပဲ'

သူမ နားလည်သလို မှတ်ချက်ချလိုက်စဉ်...

မျက်နှာဖုံးစွပ်ထားတဲ့ လူတစ်ယောက်ရဲ့ ဖျတ်ခနဲရောက်ရှိလာတဲ့ အကြည့်တစ်ချက်။

သူ့ရဲ့ ဝတ်စားဆင်ယင်ပုံကို ကြည့်စမ်း။ လက်ထပ်ပွဲကို တက်တော့မည့် သတို့သားတစ်ယောက်လို ဖြူလွှနုရှနေတဲ့ အနောက်တိုင်းဝတ်စုံပြည့်နဲ့။

နေပါဦး။

သူက သူမကို ကြည့်ပြီး ဘာပြောချင်နေပါလိမ့်။ တစ်ခုခုကို ပြောချင်နေတဲ့ပုံစံလို နှုတ်ခမ်းများက တင်းတင်းစေ့ထားရင်းကြားကနေ ပြုံးယောင်သန်းနေသည်။

သူမကလည်း ကြောင်အမ်းအမ်းနှင့် သူ့ကို ငေးနေစဉ် သူကလည်း သူမကို ပြန်လည်စူးစိုက်ငေးမောနေသည်။

မျက်နှာဖုံးစွပ်မထားသဖြင့် ဒီမြို့ကလေးမှာတော့ တစ်ယောက်တည်း တွေ့မြင်ခွင့်ရှိတဲ့ မျက်နှာတစ်ခုပါပဲ။

ယောကျ်ားပီသတဲ့ မျက်နှာကျရှိပြီး မျက်ခုံးကောင်းကောင်းနဲ့ လူချောတစ်ယောက်ပဲလို့ သူမ မှတ်ချက်ချလိုက်မိသည်။



သူ့ရဲ့ အကြည့်ထဲမှာ လျှပ်စီးကြောင်းတစ်ခု ဝင်းလက်သွားသလို ခပ်ရှရှကလေး သူမ ခံစားလိုက်ရသေးသည်။

သူ ဘယ်သူလဲ။

လူတွေအားလုံး မျက်နှာဖုံးကိုယ်စီစွပ်ထားကြတဲ့ ပွဲတော်မှာ ဘာမျက်နှာဖုံးမှ မစွပ်ဘဲ ထွက်လာရဲတဲ့ သတ္တိကတော့ မခေဘူး။

နမြတ်ကို တွေ့မှ မေးကြည့်ရဦးမယ်။

ဟော...

သူ သူမကို တစ်ခုခုကမ်းပေးလိုက်ပြီ။ သူမလည်း ယောင်တိယောင်ကန်းနှင့် လှမ်းယူလိုက်မိစဉ် ပွဲတော်က လျှံကျလာတဲ့ လူအုပ်ကြီးရဲ့ တိုက်တွန်းမှုကြောင့် သူနှင့် သူမ လူစုကွဲသွားကြသည်။

အိုး... တိုးလိုက်ဝှေ့လိုက်ရတာ သေတော့မှာပဲ။

သူကမ်းပေးလိုက်တဲ့ တစ်စုံတစ်ရာကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း သူမ လူအုပ်ကြီးထဲကနေ တွန်းထွက်လာခဲ့ရသည်။

ပွဲတော်က ပြီးလုပြီ။ ခေါင်းလောင်းထိုးသံရဲ့ နှုတ်ခွန်းဆက်တေးသွားတွေက စိတ္တဇဆန်စွာ လွမ်းမောဖွယ်ရာများနှင့် ကသောင်းကနင်းဆန်လှသည်။

သူမ ရင်တစ်ခုလုံးလည်း ကသောင်းကနင်းဖြစ်နေသည်။

သူဟာ ငါ့ရင်ဘတ်နဲ့ ကွက်တိတော်တဲ့ လူများလား။

www.burmeseclassic.com

www.burmeseclassic.com



လူရှင်းသောတစ်နေရာသို့ ရောက်တော့မှ သူမလက်ဖဝါးထဲက တစ်စုံတစ်ရာကို ဖြန့်ကြည့်လိုက်မိသည်။

'ဟင်… ငွေခေါင်းလောင်းလေးတစ်လုံးပါလား'

❖

(၇)

မြို့ကလေးရဲ့ ကားဂိတ်တစ်ခုမှာတော့ မိန်းကလေးနှစ်ယောက်ဟာ အဝေးပြေးကားတစ်စီးပေါ် တက်ထိုင်ပြီး ထွက်ခွာချိန်ကို စောင့်ဆိုင်းနေသလို ကျန်မိန်းကလေးနှစ်ယောက်သည်လည်း သူမတို့နှစ်ယောက် ထွက်ခွာမည့်အချိန်ကို စောင့်ဆိုင်းပေးလျက်ရှိချေသည်။

အဘိုးကြီးအိုရဲ့ ချောင်းဆိုးပျောက်ဆေးကပဲ များသွားလေသလား။ ဒါမှမဟုတ်လည်း သားပိုက်ကောင်ကြီးကပဲ ကျော်တာခွတာ လွန်သွားလေသလားတော့ မသိ။

ပွဲတော်ပြီးတာနဲ့ မြို့ကလေးရဲ့ နေရာအနှံ့ကို လျှောက်ကြည့်ပြီး လေ့လာရေးထွက်မည့်အစီအစဉ်ကိုပင် ဖျက်သိမ်းကာ ခင်သစ္စာနှင့် ဝင်းဝင်းမော်တို့ကတော့ နောက်တစ်နေ့အရောက်မှာတင် ကိုယ့်မြို့ကိုယ်ပြန်ရန် ပြင်ဆင်ကြလေတော့သည်။

ဇန်ဇန်ကတော့ သူမတို့နှင့် မတူပါ။

ဒီမြို့ကလေးရဲ့ တချို့တချို့သော ပဟေဠိလေးတွေက သူမကို ဆွဲခေါ်ထားသလိုဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေးကျမှ နုမြတ်ကို အများကြီးမေးကြည့်ရဦးမည်။

ခေါင်းလောင်းထိုးတဲ့ အဘိုးအိုအကြောင်း မျှော်စင်ထက်က ခေါင်းလောင်းကြီးအကြောင်း၊ ပဌလက်ဆန်တဲ့ ခေါင်းလောင်းထိုးသံများနှင့် ကောင်းကင်က နက္ခတ်ဆက်သွယ်မှု၊ ပွဲတော်မှာ သတို့သားဝတ်စုံနှင့် ထူးထူးခြားခြားမျက်နှာဖုံးစွပ်မလာသော လူရည်သန့်တစ်ယောက်အကြောင်း၊ နောက်ပြီးတော့ သူပေးခဲ့တဲ့ တန်ဖိုးကြီးငွေခေါင်းလောင်းလေး။ အို… မေးစရာတွေမှ အစုံပါပဲ။

သူမ ဒီမြို့ကလေးကနေ ပြန်ဖြစ်ဦးမှာ မဟုတ်သေးပါဘူး။

သူမက ကိုယ့်အတွေးနှင့် ကိုယ် လွင့်မျောနေချိန် ဝင်းဝင်းမော်ကလည်း ကားပေါ်ကနေ မှန်ချကာ လှမ်းဆရာလုပ်လိုက်သေးသည်။

‘ဒီမှာ… အင်ဒီယာနာကျူး(စ်)ကို အားကျတာလည်း အားကျတာပေါ့၊ ကိုယ်က မိန်းကလေးဆိုတာလည်း မမေ့နဲ့၊ ဒါ သူများမြို့ရွာဆိုတာလည်း မမေ့နဲ့၊ နင့်ကျောပိုးအိတ်ထဲ ကြည့်လိုက်ရင် မြို့ရဲ့မြေပုံတွေရော၊ သံလိုက်အိမ်မြှောင်တွေရော၊ အဝေးကြည့်မှန်ပြောင်းတွေရော၊ မျက်နှာဖုံးစွပ်တွေရော စုံနေတာပဲ၊ ငါသိတယ်၊ နင် ဒီမြို့မှာ ဘာကြောင့်ကျန်ရစ်ခဲ့ရတယ်ဆိုတာ…’

သူမကလည်း ရယ်ကျဲကျဲနှင့် ဝင်းဝင်းမော်ကို ပြန်ကလိ၏။



‘ပြောစမ်းပါဦး၊ ဘာကြောင့်ကျန်ရစ်ခဲ့ရတယ်ဆိုတာကို’

‘ကုန်ကြမ်းရှာမယ်လေ၊ မျှော်စင်ကိုရော မျှော်စင်ပေါ်က ခေါင်းလောင်းကြီးကိုရော၊ ခေါင်းလောင်းထိုးတဲ့ အဘိုးကြီးကိုရော နင်စိတ်ဝင်စားတယ် မဟုတ်လား၊ ပြီးရင် အဘိုးကြီးဆီသွားပြီး နင်မှုပ်ဦးမယ်၊ ဟိုစပ်စု ဒီစပ်စု မေးဦးမယ်၊ အဲလိုစပ်စုရင်းနဲ့ ဘယ်နေ့ပြသနာပေါ်မယ် မသိဘူး၊ ဒီမှာ ဇန်ဇန်’

‘ဟော…’

‘ငါပြောမယ်၊ သေချာနားထောင်၊ ဟောရာကလိုက်တပ်၊ တစ်ခါက ပြောဖူးတယ်’

‘ဟဲ့… ဝင်းဝင်းမော်၊ ဟောရာကလိုက်က နောက်မှတပ်၊ လောလောဆယ် ပြတင်းပေါက်က မှန်ကို ပြန်ပိတ်လိုက်ဦး၊ ဟိုမှ ကားထွက်တော့မယ်တဲ့’

‘နင်ဟာလေ…’

ထုံးစံအတိုင်း ဝင်းဝင်းမော်က ကမ္ဘာကျော်ကြီးများနှင့် ကိုင်ပေါက်တော့မည့်ဆဲဆဲ ဇန်ဇန်က ထိုသို့ အရှုးကွက်နင်းရင်း စကားကို ဖြတ်ပစ်လိုက်သည်။

ခင်သစ္စာက ရယ်ကျဲကျဲ၊ ဝင်းဝင်းမော်ကတော့ ပွစိပွစိနှင့် ကားပေါ်ပါသွားကြလေတော့သည်။

သူမတို့နှစ်ယောက် သူတို့မြင်ကွင်းတစ်ဆုံးထဲကနေ ထွက်သွားတော့မှ နုမြတ်နဲ့ ဇန်ဇန် ဘာရယ်မဟုတ် ရယ်မောလိုက်ကြသေးသည်။

နောက်တော့မှ နုမြတ်က…

www.burmeseclassic.com

www.burmeseclassic.com



'ဝင်းဝင်းမော် မရှိတော့ ငါတော့ ပျင်းမှာသေချာတယ်'

'အေးဟဲ့… သူပြောတဲ့ စကားတွေထဲမှာတော့ သားပိုက်ကောင် တစ်ခါက ပြောဖူးတယ်ဆိုတဲ့ စကားတော့ မပါပါဘူးနော်၊ ငါ နားများရှုပ်သွားသလားလို့'

'မပါပါဘူးဟယ်၊ နင်ကလည်း…'

ပြောရင်း သူမတို့ ထပ်မံရယ်မောမိကြပြန်သေးသည်။

ပြီးတော့မှ ဇန်ဇန်က…

'နုမြတ်… နင်တို့မြို့မှာ ကော်ဖီဆိုင်ကောင်းကောင်း မရှိဘူးလား'

'ရှိပါ့… ဆိတ်ငြိမ်ပြီး ထိုင်လို့ စကားပြောလို့ကောင်းတဲ့ ကော်ဖီဆိုင်တစ်ဆိုင်ရှိတယ်၊ သွားမလား…'

'အေး'

စုမြတ်က မချိမချဉ်ပြုံးလိုက်ရင်း…

'နင် ငါ့ကို မေးစရာတွေအများကြီးရှိနေပြီနဲ့ တူတယ်'

သူမက ဘာမှပြန်မပြောတော့ဘဲ ပြုံးသာ ပြုံးပြလိုက်လေတော့သည်။

❖

'အရင်ဆုံး မေးချင်တာက လူတစ်ယောက်အကြောင်း'

သူမစကားကြောင့် စုမြတ် စပ်ဖြီးဖြီးဖြစ်သွားပြီး…

'အဟီး… မေးစေသတည်း'

'အဲဒီလူက ညက မျက်နှာဖုံးစွပ်ပွဲတော်မှာ မျက်နှာဖုံးစွပ်မထားဘူး'

'အင်း'

'လူတိုင်း မျက်နှာဖုံးစွပ်လာတဲ့ ပွဲတော်ကြီးမှာ တစ်ယောက်တည်းထွက်ပြီး မျက်နှာဖုံးစွပ်မလာဘဲ ပွဲတော်ကို ဆင်နွှဲခွင့်ရှိလား'

'အင်း… ဘယ်လိုပြောရပါ့၊ ဆင်နွှဲခွင့်တော့ မရှိဘူးပေါ့ဟယ်၊ ရိုးရာအစဉ်အလာကို ချိုးဖောက်ရာတော့ ကျတာပေါ့၊ ဆိုပါစို့… အများသူငါ ဖိနပ်မစီးတဲ့နေရာမှာ ကိုယ်တစ်ယောက်တည်း ဖိနပ်စီးလာသလိုမျိုး ရိုင်းစိုင်းရာတော့ ကျတာပေါ့'

'ဩော်…'

www.burmeseclassic.com

www.burmeseclassic.com



သူမ တွေးတွေးဆဆနှင့် 'ဩော်'လိုက်မိသည်။

သူ့ပုံစံကို ကြည့်ရတာ ရိုင်းစိုင်းမယ့်ပုံတော့ မတွေ့ရပါဘူး။ အတတ်ပညာတစ်ခုခုကို တတ်ကျွမ်းပြီး မှန်တယ်ထင်ရင် တစ်ဇွတ်ထိုးလုပ်တတ်မယ့်ပုံကြီး။ ခေါင်းမာပြီး တစ်ခါတစ်ရံလည်း ထော်လော်ကန့်လန့်ဆန်မယ့်ပုံကြီးပါ။

အင်း… တစ်ဖက်မိန်းကလေးကို ခပ်ရှုရှုခံစားမှုတွေ ပေးတတ်ပြီး သူနှစ်လိုတဲ့အခါမျိုးမှာ နူးညံ့သိမ်မွေ့နေတတ်မယ့် လူတစ်ယောက်လို့လည်း ယူဆရတာပဲ၊ ကိုယ်တောင် ညက သူ့ရဲ့ စက်ကွင်းထဲ ပိတ်မိခဲ့သေးတယ်လေ။

'ဟဲ့…'

'ဩော်… အေး…'

'မိန်းမ… ငြိမ်ကျသွားတယ်'

'ငါတွေးနေတယ်'

**"ကျွန်ုပ် တွေးနေသည်။ ထို့ကြောင့် ကျွန်ုပ်ရှိသည်"**

နမြတ်က ကမ္ဘာကျော်တွေးခေါ်ပညာရှင် တစ်ယောက်၏ ထင်ရှားကျော်ကြားသော စကားတစ်ခွန်းဖြင့် ထိုသို့ အရွှန်းဖောက်လိုက်လေရာ ဇန်ဇန်ကလည်း ချက်ချင်းသဘောပေါက်လိုက်ပြီး ဝင်းဝင်းမော် လေသံနှင်းလိုက်မှ…

'ရဲနေအေးကား တစ်ခါက ပြောခဲ့ဖူးတယ်'

'ဖဲ့… ဇန်ဇန်၊ ရဲနေအေးက နောက်မှ ကား၊ ကော်ဖီတွေ အေးတော့မယ်၊ ပူတုန်းသောက်လိုက်ဦး'

'ဟား… ဟား… ဟား… ဟား…'



သူမတို့နှစ်ယောက်ပေါင်းပြီး အဝေးကိုရောက်နေတဲ့ ဝင်းဝင်းမော်ကို ဒေါက်ဖြုတ်နေကြခြင်းပါ။

ဟိုကများ သိလို့ကတော့ 'ကောင်မနော်… နင်တို့နော်'ဆိုပြီး ပွစိပွစိ လုပ်နေဦးတော့မှာ မလွဲ။

ဇန်ဇန်က ကော်ဖီခါးခါးကို အရသာခံပြီး တစ်ကျိုက်မော့သောက်ပြီးတော့မှ…

'စောစောက စကားကို ပြန်ဆက်ရမယ့်ဆိုရင်တော့ နမြတ်ရယ်'

'အင်း… ဟိုလူကိစ္စ ပြော'

နမြတ်ကလည်း ရယ်ကျဲကျဲနှင့် သူမအား ကလိနေလိုက်သေးသည်။

'သူ့ပုံစံက အဲဒီလို ရိုင်းစိုင်းတဲ့ပုံစံမျိုးတော့ မဟုတ်ဘူးဟဲ့'

'အင်း… ဘယ်လိုပုံစံလဲ'

'ယဉ်ယဉ်ကျေးကျေးလေးထဲကပဲ၊ အရပ်က ခပ်မြင့်မြင့်၊ ရုပ်ရည်က သန့်သန့်'

'အင်း…'

'ခပ်ချောချော ခပ်ဖြောင့်ဖြောင့်ထဲကပါ'

'ဟုတ်ပါပြီဟဲ့၊ နင်က ဘာကိုသိချင်တာလဲ'

'ငါက အဲဒီလူကို သိချင်တာ'

'အင်း… ဟုတ်ပြီလေ၊ ပွဲတော်ညက သူဘာဝတ်ထားသလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ငါ့အထင်မမှားဘူးဆိုရင် သတို့သားဝတ်စုံအဖြူကို သူ ဝတ်ထားတယ်'

'ဟင်...'

နုမြတ် အကြီးအကျယ် မျက်လုံးပြူးသွားသည်။ သူမ လည်း နုမြတ်ကို ကြည့်ပြီး လန့်သွားတော့တာပေါ့။

'ဘာလဲဟ၊ လန့်လိုက်တာ'

'အေး... ငါလည်း တုန်လှုပ်သွားတာပဲ'

'ဘာဖြစ်လို့လဲ၊ အဲဒီလူကို နင်သိလို့လား'

'နင်သိချင်တဲ့လူက အဲဒီလူဖြစ်ခဲ့မယ်ဆိုရင်တော့ သိရုံ တင်မကဘူး၊ နည်းနည်းလည်း တုန်လှုပ်စရာကောင်းတယ်'

'ပြော... ငါအရမ်းစိတ်ဝင်စားတယ်'

'ငါထင်ပါတယ်၊ နင် ကိုစွဲထန်နဲ့ တွေ့ခဲ့တာပဲ ဖြစ်မယ်'

'စွဲထန်'

သူမ ရေရွတ်ကြည့်လိုက်သည်။ နာမည်က ရိုးရိုးရှင်း ရှင်းနှင့် ခေါ်လို့ကောင်းနေရုံသာမက အဓိပ္ပာယ်ကလည်း အား ကောင်းလှန်းသည်ဟု သာသာထိုးထိုးကလေး တွေးလိုက်မိသေး သည်။

'သူက ဒီမြို့မှာ ဘာလုပ်တာလဲ'

'စန္ဒရားဆရာ'

'ဩော်...'

'နေပါဦး၊ နင်က ဘာကြောင့် ကိုစွဲထန်ကို စိတ်ဝင်စား နေရတာလဲ'



သူမက ကျောပိုးအိတ်ထဲက တစ်စုံတစ်ရာကို ယူလိုက် ကာ နုမြတ်လက်ထဲ ထည့်ပေးလိုက်သည်။

'အာ...'

ငွေခေါင်းလောင်းလေးကို ကြည့်ပြီး နုမြတ် ပုံစံတစ်မျိုး ပြောင်းသွားသည်။

'သူ နင့်ကို ဒါလေးပေးလိုက်တာလား'

ဖန်ဖန် ခေါင်းညိတ်ပြလိုက်သည်။

'ကိုစွဲထန် နင့်ကို ဒီငွေခေါင်းလောင်းလေး အကြောင်း မဲ့သက်သက်တော့ ပေးတာမဖြစ်နိုင်ဘူး ဖန်ဖန်၊ ပြော... ဒါလေး ပေးဖို့အတွက် နင် တစ်ခုခုတော့ လှုပ်ရှားခဲ့လိမ့်မယ်'

'အေး... မဆိုးဘူး၊ နင်စုံထောက်လုပ်စားလို့တော့ ရပြီ နုမြတ်၊ ငါလည်း အဲဒါစဉ်းစားမိတယ်၊ ဒါ တကယ့်ငွေအစစ် ခေါင်းလောင်းလေးပဲ၊ ငါ့ကို အကြောင်းမဲ့သက်သက်တော့ ပေးတာမဖြစ်နိုင်ဘူး၊ ငါတို့ အကြီးအကျယ်ကို တိုက်ဆိုင်ခဲ့ကြ တာဖြစ်မယ်'

'ဘယ်လိုတိုက်ဆိုင်ခဲ့ကြတာလဲ၊ နင့်အဖြစ် နင်ပြန် စဉ်းစားကြည့်ဦးလေ'

'မနေ့ညက မျှော်စင်ကြီးပေါ်မှာ ထိုးနေတဲ့ အဘိုးကြီး ရဲ့ ခေါင်းလောင်းထိုးသံက တကယ့်ကို အံ့မခန်းပဲ နုမြတ်၊ သူ ပေးချင်တဲ့ရသတွေကို ငါ အောက်မှာခံစားလို့ရခဲ့တယ်၊ နားဝင်ပီယံရှိသွားလိုက်၊ လွမ်းမောဖွယ်ရာ ကောင်းသွားလိုက်၊ ချောက်ချားစရာကောင်းသွားလိုက်၊ ဝမ်းနည်းစရာကောင်းသွား လိုက်နဲ့...'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လိမ့်မယ်၊ နင်တော်တယ် ဇန်ဇန်၊ ငါတို့ကျတော့ မသိဘူး၊ အဘိုးကြီးပေးချင်တဲ့အရသာကို မယူတတ်ဘူး၊ ခေါင်းလောင်းထိုးရင် ဩော်… ဟိုမှာ ခေါင်းလောင်းထိုးနေပြီပေါ့၊ ဒီလောက်ပါပဲ၊ ငါတို့မြို့ကို အနုပညာရှင်အစစ်အမှန်ကြီးတွေ အလည်ရောက်လာတဲ့အခါ သူတို့လည်း နင်ပြောသလို ပြောခဲ့ကြတယ်၊ တကယ့်ကို တစ်ထပ်တည်းပဲ'

'အေး… ငါလည်း စိတ်ထဲခံစားလို့ရတဲ့အတိုင်း ပြောလိုက်တာပဲ၊ မနေ့ညက အဘိုးကြီး ခေါင်းလောင်းထိုးနေတုန်း ငါလည်း အရမ်းကိုမျောသွားပြီး Greatest Bell Amusement Solo ပဲလို့ ချီးကျူးလိုက်မိတယ်၊ အဲဒါကို သူက ကြားသွားပြီး ငါ့ကို စူးစူးစိုက်စိုက်ကြည့်ပြီးတော့မှ ဒါလေးပေးသွားတာ'

ဒီတော့မှ နမြတ်က ပြုံးသွားပြီး…

'ဟုတ်ပြီ… ဒါဆိုရင်တော့ ငါသဘောပေါက်သွားပြီ၊ ငွေခေါင်းလောင်းလေးတွေ ပေးတယ်ဆိုတာ ငါတို့မြို့ရဲ့ ဓလေ့ပဲ၊ ဒါငွေအစစ်နဲ့လုပ်ထားတဲ့ လက်ရာကောင်းကောင်းခေါင်းလောင်းလေးပဲ၊ ဈေးလည်း ကြီးတယ်၊ ဘယ်သူကမှ ဘယ်သူ့ကို လွယ်လွယ်ပေးလေ့မရှိဘူး၊ ပေးတဲ့အခါမှာလည်း လူငယ်က လူကြီးကို ပေးခွင့်မရှိဘူး၊ လူကြီးကသာ လူငယ်ကို ပေးခွင့်ရှိတယ်၊ အနည်းဆုံး တစ်နှစ်နှစ်တော့ ကြီးရမယ်ပေါ့ဟာ'

'ဩော်…'

'ပေးတဲ့အခါမှာလည်း လွယ်လွယ်ကူကူပေးခွင့်မရှိဘူး၊ ကိုယ်တကယ်နှစ်သက်သဘောကျတဲ့သူကိုမှ ပေးရတာ။ ကိုယ့်နှလုံးသားနဲ့ တစ်ထပ်တည်းကျတဲ့သူကိုမှ ပေးခွင့်ရှိတာ'



'ဟော… ဒါဖြင့် ဒီငွေခေါင်းလောင်းလေးက နင်တို့မြို့ရဲ့ ရည်းစားစာလား'

'အဲလိုမဟုတ်ဘူး၊ ရည်းစားအချင်းချင်းလည်း ပေးပိုင်ခွင့်မရှိဘူး၊ ငါပြောချင်တဲ့ နှလုံးသားနဲ့ တစ်ထပ်တည်းကျတဲ့သူဆိုတာ ဥပမာဆိုပါစို့၊ ပန်းပုဆရာကြီးတစ်ယောက်က သူသဘောအကျဆုံး ပန်းပုဆရာလေးတစ်ယောက်ကို ပေးတာမျိုး၊ အထူးကုဆရာဝန်ကြီးတစ်ယောက်က သူတကယ်ယုံကြည်ထိုက်တယ်လို့ ယူဆမိတဲ့ ဆရာဝန်လေးတစ်ယောက်ကို ပေးတာမျိုး၊ ပြဇာတ်ဆရာကြီးတစ်ယောက်က တစ်နေ့မှာ တကယ့်ကို အောင်မြင်လိမ့်မယ်လို့ သူယူဆလိုက်တဲ့ ပြဇာတ်ဆရာလေးတစ်ယောက်ကို ပေးတာမျိုးပေါ့'

'ဩော်…'

ဘာကြောင့်မှန်းတော့ မသိ။ ရင်ထဲမှာတော့ ကြည်နူးမှုအငွေ့အသက်ကလေးတွေနဲ့ လှိုက်ဖိုသွားသလို ခံစားလိုက်ရသည်။

'ငွေခေါင်းလောင်းလေးတွေ ရတယ်ဆိုတာ ငါတို့မြို့က လူတွေရဲ့ ဂုဏ်သိက္ခာပဲလေ၊ လူငယ်တစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို တိုင်းထွာချင်ရင် သူ့မှာ ငွေခေါင်းလောင်းလေး ဘယ်လောက်ပိုင်ဆိုင်သလဲဆိုတာနဲ့ တိုင်းထွာလေ့ရှိတယ်'

'အေး… အဲဒါကြောင့် ငါစောစောက ပြောတာလေ၊ ငါတို့နှစ်ယောက်က အကြီးအကျယ် တိုက်ဆိုင်သွားခဲ့ကြတာပါလို့၊ သူ Pianist (စန္ဒရားဆရာ)တစ်ယောက်မှန်းလည်း ငါမသိ

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ သူ ငါ့အနားမှာရှိနေမှန်းလည်း ငါမသိဘူး၊ အဘိုးကြီးရဲ့ ခေါင်းလောင်းထိုးသံထဲမှာ မျောသွားပြီး Greatest Bell Amusement Solo ပဲလို့ ငါနားလည်သလို ချီးမွမ်းလိုက်တာ၊ အဲဒီမှာတင် သူနဲ့ ငါ စတွေ့ကြတာပဲ'

'ဒါဆို နင်တို့နှစ်ယောက် ထပ်ပြီးတိုက်ဆိုင်သွားတာလေးတစ်ခုကို ငါပြောဦးမယ်'

'ပွဲတော်ညက နင်ဘာဝတ်ခဲ့သလဲ'

'ဂါဝန်ဖြူဖြူ တိုနန့်နန့်လေးလေ၊ မျက်နှာဖုံးလေးနဲ့ လိုက်အောင် ဝတ်ခဲ့တာ'

'အဲဒီဂါဝန်အဖြူလေးက ဘာနဲ့သွားတူသလဲ'

'အနောက်တိုင်းသတို့သမီးဝတ်စုံနဲ့… အဲ…'

လွှတ်ခနဲပြောလိုက်ပြီးတော့မှ မနေ့ညက တွေ့ခဲ့ရတဲ့ သူ့ရဲ့ ဝတ်စားဆင်ယင်မှုကို ပြန်မြင်ယောင်လိုက်ရင်း ရှိန်းခနဲ ဖြစ်သွားလိုက်ရသည်။

ထိုစဉ် သူမနားထဲသို့ ညင်သာစွာရောက်ရှိလာတဲ့ ခေါင်းလောင်းထိုးသံသဲ့သဲ့ကြောင့် သူမ ဆတ်ခနဲဖြစ်သွားလိုက်ရပြီး…

'နားထောင်စမ်း နုမြတ်'

နုမြတ်က သိမ်မွေ့စွာတစ်ချက်ပြုံးလိုက်ရင်း…

'ငါတို့မြို့မှာ 'သာရေး'တစ်ခုခုတော့ ရှိနေပြီ'

'ဟော…'

ခေါင်းလောင်းထိုးသံကို နားစွင့်လိုက်ပြီး မြို့ကလေးမှာ သာရေး သို့မဟုတ် နာရေးရှိကြောင်း အတပ်ပြောနိုင်သော နုမြတ်ကို သူမ တော်တော်လေး အံ့အားသင့်သွားပြီး…



'နင်က ခေါင်းလောင်းသံကို ဘယ်လိုဖတ်လိုက်တာလဲ'

'အနုပညာဗီဇရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ငါတို့မြို့ တစ်မြို့လုံး ခေါင်းလောင်းထိုးသံကို ဖတ်နိုင်ကြတယ်'

နုမြတ်က တည်ကြည်လေးနက်မှုအပြည့်နှင့် ဆိုလိုက်သည်။

ဩော်… မြို့ကလေးရယ်။

❖

www.burmeseclassic.com

www.burmeseclassic.com

## (၉)

ကော်ဖီဆိုင်က ပြန်တော့ အိမ်တန်းမပြန်သေးဘဲ ခေါင်းလောင်းရှိတဲ့ မျှော်စင်ကြီးကို ခပ်လှမ်းလှမ်းကနေ ကောင်းကောင်းမြင်တွေ့လို့ရတဲ့ ပန်းခြံတစ်ခုရဲ့ မြက်ခင်းပြင်ပေါ် သွားထိုင်နေကြသေးသည်။

ဇန်ဇန်က ကောင်းကင်ကြီးကို တစ်ချက်မော့ကြည့်လိုက်ပြီး…

'ငါ တစ်ခါတုန်းက တောင်ပေါ်မြို့ကလေးတစ်မြို့မှာ နေခဲ့ဖူးတယ်ဟ'

'အင်း…'

'အဲဒီအချိန်က စပြီး တိမ်တွေရဲ့ ဘာသာဗေဒကို ကောင်းကောင်းနားလည်ခဲ့တာပဲ။ ငါ ဖေဖော်ဝါရီလကို တကယ်ပဲချစ်တယ် နုမြတ်။ အဲဒီတစ်လထဲပဲ တိမ်တွေဟာ စစ်ချီတော့မယ့် နဂါးတစ်ကောင်လို ကောင်းကင်မှာ ကိုယ်ထင်ပြကြတယ်၊ ဟိုမှာ နင်ကြည့်စမ်း'



'အယ်… ဟုတ်ပါရဲ့'

ကောင်းကင်ကို လှတကာ အခမဲ့မော့ကြည့်ခွင့်ရတာတောင် နုမြတ်တို့ ဇန်ဇန်လောက် တိမ်တွေအကြောင်း မသိခဲ့ရိုးအမှန်ပါ။ သူမမော့ကြည့်လိုက်တော့ တိမ်တွေဟာ ဇန်ဇန်ပြောသလိုပဲ တိမ်နိုးတိမ်မှျင်တွေအဖြစ်နဲ့ နဂါးအသွင်ဆောင်ပြီး ကောင်းကင်ခရီးကို တရွေ့ရွေ့နှင်နေကြသည်။

'နဂါးနဲ့တူတဲ့ တိမ်တွေ ကောင်းကင်မှာ ရွေ့လျားကြသလိုပဲ၊ သတ္တုနဲ့တူတဲ့ လူတစ်ယောက် ကမ္ဘာရဲ့တစ်နေရာမှာ ရပ်တည်နေတဲ့အကြောင်းကိုရော နင်နားမထောင်ချင်ဘူးလား'

နုမြတ်က အစပျိုးလာတော့ သူမလည်း ခေါင်းတစ်ချက်ညိတ်လိုက်ပြီး…

'အင်း… ကောင်းသားပဲ၊ နားထောင်ချင်တယ်၊ ဘာကြောင့် သူက သတ္တုနဲ့တူနေရတာလဲ'

'အထူးသဖြင့် သူ့ရဲ့အချစ်ပေါ့၊ မိန်းကလေးတစ်ယောက်ကို ချစ်တဲ့ သူ့ရဲ့အချစ်ဟာ သတ္တုလိုပဲ မာကျောတယ်၊ ပုံစံခွက်အပေါ်မှုတည်ပြီး အမျိုးမျိုးမပြောင်းလဲဘူး၊ ဘယ်တော့မှလည်း မပျက်စီးဘူး'

'ဒီလိုအချစ်မျိုးတွေ တကယ်ရှိလား၊ ငါကြားဖူးတာတစ်ခုက သိပ္ပံပညာရှုထောင့်က ကြည့်မယ်ဆိုရင်တောင် မိန်းမတစ်ယောက်နဲ့ ယောကျ်ားတစ်ယောက်ရဲ့ လိင်ဆွဲဆောင်မှုပါတဲ့အချစ်ဟာ အများဆုံး သုံးနှစ်ပဲခံသတဲ့၊ ဦးနှောက်ထဲက က[illegible]စည်းတစ်ခုကနေ အဲဒီအချစ်စိတ်ကို ထောက်ပံ့ပေးလိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



သုံးနှစ်ပဲတဲ့။ သုံးနှစ်ကြာရင် အင်း… ပွင့်ပွင့်လင်းလင်းပြော ရရင်တော့ ငြီးငွေ့သွားပြီပေါ့ဟာ'

'အင်း… အဲဒီကန့်သတ်ချက်ဘောင်ကို ကျော်ထွက်သွားကြတဲ့ ချစ်သူစုံတွဲတွေလည်း အများကြီးရှိပါတယ်၊ Sexural Loveဟာ သုံးနှစ်ပဲခံတယ်ဆိုတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်၊ အဲဒီသုံးနှစ်ကို ကျော်လွန်လာတဲ့အခါ ကျောက်စိုင်ကျောက်သားလို ခိုင်မာပြီး တည်ငြိမ်ရင့်ကျက်မှုအပြည့်နဲ့ နားလည်မှုရှိတဲ့ အေးလည်း အေးမြလာတဲ့ အနှစ်ကလည်း စောင့်ကြိုချင်စောင့်ကြိုနေမှာပဲလေ၊ ထားလိုက်ပါ၊ နင်နဲ့ ငါနဲ့ကြားမှာ အချစ်တွေ သိပ်မဟာချင်ပါဘူး၊ ငါပြောချင်တာက ဒီမြို့ကလေးမှာ အချစ်ကို တန်ဖိုးထားနိုင်လွန်းတဲ့ လူတစ်ယောက်အကြောင်း'

'အင်း…'

'သူနဲ့ သူ့ကောင်မလေးနဲ့က ချစ်သူဖြစ်ခဲ့ကြတာ ငါးနှစ်တောင်ကျော်ခဲ့ပြီ၊ သူက ချစ်သူသက်တမ်းနှစ်နှစ်လောက်မှာကတည်းက ကောင်မလေးကို လက်ထပ်ခွင့်တောင်းနေတာ'

'ဩော်… ကောင်မလေးက မပေးဘူးလား'

'နိုင်ငံခြားမှာ ဘွဲ့လွန်တက်နေတာဆိုတော့ Ph.D ရတော့မှ ယူရအောင်ဆိုပြီး သဘောတူထားလိုက်ကြတယ်၊ ဒီလိုနဲ့ ဟိုမှာ ပါရဂူဘွဲ့ရလာတော့ လက်ထပ်ဖို့ မိန်းကလေးက ဒီမြို့ကို ရောက်လာခဲ့တယ်၊ လက်ထပ်ဖို့ ရက်ပိုင်းလောက်အလိုမှာပဲ…'

'အင်း…'



'မမျှော်လင့်ဘဲ အက်ဆီးဒင့်တစ်ခုနဲ့ ကောင်မလေး ဆုံးပါးသွားခဲ့ရရှာတယ်'

'အာ…'

ကျွန်ုပ်ရစ်ခဲ့တဲ့ချစ်သူတော့ ဘယ်လိုနေရှာမယ် မသိ။ သူမရင်ဘတ်တွေတောင် စက္ကူတစ်ချပ်ကို နှစ်ခြမ်းဆုတ်ဖြဲခံလိုက်ရသလို စပ်ဖျင်းဖျင်းဖြစ်သွားခဲ့ရသည်။

'အဲဒီလူက သူထင်တာ လုပ်လိုက်ရမှ ကျေနပ်တဲ့သူဟ၊ တို့မြို့မှာတော့ အဲဒီသတင်းက တကယ့်ကို ပျံ့သွားတာ၊ သူက သူ့ချစ်သူကောင်မလေးနဲ့ လက်ထပ်ပွဲကို မဖြစ်ဖြစ်အောင် ကျင်းပခဲ့တယ်'

'ဟင်…'

'ဟုတ်တယ် ဖန်ဖန်ရဲ့၊ အသက်ဝိညာဉ်မရှိတော့တဲ့ ရုပ်အလောင်းကို သတို့သမီးအရာထားပြီး လက်ထပ်ပွဲကျင်းပခဲ့တယ်၊ တုန်လှုပ်စရာလည်း ကောင်းသလို သနားစရာလည်း ကောင်းပါတယ်'

'ဩော်…'

ကျွန်ုပ်မကတော့ တကယ့်အချစ်စစ်ကို မမြည်းစမ်းဖူးသေးလို့လားတော့ မသိဘူး။ အဲဒီသတင်းကို နားထဲစကြားလိုက်ရတော့ တစ်မျိုးကြီးဖြစ်သွားတာတော့ အမှန်ပဲ။

အင်း… မိန်းကလေးတိုင်း အဲဒီလိုချစ်သူမျိုးကို ပိုင်ဆိုင်ခွင့်ရကြမယ်ဆို ဘယ်လောက်များ ကံကောင်းလိုက်ကြမလဲနော်။

'နောက်တော့ရောဟင်'

www.burmeseclassic.com

www.burmeseclassic.com



‘ငါပြောပြီးပြီလေ၊ သူက သူထင်ရာကို လုပ်လိုက်ရမှ ကျေနပ်တဲ့သူ ဇန်ဇန်ရဲ့၊ လက်ထပ်ပွဲကျင်းပပြီးတော့ အသုဘ ချရမှာလေ၊ သူက မူလအစီအစဉ်ကို ဖျက်ပစ်လိုက်ပြီး သူ့ ကောင်မလေးကို မသင်္ဂြိုဟ်တော့ဘဲ မပုပ်မသိုးအောင် ဆေးစိမ် ပစ်လိုက်တယ်’

‘ဟေ… ကြားဖူးသမျှ သတင်းထဲမှာ ဒီသတင်းဟာ အထူးခြားဆုံးပဲ၊ အံ့ဩရလွန်းလို့ အသက်ရှူဖို့တောင် မေ့သွား မိတယ်၊ ပြန်ပြောစမ်းပါဦး၊ ဘယ်လို… ဘယ်လို… ဒါ အီဂျစ်က ဖာရိဘုရင်လက်ထက် မဟုတ်ဘူးလေ၊ နင်တို့မြို့က လက်ခံသလား’

‘ငါတို့မြို့မှာ ရိုးရာနတ်ဆရာတစ်ယောက်ရှိတယ်’

‘ဟင်… ဟုတ်လား၊ ငါသွားပြီးအင်တာဗျူးချင်တယ်’

‘အဲ… အဲဒါတော့ မဖြစ်ဘူး၊ နင်က စပ်စပ်စုစုနဲ့ အင်မတန်ပေါက်တတ်ကရလုပ်တာ၊ ငါတို့ မြို့တစ်မြို့လုံး ရိုးရာ နတ်ကို ဖိန့်ဖိန့်တုန်အောင် ကြောက်ကြတယ်၊ နောက်ပြီးတော့ သူ ဘယ်မှာနေလဲဆိုတာ ငါတို့မသိဘူး၊ ဒီမြို့ရဲ့ သိပ်မဝေးတဲ့ တောထဲမှာ နေတာ၊ အဲ… ငါတို့မြို့မှာ လောကီနဲ့ပတ်သက်ပြီး ဖြေရှင်းလို့မရတဲ့ ကိစ္စတစ်ခုခုဖြစ်လာပြီဆိုရင်တော့ အဲဒီနတ် ဆရာကို ပင့်ရတော့တာပဲ’

‘ဘယ်လိုပင့်လဲ၊ ကြေးနန်းရိုက်လိုက်တာလား’

‘ဟား… ဟား… နင်ကလည်း ပြောရှေ့မယ်၊ ခေါင်း လောင်းထိုးတဲ့ အဘိုးကြီးက ခေါင်းလောင်းထိုးသံတစ်မျိုးနဲ့ နတ်



ဆရာကို ပင့်တတ်တယ်ဟ၊ ငါတို့မြို့မှာ လောကီရေးရာနဲ့ပတ် သက်ပြီး ဆုံးဖြတ်ရခက်လာရင် မျှော်စင်ပေါ်ကနေ ခေါင်းလောင်း ထိုးသံတစ်မျိုးနဲ့ ပင့်ရတယ်၊ အဲဒီသတို့သမီးကိစ္စမှာလည်း အဲဒီ လိုပဲ။

တချို့ကလည်း သတို့သားရဲ့ အချစ်ကို ငဲ့ကွက်ပြီး သတို့သမီးရုပ်အလောင်းကို မြို့မှာ လက်ခံထားချင်တယ်၊ တချို့ ကျတော့လည်း လက်မခံချင်ဘူးပေါ့ဟာ၊ ဒီလိုနဲ့ နတ်ဆရာကို ပင့်ဖိတ်ပြီး ဆုံးဖြတ်ချက်ကောင်းတော့ နတ်ဆရာက သဘောတူ လိုက်တဲ့အတွက် သတို့သမီးကို မပုပ်မသိုးအောင် စိမ်ပြီး ဘုရား ရှိခိုးကျောင်းကြီးရဲ့ ခန်းမတစ်ခုထဲမှာ ထားလိုက်တယ်’

‘ဟယ်… အဲဒါဆို အဲဒီရုပ်အလောင်းကိုလည်း ငါ သွားကြည့်ချင်တယ်၊ အီဂျစ်အစီအမံအတိုင်းသာ သတို့သမီးကို မပုပ်မသိုးအောင် ဆေးရည်စိမ်မယ်ဆို ဦးနှောက်တွေကို နှာခေါင်း ထဲကနေ ကလော်ထုတ်ရတယ်ဟ၊ ပြီးတော့မှ ခေါင်းကြီးဟာ မနေအောင် ပိတ်စတွေ ထိုးထည့်ရတယ်ဆိုပဲ’

‘တော်ပါတော့ဟာ၊ ကြားရတာ ကြောက်လည်း ကြောက်တယ်၊ အော်ဂလီလည်း ဆန်တယ်’

‘ကြောက်တာ ခဏထားဦး၊ ငါမေးတာ အရင်ဖြေ၊ အဲဒီသတို့သမီးရဲ့ ရုပ်အလောင်းကို ဘယ်သူက ဆေးစီရင်ပေးခဲ့ သလဲ’

‘ငါတို့မြို့က အတော်ဆုံးခန္ဓာဗေဒဆရာဝန်ကြီး ဒေါက် တာလင်းသန့်’

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ခေတ်သစ်ဆေးပညာနဲ့ စီရင်ပေးတာဖြစ်မယ်၊ မော်စီတုံးတို့၊ လီနင်တို့ရဲ့ ရုပ်အလောင်းတွေကိုလည်း ခေတ်မီတဲ့နည်းနဲ့ ဆေးစီရင်ခဲ့ကြတာပဲလေ'

'ဟင်··· ဟုတ်လား'

'အင်း··· ငါဖတ်ဖူးသလောက် ပြောရမယ်ဆိုရင်တော့ ယေရှုခရစ်တော်ကိုတောင် သစ်မွှေးဆီတို့၊ မွှေးကိုင်းတို့နဲ့ မွှမ်းမံပြီး မပုပ်မသိုးအောင် စီမံခဲ့ကြတယ်တဲ့'

'အင်း··· ငါလည်း နင့်လို စာကြမ်းပိုးမဟုတ်တော့ အဲဒီလောက်တော့ မသိဘူး'

'ဒါဆို နင် ဘရတ်ကနေ စပီးယား(စ်)တော့ ကြားဖူးတယ်မဟုတ်လား'

'ကြားဖူးပါ့'

'ဒါဖြင့် သူက ဘယ်သူလဲ'

'ရှိတ်စပီးယားရဲ့ တူမ'

'သွားသေလိုက်'

'ဟား··· ဟား··· ဟား'

အရေးထဲ နုမြတ်က အရွှန်းဖောက်နေလိုက်သေးသည်။

'သိပါတယ်ဟာ၊ ပေါ့(ပ်)အဆိုတော် ကမ္ဘာကျော်ကြီးဟာ'

'အေး··· သူကလည်း သူသေရင် သူ့ခန္ဓာကို မပုပ်မသိုးအောင် ဆေးစိမ်ရင်ဖို့ ညွှန်ကြားထားတယ်တဲ့၊ ဆေးပညာတွေ တိုးတက်လာတဲ့ခေတ်ရောက်တော့မှ သူ့ရဲ့ မပုပ်မသိုးတဲ့ ခန္ဓာကိုယ်ထဲကို အသက်ဝိညာဉ်ပြန်သွင်းနိုင်အောင်လို့တဲ့'



'ဖုတ်ကောင်ပေါ့ဟယ်၊ ကြောက်စရာကြီး၊ တကယ်တော့ လူတွေ ကိုယ့်ခန္ဓာကို ဖက်တွယ်ပြီး တရားလက်လွှတ်တွေ ဖြစ်နေကြတာ'

'ကဲပါ··· ငါက တရားနာချင်တဲ့သူ မဟုတ်ပါဘူး၊ စပ်စုချင်တဲ့သူ၊ စောစောက ပြောတဲ့ ဟိုသတို့သမီး ဘယ်မှာရှိသလဲ၊ ငါ့ကို လိုက်ပြ'

သို့မှ နုမြတ်လည်း ခပ်တွန့်တွန့်ဖြစ်သွားပြီး···

'ငါတော့ နင့်ကို ငါ့မြို့ခေါ်ခဲ့တာ မှားပြီနဲ့တူတယ်၊ ဒီကိစ္စကို ဖြစ်နိုင်ရင် ငါတို့မြို့က လူတွေက မေ့ပျောက်ထားချင်ကြကာပါ၊ နင်က အစမဖော်ပါနဲ့၊ တော်ကြာ သတင်းတွေက ပွသွားပြီး ဒီအလောင်းကို မြေမြှုပ်မှ သင့်တော်မယ်လို့ ဘာတို့လူတွေထအော်ကြရင် မကောင်းဘူး၊ ပိုနေမြဲ ကျားနေမြဲရှိပါစေတော့၊ ဟုတ်လား'

'ဟဲ့··· သွားကြည့်တာလေးနဲ့ကတော့ ဘာမှမဖြစ်လောက်ပါဘူးဟယ်၊ နင်ကလည်း···'

'နင်ကလည်း ဇွတ်ပဲဟာ၊ ငါက အလောင်းပိုင်ရှင်မှ မဟုတ်တာ'

'ကဲ··· ဒါဖြင့်လည်း သတို့သမီးနဲ့ တွေ့ခွင့်မရတော့လည်း သတို့သားနဲ့တော့ မိတ်ဆက်ပေးပေါ့ဟာ၊ ဖြစ်နိုင်ရင် စကားပြောခွင့်တော့ ရချင်တယ်၊ လူရိုက်ပေါက်တွေ မမေးပါဘူး၊ နင်ကလည်း ငါ သတင်းထောက်ပညာတတ်ပါတယ်'

ဇန်ဇန်စကားကြောင့် နုမြတ် သိမ်မွေ့စွာပြုံးလိုက်ပြီး···

www.burmeseclassic.com



'သတို့သားနဲ့ နင်တွေ့ပြီးပါပြီ'

'ဟင်… ဘယ်သူလဲ'

'ပွဲတော်ညက မျက်နှာဖုံးစွပ် မစွပ်ထားတဲ့သူလေ'

'ကိုဖွဲ့ထန်'

သူမ ကြောင်အမ်းအမ်းနှင့် သူ့နာမည်ကို ရွတ်ဆိုကြည့်ရင်း မျက်လုံးအဝိုင်းသား သိပ်ကိုစိတ်ဝင်စားဖို့ကောင်းတဲ့ ဇာတ်လမ်းတစ်ခုမှာ ကိုယ်က အရေးပါတဲ့ ဇာတ်ရုပ်တစ်နေရာကနေများ ပါဝင်ခွင့်ရနေတာလား။

နုမြတ်ကရော ဘာကြောင့်များ သူ့အကြောင်းတွေ ဆက်တိုက်ကြီး ကိုယ့်ကိုလာပြောနေရပါလိမ့်။

'ငါတွေ့ခဲ့ရတဲ့ ယောကျ်ားက သိပ်နှစ်သက်တဲ့သူတစ်ယောက်ပဲနော်၊ ပွင့်ပွင့်လင်းလင်းပြောရရင် အဲလိုလူမျိုး ငါ တစ်ခါမှ မတွေ့ဖူးဘူး၊ စိတ်တော့ အရမ်းဝင်စားတယ်၊ ပြီးတော့ သူ့အနှစ်ကိုလည်း ခဏလောက်ဖြစ်ဖြစ် ငါရချင်တယ်၊ ဟဲ့… ငါ့ကို တစ်မျိုးမထင်နဲ့ဦးနော် မိန်းမ'

'မထင်ပါဘူး၊ မထင်ပါဘူး'

မထင်ပါဘူးသာ ပြောတယ်။ နုမြတ်ကလည်း စပ်ဖြီးဖြီးရယ်။

'ငါဆိုလိုတာက ကော်ဖီဆိုင်တစ်ဆိုင်မှာ ကော်ဖီအမျိုးအစား သိပ်ကိုနာမည်ကြီးတယ် ဆိုပါစို့၊ အဲဒီကော်ဖီရဲ့ အရသာကို သိချင်လို့ သွားသောက်ကြတဲ့သဘောပေါ့၊ ငါပြောချင်တာ နင်သဘောပေါက်လား မသိဘူး'



'ပေါက်ပါတယ်၊ ပေါက်ပါတယ်'

'စကားအကောင်းပြောရင် မဖောက်နဲ့ဟာ၊ သူလည်း မနစ်နာ၊ ကိုယ်လည်း မနစ်နာတဲ့ နည်းလမ်းနဲ့ သူ့အချစ်ကို ခဏလောက်ဖြစ်ဖြစ် ငှားရမ်းသုံးစွဲခွင့်ရရင် ကောင်းမယ်'

'အင်း… နင့်စကားတွေက သိပ်ကိုမြင့်လွန်းလို့ ငါလည်း မလိုက်နိုင်တော့ဘူး'

နုမြတ်က ကော်ဖီလက်ကျန်ကို အကုန်ရှင်းလိုက်ပြီး စိတ်ကူးတစ်ခုရသွားကာ…

'ဟဲ့… သူလည်း Pianist ပဲ၊ နင့်လို အနုပညာသမားပဲ၊ တော်ကြာ အနှစ်ကို ငှားရမ်းသုံးစွဲခွင့်ပေးမယ်၊ တစ်ယူနစ်ကို ထောင့်ငါးရာကောက်နေရင် ဘယ်လိုလုပ်မလဲ'

နုမြတ်ရဲ့ ကတ်သီးကတ်သတ်စကားကြောင့် သူမ နှစ်ခြိုက်စွာရယ်မောရင်း…

'ငါက အိမ်သုံးလေ၊ ပါဝါမဟုတ်ဘူး၊ ဒီတော့ မြင်းကောင်ရေအား မလိုဘူး၊ နည်းနည်းတော့ ဈေးလျှော့ပေးသင့်တာပေါ့ဟဲ့၊ တစ်ယူနစ်ကို ငါးရာနှစ်ဆယ့်ရှစ်လောက်ဖြစ်ဖြစ်ပေါ့၊ တကယ်ပါ၊ သူ့ကို ငါ စတွေ့လိုက်ကတည်းကိုက ရင်ထဲမှာ အမျိုးအမည်မသိတဲ့ လှိုင်းတွေ ဖြတ်ပြေးသွားတာ သတိထားလိုက်မိတယ်။ သူ့ကို ငါ့ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲနဲ့ကို ခင်သွားမိတယ်၊ အချစ်ကို ခဏလောက်ဖြစ်ဖြစ် ရကြည့်ချင်တယ် ဆိုတာက စပ်စပ်ဆော့ဆော့လုပ်ကြည့်ချင်တဲ့ ကိစ္စတစ်ခုပါ၊ သူ ဘာကြောင့်များ အချစ်ကံမကောင်းခဲ့ရပါလိမ့်၊ အချစ်ကို တန်ဖိုး

www.burmeseclassic.com

www.burmeseclassic.com



ထားနိုင်တဲ့ ချစ်သူနှစ်ယောက်အတွက် ဘုရားရှင်ကလည်း ကံကောင်းမှုလောက်တော့ ပေးနိုင်သင့်တယ်'

'ဇန်ဇန်'

'ဟေ… ပြော…'

'ငါ နည်းနည်းပေါ့ဆတာလေးတစ်ခု ရှိတယ်'

'ဘာများပါလိမ့်'

နုမြတ်က မပြောခင် တစ်ရှူးဘူးထဲက တစ်ရှူးစတစ်စကို လုံးချေပစ်လိုက်ပြီးတော့မှ…

'ဒီမြို့ရဲ့ ဧည့်သည်မှတ်တမ်းမှာ နင်က မြူနှင်းဖုံဆိုတဲ့ နာမည်အရင်းကို မဖြည့်ဘဲ ဇန်ဇန်ဆိုပြီး ငါတို့ခေါ်နေကျ ခပ်လွယ်လွယ်နာမည်ကို ဖြည့်ခဲ့လိုက်တာ ငါတကယ်ဆို တားခဲ့သင့်တယ်'

'ဘာဖြစ်လို့လဲ၊ ဒီမြို့မှာ ဇန်ဇန်နဲ့ နာမည်တူမိန်းကလေး တစ်ယောက်ရှိနေလို့လား'

နုမြတ်က လုံးချေပြီးသားတစ်ရှူးအလုံးလေးကို မျက်နှာချင်းဆိုင်က ဇန်ဇန်သောက်ပြီးသား ကော်ဖီခွက်ထဲသို့ ဝင်အောင် ပစ်ထည့်လိုက်ပြီးမှ…

'အင်း… ရှိတယ်လို့ပဲ ပြောရမယ်၊ နင်နဲ့ ကိုဖွဲ့ထန်နဲ့ နောက်ဆုံးအကြိမ် အကြီးအကျယ် တိုက်ဆိုင်သွားခဲ့ကြတဲ့ ကိစ္စတစ်ခုပါပဲ'

ဒီလောက်ဆိုရင် စာရေးဆရာမ ဖြစ်ချင်တဲ့ သူမ ကောင်းကောင်းရိပ်မိသွားပါသည်။



'နင်ဆိုလိုတာက…'

'ဟုတ်တယ် ဇန်ဇန်၊ ကိုဖွဲ့ထန် အရမ်းချစ်ခဲ့ရတဲ့ သတို့သမီးရဲ့ နာမည်ကလည်း ဇန်ဇန်တဲ့'

'ဟင်…'

❖

www.burmeseclassic.com

www.burmeseclassic.com

ငါ့ရင်ဘတ်နဲ့ ကွက်တိတော်တဲ့ မြို့ကလေးမှာ
ငါ့ရင်ဘတ်နဲ့ ကွက်တိတော်တဲ့ လူတစ်ယောက်ရှိတယ်
ငါတို့နှစ်ယောက် စတွေ့ကတည်းက
စကားတွေ သိပ်ပြောစရာမလိုလောက်အောင်
ရင်ဘတ်ချင်း နားလည်ကြတယ်
ငါ့အတွက်တော့
ချစ်သူဖြစ်ခွင့်ရခြင်း မရခြင်းဟာ
အဓိကမကျပါဘူးကွယ်
ရင်ဘတ်နဲ့ ကွက်တိတော်ခွင့်ရတာကိုပဲ ကျေနပ်နေမိတယ်

## (၁၀)

လူတွေဟာ အရွယ်ရောက်လာတာနဲ့ ဘာကြောင့် ချစ်သူထားကြသလဲဆိုတဲ့ကိစ္စကို ကျွန်မလို စာရေးဆရာမဖြစ်ချင်သူတစ်ယောက် အချိန်တော်တော်ပေးပြီးကို စဉ်းစားကြည့်ဖူးတယ်။ ထွက်လာတဲ့ အဖြေတွေကတော့ အများကြီးပါပဲ။

တချို့ကလည်း အသက်အရွယ်ရလာတာနဲ့အမျှ တူတူတန်တန် လူရာဝင်ချင်လို့၊ တချို့ကလည်း မခံစားချင်တဲ့ ခံစားချက်ကို မြည်းစမ်းကြည့်ချင်လို့၊ တချို့ကျတော့လည်း ဘာမှန်းမသိတဲ့ ရင်တွင်းတစ်နေရာက စေ့ဆော်မှုကို သိစိတ်က ကြောင်အမ်းအမ်းလက်ခံလိုက်မိလို့။ အို… အစုံပါပဲ။

အဲ… တချို့သောယောကျ်ားတွေကျတော့လည်း သူတို့ကြည့်ဖူးတဲ့ ခပ်ကြမ်းကြမ်းအခွေတွေထဲကအတိုင်း အခြေအနေပေးခဲ့ရင် စမ်းသပ်ကြည့်ချင်လို့။ အဲဒီလိုမျိုးပေါ့။ တချို့မှာ နုပြီး တချို့မှာ ကြမ်းနေတတ်တာ အချစ်ပါပဲ။

တစ်ခါတလေမှာ အချစ်ဆိုတာ ကိုင်တွယ်ရခက်ခဲတဲ့ မြွေဟောက်တစ်ကောင်လိုပါပဲ။ ကိုယ့်နှလုံးသားက တစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ကလေးပေါ့ဆလိုက်တာနဲ့ အသက်တွေ၊ ခန္ဓာတွေ၊ သိက္ခာနဲ့ ဘ၀တွေ ပေးဆပ်ရတာတ်တယ်။ ဒါပေမဲ့ စဉ်းစားကြည့်လိုကြတာ လည်း လူတွေရဲ့သဘာ၀ပဲ မဟုတ်လား။

အထူးသဖြင့် ကျွန်မလို မိန်းကလေးမျိုးပေါ့။ ကျွန်မ အတွေးအခေါ်တွေဟာ တခြားမိန်းကလေးတွေနဲ့တော့ မတူတတ်ဘူး။ ကျွန်မတို့လမ်းထိပ်မှာ ၀က်သားတုတ်ထိုးရောင်းတဲ့ တရုတ်ကြီးရှိတယ်။ သူ့ကိုကြည့်လိုက်ရင် ၀က်ဆီငွေ့အဟပ်ခံရထားရတာများလို့ အသွင်တစ်မျိုးပြောင်းနေတဲ့ ရုပ်ရည်နဲ့ နီစပ်စပ် အသားအရေ၊ ဆီပေအကျႌခပ်စုတ်စုတ်နဲ့ ပုဆိုးကို ဒူးခေါင်းအထိ မ,တင်ပြီး ၀က်အူစုံတွဲတွေကို တဒေါက်ဒေါက် ဓားနဲ့ခုတ်နေတတ်တဲ့ သူတစ်ယောက်။

ကျွန်မဆိုလိုချင်တာက ဘယ်လိုအပျိုဖြန်းကလေးမျိုးကမှ ဒါကြီးကို ချစ်သူနေရာထားပြီး မစဉ်းစားကြည့်ဖူးတဲ့ လူတစ်ယောက်ပေါ့။ ကျွန်မကတော့ ရုပ်တည်ကြီးနဲ့ သူ့ရှေ့ ငုတ်တုတ်ကလေးထိုင်ပြီး ၀က်သားတုတ်ထိုးစားရင်း စဉ်းစားကြည့်ဖူးတယ်။

ကျွန်မရဲ့ စိတ်ကူးထဲမှာ အဲဒါကြီးနဲ့ အလွန်တရာမှ လိုက်ဖက်လှတဲ့ အရွယ်ခပ်လတ်လတ် တရုတ်မတစ်ယောက်ကို ဖန်ဆင်းကြည့်လိုက်တယ်။ (အဲဒီတရုတ်မက ကျွန်မကိုယ်တိုင်ပဲဖြစ်သွားတယ် ဆိုပါစို့)

'ဂျိမ်း… ဂျိမ်း… ဂျိမ်း… ဂျိမ်းဂျိမ်းဂျိမ်းဂျိမ်း ဂျိမ်း'



အိုး… ဘာပြောကောင်းလိမ့်မလဲ။ ၀တို့ဇာတ်လမ်းက တရုတ်နဂါးအက သီးမှုတ်သံတွေနဲ့အတူ နှစ်သစ်ကူးပွဲတော်ကနေ စတင်ခဲ့ပြီလေ။

ဒီရက်ပိုင်း ၀က်သားတုတ်ထိုးတွေ ရောင်းကောင်းလိမ့်မယ်ဆိုတာ ဝေါ်တို့(ကျွန်မတို့) လင်မယား မျှော်လင့်ပြီးသားပါ။ ဒါကြောင့်လို့ တူ့အလုပ်ကို ကူညီပြီး ၀က်မွေးနုတ်တင့်တာ နုတ်၊ ၀က်နားရွက်ကြားက အညစ်အကြေးတွေ ဆေးတင့်တာ ဆေး၊ ၀က်အူခွေတွေထဲက အစာဟောင်းတွေ ထုတ်တင့်တာ ထုတ်နဲ့ ဝေါ်လည်း အီလုပ်တွေ ရှုပ်လို့။

ရှောင်… ရှီး… အာလီ… ဝေါ်ခိုက်ချီ… အိုက်စွတ်… နီဖျန်… ချီ… အေ့… သုံ… တူ့ရဲ့ ရှေးဟောင်းတရုတ်တီချင်းကြီးကလည်း ပေါင်ချိန်ခေတ်တုန်းက အီတိုင်း အီသုန် အီသုန်နဲ့ ပျစ်ချွဲချွဲကြီး။

'ချွတ်ဖန့်မား' (ထမင်းစားတော့မလား)

'ဝေါ်ပုချွတ်' (ကျွန်မ မစားသေးပါဘူး)

'ချင်ဟော့ချာ' (လက်ဖက်ရည်သောက်ထားပါလား ကွယ်)

'ဝေါ်ပုရောက်' (ဟင့်အင်း)

'၀မိန်းမလေး တိတ်လိမ်မာလယ်၊ အားရီးတိတာတ်လယ်၊ ၀ အီလိုမီးမမျိုးရလာ အားရီးကံကောင်းလယ်၊ အီဟုတ်'

ဒီလိုနဲ့ ဝေါ်လည်း တူ့မြှောက်ပေးလိုက်လာလဲ့ တူ့အား နားကပ်ပြီး အောကေ့ကြည်ပါ တွဲရောင်းပစ်လိုက်ရော

www.burmeseclassic.com



ပိဿတွေရတာ တောက်တောက်လဲပဲ။ အပျော်လွန်ပြီး နမ်းလှဲ့ အနမ်းသွေးထဲမှာတောင် ဝက်ဆီဖတ်အနံ့တွေ ရလို့၊ ဝေါ်တို့ဘုံကျောင်းတွေလှီး သွားကြလယ်၊ ခွေမျိုးတွေကိုလှီး ဒူးထောက်ပြီး ကန်တော့ကြလယ်၊ ပျော်လို့ ရှလွင်လို့၊ ပိဿတွေလှီး ပေါလို့၊ အဲ··· ညအိပ်ပြီဆိုရင်တော့···

'ဘာလိုလဲ··· မိစားကောင်းဘူးလား၊ ဝကိုကြည့်ပြီးနီရယ်သယ်'

'ကောင်းလယ်၊ သကောဟာ ကောင်းလယ်၊ အဲ··· စားကောင်းပါတယ်၊ အဟီး···'

'မတီပါဘူး၊ ပြူးစိစိလဲ့မို့လို့ မိစားကောင်းဘူးလားလို့'

တရုတ်ကြီးက ချေးနည်းနည်းကြီးတဲ့ အူပိတ်နှစ်ခုကို ခုတ်ပြီး အဆစ်လှမ်းပေးလိုက်တာမို့ ကျွန်မလည်း ဘယ်လိုမျက်နှာနဲ့ အဲဒါတွေစားခဲ့မိမှန်း မသိပါဘူး။

ဒီလိုပါပဲ။ စာရေးဆရာမတစ်ယောက်ရဲ့ စိတ်ကူးဆိုတာဘောင်မရှိဘူး။ ဆင်ခြင်တုံတရားရဲ့ အပြင်ဘက်ကိုလည်း ရောက်ချင် ရောက်သွားတတ်တာပဲ။ ဘောင်ကျော်ပြီးတွေးလိုက်တဲ့အတွေးစတွေဟာ မြင်းရိုင်းတစ်ကောင်ကို ပစ်ဖမ်းတော့မယ့်ကြိုးကွင်းတစ်ခုလိုပါပဲ။

စောစောက ဝက်သားတုတ်ထိုးရောင်းတဲ့ တရုတ်ကြီးကိစ္စလိုပေါ့။ ကန့်သတ်ချက်ကိုကျော်ပြီး တွေးကြည့်လိုက်တယ်။ တရုတ်သီချင်းတွေလည်း ပါလာတယ်။ အော်ကေ့ကြည်တွေ၊ ဘုံကျောင်းတွေလည်း ပါလာတယ်။



ဒါနဲ့ပြောရဦးမယ်။ ကျွန်မတို့အိမ်ကို နွားနို့လာပို့နေသူက ကုလားအဘိုးကြီးရယ်။ ဒီလိုဆို သင်တို့သဘောပေါက်ပြီးရယ်ချင်နေလောက်ရောပေါ့။ ရယ်ပါ။ ကျွန်မဟာ ဝင်းဝင်းမော်ပြောသလို တစ်ခါတစ်ရံ အင်ဒီးယားနားကျူး(စ်)ဆန်နေပြီး တစ်ခါတစ်ရံလည်း ကုလားမအဘွားကြီးဖြစ်နေပြီလား မပြောတတ်ဘူး။

ကျွန်မ နည်းနည်းကလေး အိမ်မင်းကြည့်လိုက်တယ်။

အို··· ဘာပြောကောင်းမလဲ။ ကျွန်မရယ်လေ နှာခေါင်းမှာ ရွှေနားကွင်းလေးနဲ့ ဆာရီလေးခြုံပြီး တစ်ခါတည်းကို နို့ထိုင်ညှစ်တော့တာပဲ။

အဘိုးကြီး မြို့ထဲသွားပြီး နို့မပို့သေးခင် နို့ပုံးကြီးဖွင့်ပြီး ရေတစ်ပုံး ရောပေးလိုက်သေးတယ်။ အဘိုးကြီးပေးတဲ့ငွေနဲ့ မလောက်လို့ နောက်ပိုင်းမှာ အိမ်ဆိုင်ကလေးဖွင့်ပြီး ချပါတီလေး ဘာလေးလည်း ရောင်းလို့ပေါ့။

တစ်ခါတလေ အဘိုးကြီး မူးပြီး အိမ်ပြန်လာတဲ့ရက်တွေဆို ကျွန်မက ပွစိပွစိပြောတတ်တော့ တုတ်နဲ့လိုက်ရိုက်တာအိမ်ပတ်ပြေးရသေးတယ်။ အဘိုးကြီးနဲ့ ကျွန်မနဲ့ စကားပြောခန်းတွေဟာလည်း ကပေါက်တိကပေါက်ချာနဲ့ ရယ်စရာကောင်းနေတတ်သေးတယ်။

ဆိုပါစို့။

'အိမ်မှာ မဆလာကုန်နေပြီ၊ နင်မဆလာကြိတ်လိုက်ဦး'တို့၊ 'ငါ ဒီတစ်ခါခေါင်းလျှော်ရင် ဒိန်ချဉ်နဲ့ လျှော်ချင်တယ်၊ ဆာရီအသစ်မဝယ်ရတာလည်း ကြာပြီ၊ နင် ငါ့ကို ပိုက်ဆံပေးဦး'တို့ ဘာတို့ပေါ့။

www.burmeseclassic.com



ကျွန်မဟာ ဒီလိုပဲ ရုပ်တည်ကြီးနဲ့ တွေးချင်ရာ တွေးနေတတ်ပြီး ဇာတ်လမ်းအချိုတ်အဆက် အပိုင်းအစလေးတွေ ရလာတတ်တဲ့အခါ ကောင်းတာလေးတွေရှိရင် ကျွန်မရေးတဲ့ လုံးချင်းတွေထဲမှာ ထည့်သုံးလေ့ရှိတယ်။

ကျွန်မ ဖြောင့်ချက်တွေ ပေးတာ သိပ်များပြီ။ ရှင်တို့ ငြီးငွေ့နေကြပြီလား။

ဒီစကားတွေရှေ့မှာ ခံထားရတာ ကျွန်မမှာ ဝန်ခံစရာ ကိစ္စလေး ရှိနေလို့ပါ။

ကျွန်မဘဝမှာ ကုလားကြီး၊ တရုတ်ကြီးတို့လို ပေါက်တတ်ကရနည်းလမ်းနဲ့ မဟုတ်ဘဲ လူတိုင်းမျက်နှာဖုံးစွပ်ရတဲ့ ပွဲတော်မှာတောင် ပကတိရိုးရှင်းတဲ့မျက်နှာနဲ့ တိတ်တဆိတ် ဝင်ရောက်လာတဲ့သူတစ်ယောက် ရှိနေပြီလို့ ရှင်တို့ကို အသိပေးချင်လို့ပါ။

သူဟာ ကျွန်မဘဝမှာတော့ ထူးထူးခြားခြားဆိုသလို မင်းနဲ့ ကြယ်ပွင့်သုံးပွင့်ပြထားမိတဲ့ ကျွန်မရဲ့ ချစ်လှစွာသော 'ကို'ပေါ့။

❖

ချစ်သူ...
စစ်ဘုရင်နပိုလီယံကြီး စိတ်ဆိုးတုန်းက ဖြစ်မှာပေါ့ကွယ်...
မိန်းမဆိုတာ ယောက်ျားတွေရဲ့ ကျွန်ပါပဲတဲ့။
(ဒေါသထွက်လို့ ချတဲ့ကောက်ချက်လည်း ဖြစ်ကောင်းဖြစ်မှာပေါ့။
သူ့လောက် မိန်းမချစ်တတ်တာ သူပဲရှိတယ်လေ)
အင်း... သူ့ရဲ့ လေသံအတိုင်း နင်းပြီးပြောရရင်
ကိုလည်း ကိုယ့်ကိုယ်ကိုယ် မေးနေမိတယ်။
ကျွန်ုပ်ရဲ့ ငယ်ကျွန်ကြီး ဘယ်ရောက်နေပြီလဲလို့။
မင်းကို သိပ်... သိပ်... လွမ်းတယ် ဇန်ဇန်

ချစ်တဲ့ "ကို"

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

ဟိုတယ်ရဲ့လော်ဘီထဲမှာ စန္ဒရားတီးသံတချို့ ဆွတ်ပျံ့လွင့်မျောနေသည်။

လွမ်းမောဖွယ်ရာကောင်းသော စာသားများကို ဟာသနှောပြီး ရေးတတ်တဲ့ လက်ချောင်းများက အခုတော့ အဆိုတော်မပါ။ Vocal သံမပါဘဲ စန္ဒရားတစ်လုံးဖြင့် သီချင်းတစ်ပုဒ်လုံးကို စီကာပတ်ကုံး ညှတ်နေအောင် တီးခတ်နေသည်။

'တကယ်တော့ နင်တို့ ထပ်ဆင့်ထပ်ဆင့် တိုက်ဆိုင်နေကြတာပါဟာယ်၊ ဟိုကလည်း တစ်ဖွတ်ထိုးသမား၊ နင်ကလည်း အင်ဒီယာနာဂျုံး(စ်)ကြီး။ တကယ်ဆို နင် ဒီကိုလာပြီး သူ့စန္ဒရားလက်သံကို လာပြီးနားထောင်တာကိုက ရူးတာပဲ၊ နင်တို့နှစ်ယောက်ကို ငါ မတွေ့စေချင်ဘူး။ ဘယ်သူကိုမှ မထိခိုက်မနစ်နာစေချင်ဘူး'

နုမြတ်တော့ ပွစိပွစိပြောမဆုံး။

မနေ့က ပန်းခြံကနေ နုမြတ်တို့အိမ်ကို ပြန်ရောက်တော့



ဇန်ဇန်ဆိုပြီး လိပ်မူထားတဲ့ စာတစ်စောင်က သူမကို စောင့်ကြိုနေခဲ့သည်။

ချစ်သူကို လွမ်းလွမ်းရှိတာနဲ့ ရောက်ချင်တဲ့နေရာရောက်ဆိုပြီး ချစ်သူနာမည် လိပ်မူပြီးထည့်ခဲ့တဲ့ စာဟာ ဘာမဆိုင် ညာမဆိုင်နှင့် သူမဆီရောက်လာခဲ့မှန်းလည်း သဘောပေါက်ပါသည်။

စာက တစ်စောင်တည်းတော့ မဟုတ်ဘူးရှင့်။

သူမ ဒီမြို့ကို မရောက်ခင်တုန်းက နေ့စွဲနဲ့ နောက်တစ်စောင်ပါ ထပ်ရောက်လာသေးတာ။

ဖတ်ပြီး ဟိုဇန်ဇန်ကိုယ်စား ဒီဇန်ဇန်တောင် ရင်ခုန်မိပါတယ်။

အနုပညာသမားတစ်ယောက်ရဲ့ စိတ်ကူးစိတ်သန်းကောင်းကောင်းနဲ့ ပြေပြေပြစ်ပြစ် လွမ်းလွမ်းမောမော ရေးထားတဲ့ စာတိုလေးတွေ။

'နောက်တော့ ကျွန်မလည်း နုမြတ်ကို ဂဂျီဂဂျောင်ကျမိလိုက်ပါရော။ ငါ သူ့ရဲ့ စန္ဒရားလက်သံကို နားထောင်ချင်တယ် ဘာညာပေါ့လေ။

နုမြတ်ခမျာလည်း တားချင်ပေမယ့် မြို့ခံက တာဝန်ကျေဘူးအပြောခံရမှာ ကြောက်ပြီး နောက်တစ်နေ့ ညဦးပိုင်းရောက်တော့ ခွဲထန်စန္ဒရားတီးခတ်ရာ Myth ဟိုတယ်ကို ကြည်ကြည်ဖြူဖြူမဟုတ်ဘဲ ပွစိပွစိပြောရင်း လိုက်ပို့ပေးတော့တာပါပဲ။

'ဘယ်အချိန်မှာ ဘရိတ်အုပ်ရမယ်ဆိုတာကို သိပြီး

www.burmeseclassic.com

www.burmeseclassic.com



ရောက်တဲ့နေရာမှာ တိခနဲရပ်ပစ်နိုင်တဲ့သူတွေအတွက်တော့ ဘယ်အလုပ်မဆို လုပ်လို့ရတယ်'

နုမြတ်က သူမစကားကြောင့် နားကြားပြင်းကတ်သွားပြီး…

'ဒါဆို နင် လူကြားသူကြားထဲမသွားခင် ပဲကြီးလှော်တွေ ကြိုစားထားပါလား၊ အချိန်မီ ဘရိတ်အုပ်နိုင်မလား၊ မအုပ်နိုင်ဘူးလားဆိုတာ သိရအောင်'

'ဘူ…'

တိုက်ဆိုင်သွားတယ်ပဲ ဆိုရမလား။

သူမတို့နား ရောက်ရှိလာသော စားပွဲထိုးလေးခမျာ ထိန်းချုပ်ထားရင်းကြားက ခပ်အုပ်အုပ်ကလေး လေလည်သွားတာမို့ သူမတို့မှာ မရယ်မိအောင် ထိန်းချုပ်လိုက်ရ၏။ (မကြားဟန်ပါ ဆောင်လိုက်ကြရင်း) ဇန်ဇန်က ထိုစားပွဲထိုးကလေးကို…

'မောင်လေး… ဒီနေ့ ဘာနဲ့ထမင်းစားလဲ'

'ဗျာ'

'ဩော်… အစ်မက ဘာနဲ့စားလဲလို့ မေးတာ'

'ငါးကြော်နဲ့ ချဉ်ရည်ဟင်းနဲ့ ခင်ဗျ'

သူမ နုမြတ်ကို မေးတစ်ချက်ဆတ်ပြလိုက်ပြီး…

'တွေ့လား၊ ဒါလုပ်မှ ဒါဖြစ်တာ မဟုတ်ဘူး၊ ဟိုဟာလုပ်တာတောင် ဒါဖြစ်တတ်တယ်၊ လောကကြီးမှာ ဘရိတ်မအုပ်တတ်လည်း ကိစ္စမရှိဘူး၊ တိခနဲ မရပ်တတ်ရင်လည်း ကိစ္စမရှိဘူး၊ This, too, will pass ပဲ၊ ပြီးတောလည်း ပြီးသွားတာဝါပဲဆိုတဲ့ အနိစ္စကိုပဲ နှလုံးသွင်းရတယ်'



အီးကနေ ရထားတဲ့ အီးဒဿနကို ဖွင့်ပြီးတဲ့နောက်မှာတော့ သူမတို့နှစ်ယောက် မျက်နှာပြောင်ပြောင်နှင့်ပင် ဟိုတယ်က အပေါ်ဆုံးခရမ်းချဉ်သီးဖျော်ရည်နှစ်ခွက်ကို မှာလိုက်ကြသည်။

ဝိတ်တာလေး ထွက်သွားတော့မှ နုမြတ်က 'နင်ဟာလေ'ဆိုပြီး တခွိခွိရယ်မောလေတော့၏။

သူကတော့ စန္ဒရားတီးကောင်းနေတုန်းပေါ့။

'ဇန်ဇန် နားထောင်စမ်း၊ ဒီသီချင်း ငါကြားဖူးသလိုပဲ'

'Strangers In the Night လေ၊ တကယ့်ဂန္ထဝင်သီချင်းပဲ၊ စာသားကလည်း အရမ်းကိုကောင်းတယ်၊ အမှောင်ယံထဲက ချစ်သူနှစ်ယောက်ရဲ့ ဆွတ်ပျံ့ဖွယ်ရာ စိတ်ခံစားမှုတွေ၊ အထိအတွေ့တွေကို ရင်ခုန်စရာ ဖွဲ့နွဲ့ထားတာ၊ အရောင်အဆင်းအဖြစ်သာ ဒီသီချင်းကို မြင်တွေ့ခွင့်ရမယ်ဆိုရင် ဒီသီချင်းဟာ တကယ့်ကို အနီရင့်ရောင်နဲ့ ချောကလက်ရောင်ရောထားတဲ့ ကာလာတစ်ခုပဲ'

'အိုး… ဟိုး… ဟိုး… လိုက်လို့မမီတော့ဘူးဟေ့'

'လိုက်လို့မမီရအောင် ငါက (၅၁) ကို ဖိုက်နေတဲ့ (၄၈) အထူးလိုင်းမဟုတ်ဘူး'

'ကဲ… ကဲ… ရှိစေတော့ စကားတောင်စားမ၊ ဟိုမှာ သီချင်းပြီးတော့မယ်၊ ဘာလုပ်မှာတုံး'

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အီးဒသနတရားခံဝိတ်တာလေးက ခရမ်းချဉ်သီးဖျော်ရည်နှစ်ခွက် လာချသဖြင့် သူမက…

'Break Time ဘယ်အချိန်လဲ'

'ဒီတစ်ပုဒ်တီးပြီးရင် Break Time ခင်ဗျ'

'အိုကေ…'

သူမက စားပွဲမှာ အလှထိုးထားတဲ့ နှင်းဆီအနီရဲရဲတစ်ပွင့်ကို ယူလိုက်ကာ နေရာက ထလေတော့ နုမြတ်က 'နှင် ငါတို့မြို့မှာ သွက်ကို သွက်လွန်းတယ်'လို့ မကျေမချမ်းပြောရင်း ကျန်ရစ်ခဲ့လေတော့သည်။

ဒါတောင် သူမက 'သွက်ရအောင် ငါက ဆီထည့်ထားတဲ့ ဆုံလည်ကြီးမဟုတ်ဘူး'လို့ စိတ်ထဲကနေ ခွပ်လိုက်သေးသည်။

❖

(၁၂)

စန္ဒရားခလုတ်ကလေးများအပေါ် လိပ်ပြာတစ်ကောင်အတောင်ပံခတ် ကခုန်နေသလို အတို့အထိကို အနုတ်အသိမ်းကျွမ်းကျင်ပိုင်နိုင်စွာ တီးခတ်နေတဲ့ သူ့လက်ချောင်းကလေးများရပ်တန့်ပြီးဆုံးသွားသောအခါ မိန်းကလေးတစ်ယောက် သူ့ရှေ့ရောက်လာပြီး အနီရင့်ရောင်နှင်းဆီပန်းကလေး ကမ်းပေးလိုက်သည်။

'အရမ်းကောင်းတယ်၊ ကျွန်မရဲ့လက်ဆောင်ပါ'

'ဟင်…'

သူ အနည်းငယ်မှင်တက်အံ့သြသွားရပြီ။ မျက်နှာဖုံးစွပ်ပွဲတော်မှာတုန်းက 'Greatest Bell Amusement Solo ပဲ'လို့ မှတ်ချက်ချလိုက်တဲ့အပေါ် သဘောကျခဲ့ပြီး ငွေခေါင်းလောင်းလေးလက်ဆောင်ပေးခဲ့ဖူးတာကို မမေ့သေးတဲ့ပုံပါပဲ။

'ကိုယ် ပွဲတော်မှာတုန်းက ငွေခေါင်းလောင်းလေး ပေးခဲ့ဖူးတဲ့ ကောင်မလေးပဲ'

'ဟုတ်ပါတယ်၊ အင်း'

www.burmeseclassic.com

www.burmeseclassic.com



သူမက သံရှည်တစ်ချက်ဆွဲလိုက်ရင်း ပြောသင့် မပြောသင့် ချင့်ချိန်လိုက်ကာ နောက်ဆုံးမှာတော့ နည်းနည်းလေး အရဲစွန့်လိုက်ပြီး…

'စာထဲကအတိုင်းဆိုရင်တော့ ဘယ်လိုခေါ်မလဲ၊ ငယ်ကျွန်ကြီးလို့ ပြောရမလားပဲ၊ အဟင်း…'

ဒီစကားကို ကြားတော့ သူ့ အတော်ကလေးစိတ်လှုပ်ရှားသွားပြီး…

'ဟင်… နေပါဦး၊ ကိုယ်ထည့်လိုက်တဲ့ စာက မင်းဆီရောက်သွားတာလား'

သူမ ခေါင်းညိတ်ပြလိုက်မိသည်။ သူကလည်း ဆက်မေး၏။

'ဒါဆို မင်းနာမည် ဇန်ဇန်ပေါ့'

'ဟုတ်ကဲ့'

'အာ… ဆောရီး၊ ဆောရီး ကောင်မလေး၊ တကယ်တော့ ကိုယ် ကိုယ့်ချစ်သူကိုလွမ်းလို့ စိတ်ထွက်ပေါက်ပေးတဲ့အနေနဲ့ ကောင်းကင်ပေါ်ကို ကျည်တစ်တောင့် ထောင်ဖောက်လိုက်တာပါ၊ မင်းအပေါ်ကိုကျသွားလိမ့်မယ်လို့ မရည်ရွယ်ခဲ့ဘူး'

'ကျွန်မ နားလည်ပါတယ်၊ တိုက်ဆိုင်သွားကြတာပါ၊ စိတ်ထဲမှာ ဘယ်လိုမှသဘောမထားပါဘူး၊ အင်း… ဒီကအစ်ကိုလည်း…'

'ကိုယ့်နာမည် ဇွဲထန်ပါ ညီမ'

'ဟုတ်ကဲ့… ကိုဇွဲထန်လည်း ဘယ်လိုမှ သဘောမထားပါနဲ့'



'အေးဗျာ၊ မင်းရဲ့ နှင်းဆီပွင့်လက်ဆောင်အတွက် ကျေးဇူးပါ၊ ကိုယ်နည်းနည်း အရူးထသွားတယ်၊ ဟား… ဟား… ဒီမြို့မှာ ဇန်ဇန်ဆိုတဲ့ မိန်းကလေးက တစ်ယောက်ပဲ ရှိတာလေ၊ ကိုယ့်ချစ်သူက ဆုံးသွားပါပြီ'

'ကျွန်မ ကြားပါတယ်'

'အင်း… တော်တော်စိတ်ကသိကအောက်ဖြစ်ရတဲ့ ကိစ္စတစ်ခုပဲ၊ ကိုယ့်ဇာတ်လမ်းကလည်း ဟိုးလေးတကျော်ပဲလေ၊ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်ချစ်သူကို သိုသိုသိပ်သိပ်နဲ့ လက်ထပ်ပေါင်းသင်းလိုကြတာပဲ မဟုတ်လား'

'ဟုတ်တာပေါ့'

'ထားပါ၊ ဒါတွေပြောပြနေလို့လည်း မင်းနားလည်မှာမဟုတ်ပါဘူး၊ နောက်ကို စာတိုက်ကနေ စာမထည့်တော့ပါဘူး၊ ဒီဟိုတယ်ကို မလာခင် လမ်းမှာ စာတိုက်မှူးကြီးနဲ့ ကိုယ်တွေ့ခဲ့သေးတယ်၊ ကိုယ့်ကိုမြင်တော့ မျက်ထောင့်နီကြီးနဲ့ ဖုတ်သဘက်ကိုကြည့်သလို အကြည့်ခံလိုက်ရသေးတယ်'

'ရှင်က ပေါက်တတ်ကရလုပ်တာကိုး' လို့ စိတ်ထဲက ပြောလိုက်ရင်း သူမ တစ်ချက်ရယ်မောလိုက်ကာ…

'ဖြစ်နိုင်ရင် စာတွေဆက်ထည့်ပါလား၊ အချောင်ဖတ်ခွင့်ရမယ်ဆိုရင် ဒီမြို့မှာ ရှိတုန်း ကျွန်မ ဖတ်ကြည့်ချင်ပါတယ်'

အဓိပ္ပာယ်တစ်မျိုးစီပါတဲ့ မျက်ဝန်းအကြည့်တွေ လေထုတစ်နေရာမှာ ပွတ်တိုက်တွေ့ဆုံဖြစ်ကြသည်။

နောက်တော့ သူက Break Time အချိန် နာရီဝက်

www.burmeseclassic.com

www.burmeseclassic.com



ကလေးအတွင်းမှာ ကျွန်မအတွက် အကောင်းစားကော်ဖီတစ်ခွက် မှာပေးပြီး ဧည့်ခံခဲ့ပါတယ်။

ကျွန်မတို့ စကားတွေအများကြီးပြောဖြစ်ခဲ့ကြတာပေါ့။

သူက ကျွန်မကို ဇန်ဇန်လို့မခေါ်မိအောင် အတင်းကို သတိထားထိန်းသိမ်းနေပြီး ကောင်မလေးလို့သာ သုံးစွဲပါတယ်။ သူက ကျွန်မရဲ့ အလုပ်အကိုင်ကို အရင်စမေးတာရှင့်။ အခုမှ စတွေ့တဲ့ သူစိမ်းတစ်ယောက်ကို ဖြေဖို့ ဝန်လေးမိတဲ့ မေးခွန်း တစ်ခုပါပဲ။

'ကျွန်မ စာရေးတယ်'

'ကိုယ်ထင်ပါတယ်၊ Artist တစ်ယောက်ပဲဖြစ်လိမ့်မယ် လို့၊ ပြောတဲ့စကားတွေက သူများနဲ့ သိပ်မတူဘူးလေ၊ စာရေး ဆရာမပေါ့၊ ဟုတ်လား'

'စာရေးသူအဆင့်ပါ၊ စာရေးဆရာမတော့ မဖြစ်သေး ဘူးထင်တာပဲ'

'အင်း... ဘယ်လိုပဲဖြစ်ဖြစ် ကိုယ် မင်းရေးတဲ့စာအုပ် တွေ ဖတ်ကြည့်ချင်ပါသေးတယ်'

'တစ်ချိန်ချိန်တော့ လက်ဆောင်ပေးခွင့်ရမယ် မျှော်လင့် ပါတယ်၊ ကျွန်မ လုံးချင်းတွေ ထွက်ဖို့ နည်းနည်းလိုသေးတယ် ရှင့်'

'မင်းနဲ့ ကိုယ်နဲ့ စတွေ့ကတည်းက ရင်းနှီးသလိုခံစား ရတာ အနုပညာသွေးချင်း စကားပြောကြတာဖြစ်မယ်၊ ဂီတ ပညာရှင်တော်တော်များများနဲ့တော့ ကိုယ်ရင်းနှီးပါတယ်၊ စာရေး



ဆရာမနဲ့တော့ မရင်းနှီးဖူးဘူး၊ ပြောပါဦး၊ မင်းရေးတဲ့ ဝတ္ထုတွေ က အချစ်ဝတ္ထုတွေလား၊ ဘာကြောင့် စာရေးဖြစ်သွားတာလဲ'

'စပ်ဆော့ရင်း စာရေးဖြစ်သွားတာပါ၊ ကျွန်မရေးတဲ့ ဝတ္ထုတွေက ရိုးမန့်မဆန်ပါဘူး၊ လူတွေဟာ အမြဲတမ်း ရိုးမန့် (Romance) ဆန်နေကြတာမှ မဟုတ်ဘဲ၊ ကမောက်ကမတွေ၊ အဆီ အငေါ်မတည့်တာတွေ ဖြစ်နေကြတာပဲလေ၊ ကျွန်မမှာ သူတကာ ထက် ထိုးဖောက်မြင်နိုင်စွမ်းရှိတဲ့ သိပ်ကဗျာမဆန်တဲ့ ကျီးကန်း မျက်လုံးတွေ ရှိတယ်ရှင့်၊ အဲဒီမျက်လုံးကြီးက အရာရာကို မြင် နေတတ်တယ်၊ အင်း... အဲဒီလိုနဲ့ပဲ စာရေးဖြစ်သွားတယ် ဆိုပါ တော့'

'ဟား... ဟား... ဟား... ကြိုက်တော့သွားပြီ၊ မိန်းကလေး စာရေးတယ်ဆိုတော့ အချစ်ဝတ္ထုလောက်ပဲ ရေး တယ်ထင်နေတာ၊ အင်း... ဘဝဟာ အဆီအငေါ်မတည့်ဘူးဆို တာတော့ သိပ်ကိုမှန်တယ်'

သူက စကားပြောနေရင်း နာရီတစ်ချက်ကြည့်လိုက် ပြီး...

'စကားတွေက အများကြီးပြောချင်သေးတယ်ကွ၊ ကိုယ့် Break Time ကလည်း ပြီးတော့မယ်၊ ဒီလိုလုပ်ပါလား၊ မင်း ဘယ်နေ့တွေ အားလဲ'

'အချိန်ပြည့်အားတယ်လေ၊ ဒီမြို့နဲ့ပတ်သက်တဲ့ကိစ္စတွေ အကြောင်းအရာတွေအားလုံး ကြားချင်၊ စပ်စုချင်တယ်'

'ကိုယ့်ဇာတ်လမ်းလည်း အပါအဝင်ပေါ့၊ ဟုတ်လား'

www.burmeseclassic.com



ဒီမေးခွန်းကိုတော့ သူမ မဖြေဘဲ ပြုံးပြီးပဲ နေလိုက်မိတယ်။

'မနက်ဖြန်နေ့လယ်လောက် အားမလား၊ ကိုယ်နေ့လယ်က ကျွေးပါ့မယ်၊ အေးအေးဆေးဆေး စကားပြောကြတာပေါ့'

'ဖြစ်နိုင်ရင် Sight Seen ထွက်ချင်တယ်ရှင့်၊ မြို့ရဲ့ အရှေ့ဘက်မှာ ထင်းရှူးတောအုပ်တစ်ခု တွေ့ထားတယ်။ ကျွန်မ တောအုပ်တွေနဲ့ သိပ်မရင်းနှီးဘူး'

သူက သူမစကားကြောင့် စူးစူးစိုက်စိုက် တစ်ချက် ကြည့်လိုက်မိတာမို့...

'ကျွန်မသူငယ်ချင်း ဒီက မြို့ခံတစ်ယောက်လည်း ပါမယ်လေ၊ ဘယ်လိုလဲ'

'အိုကေလေ... မင်းသွားချင်တဲ့ တောအုပ်က ရိုးရိုး တောအုပ်ပါ၊ အထဲမှာ မြေနီလမ်းတွေ အများကြီးရှိတယ်၊ မြို့ထဲမှာထက် နည်းနည်းလေး ပိုအေးတယ်ပေါ့ကွာ၊ ဟောလီးဝုဒ် တောတွင်းဇာတ်ကားတွေလိုတော့ Adventure တွ မရှိဘူးနော်၊ ကြိုပြောထားတာ၊ ပျင်းနေတယ်ဖြစ်နေမှာစိုးလို့'

'ဟင့်အင်း... မပျင်းပါဘူး၊ ဟို ကျွန်မ ရှင့်အကြောင်း တွေလည်း နည်းနည်းစပ်စုတယ်နော်၊ အဲဒီကျရင်...'

သူက ခေါင်းဆတ်ပြသည်။

Break Time အချိန်ပြီးသွားပြီမို့ သူစန္ဒရားတီးခတ်ရတော့သည်။ ထိုညက သူမ သူ့ကို Killing me softly with his song သီချင်းလေးတီးပြစဉ် တောင်းဆိုခဲ့သေးသည်။

❖

(၁၃)

'ကျွန်မ အရမ်းပျော်တယ်၊ အရမ်းပျော်တယ်'

တောစပ်ကိုရောက်တော့ သူမအပျော်လွန်ပြီး ခုန်ဆွ ခုန်ဆွလုပ်ကာ အကျယ်ကြီးအော်လေတော့ သူက လူကြီးတစ်ယောက်ရဲ့ ရင့်ကျက်မှုအပြည့်မျက်နှာထားနဲ့ ပြုံး၍သာ သူမနောက်ကနေ ဆိတ်ဆိတ်လိုက်လာခဲ့သည်။

နာရီအနည်းငယ်အလိုလောက်က မိုးတစ်ဖြိုက်၊ နှစ်ဖြိုက် ရွာထားခဲ့လို့ပဲ ဖြစ်ပါလိမ့်မည်။ ရှင်းသန့်ကြည်စင်သော မြေသားရနံ့နဲ့အတူ ထင်းရှူးတောဟာ ရေကစားပြီး နတ်ရေကန်ထဲက ထွက်လာတဲ့ အစိမ်းရောင်နတ်သမီးတစ်ပါးလို စိမ်းစိုရွှင်လန်းနေတော့သည်။

တကယ်တော့ ကျွန်မတို့ သူငယ်ချင်းနှစ်ယောက် တောထဲကိုသွားဖို့ ဖွဲ့ထန်ချိန်းဆိုထားရာ ကော်ဖီဆိုင်ကို ရောက်ခဲ့ကြပြီး ဖွဲ့ထန်ရောက်မလာခင် မိနစ်ပိုင်းအလိုလောက်မှာတင် မျက်မှောဖုံးစွပ်ပွဲတော်ညက နှမြတ်ရဲ့ ရည်းစားလိုလို ဘာလိုလို လူကြီး

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာခဲ့ရင်းကနေ ကိုနဲ့ ကျွန်မ အကွာအဝေးတွေက မတော်တဆနီးကပ်လာခဲ့ကြတာပါ။

နုမြတ် မိတ်ဆက်ပေးလို့ သူ့နာမည် ဘုန်းလတ်လို့ သိရတယ်။

တောထဲ ဘာသွားလုပ်မှာလဲ။ မိုးလည်း ရွာထားတော့ မြေနီတွေ ချော်နေပြီး သွားလာရခက်တယ် ဘာညာပြောကတည်းက ကျွန်မတို့ရဲ့ မူလအစီအစဉ်တွေ ပျက်ပြီဆိုတာ သိပြီးသား။ နုမြတ်ဆိုတာလည်း အဲဒီလူနဲ့ တွေ့လိုက်ကတည်းက အရည်တွေ ပျော်ကုန်ပြီး တစ်ဝက်စီလိုက်သိမ်းရတော့မှာကို လေသံကအစ ညှင်းသွဲ့ငြိမ့်ညော သိမ့်သိမ့်မောနေပြီး တစ်ဖက်ကလည်း ရာမ မင်းသားရဲ့ အမှာစကား၊ တစ်ဖက်ကလည်း ရွှေသမင်ဖမ်းလိုတဲ့ စည်းဝိုင်းထဲက မယ်သီတာလို ဝေခွဲမရ။ ဒီတော့ ဇန်ဇန်လည်း သူမကို ဆောင့်ကန်ပစ်ချင်နေပြီး ဒဿဂီရိနဲ့ညားမှ အေးမယ့် ဟာမလို့ မေတ္တာပို့ကောင်း ဆုတောင်း။ ဖွဲ့ထန်ရောက်လာတော့မှ အခြေအနေက အဆင်ပြေသွားတော့သည်။

'တောထဲ မင်းမလိုက်ချင်ဘူးဆိုတာ ငါသိပါတယ် ဘုန်းထက်ရာ၊ ညီမကလည်း အားမနာနဲ့၊ ကိုယ့်ကို စိတ်ချတယ်ဆို ညီမသူငယ်ချင်းကို ကိုယ်လိုက်ပို့ပေးလို့ရတာပဲ၊ သူက စာသမားဆိုတော့ ဟိုရောက်ရင် အရမ်းစပ်စုမှာ သေချာတယ်၊ ဒါကြောင့် ကိုယ် အိမ်က အဆာပြေမုန့်တွေထည့်လာခဲ့တယ်၊ ညီမတို့အဲဒီလောက် တောထဲမှာ ကြာကြာနေချင်မှာ မဟုတ်ဘူး'

နုမြတ်နဲ့ ဖွဲ့ထန်က အရင်းနှီးကြီးမဟုတ်သော်ငြား မြို့ခံ



တွေမို့ မျက်မှန်းတန်းမိရှိကြပြီး နုမြတ်ရဲ့ ဘာလိုလိုကြီးနဲ့ကတော့ အတော်လေး ရင်းနှီးပုံရပါသည်။

နုမြတ်ခမျာလည်း အခုမှပဲ ဒဿဂီရိရန်က လွတ်ကင်းသွားပြီး ရာမမင်းသားကိုရော၊ ရွှေသမင်အစစ်ကိုပါ ရသွားတဲ့ မယ်သီတာလေးလို ပဝါကလေးခပ်တင်ပြီး မကာရုံတစ်မယ် ဝမ်းသာသွားပြီး…

'အယ်… ဟို… အဟင်း… ဟီး… ဇန်ဇန်၊ အဲ… ဆောရီး ကိုဖွဲ့ထန်၊ သူငယ်ချင်းဖြစ်ဖြစ်ပါ့မလားဟင်'

'နင်ဖြစ်ရင် ငါဖြစ်တယ်၊ နင်မဖြစ်ရင်တော့ ငါလည်း မဖြစ်ဘူး၊ အေးဆေး'

'အဲ… နင်ဟာလေ'

ဇန်ဇန့်စကားကြောင့် သူမတို့လေးယောက်သား ရယ်မောလိုက်ကြပြီး နုမြတ်က ကြပ်ပေးလိုက်သေးသည်။

'ကိုဖွဲ့ထန်ကိုတော့ ယုံပါတယ်၊ ကိုယ့်သူငယ်ချင်းကိုသာ မယုံတာ၊ သူက စကားပြောရင်လည်း လက်ပေါက်ကပ်တယ်၊ စပ်စုတာလည်း မပြောပါနဲ့၊ တော်ကြာ ဖွ… မပြောကောင်း ပြောကောင်း တောထဲလည်ပြီး ပြန်ထွက်မရဖြစ်နေမှာတို့ ဘာတို့စိုးတာ'

'အာ… ကြံကြံဖန်ဖန် မလည်ပါဘူးဗျာ၊ တောထဲမှာ တောစောင့်တွေရှိပါတယ်၊ ညီမကသာ မသိတာ၊ အထဲမှာ တောစောင့်တဲ့သုံးလုံးရှိတယ်၊ အဘိုးကြီး အဘွားကြီးတွေနဲ့လည်း ရင်းနှီးတယ်၊ ဘာမှမဖြစ်စေရဘူး၊ စိတ်ချ… အဲ… တစ်ခုပဲ

www.burmeseclassic.com

www.burmeseclassic.com



သတိပေးချင်တာက မယုံကြည်ရင် နေ့ ရိုးရာနတ်တွေ ထုံးတမ်းစဉ်လာတွေကိုတော့ မထိမဲ့မြင်လုပ်တဲ့စကားတွေ၊ အမူအရာတွေ မလုပ်မိဖို့ပဲ'

သူ့စကားကြောင့် သူမ တစ်စုံတစ်ရာပြောမည်ပြုစဉ် နမြတ်က ဖြတ်ပြီး…

'အဲ… အဲဒါတော့ မပူနဲ့၊ ကျွန်မသူငယ်ချင်းက ရောက်တဲ့နေရာမှာ တွေ့တဲ့သူကို တည့်အောင်ပေါင်းတတ်တယ်၊ လူလာမလား၊ နတ်လာမလား၊ နတ်ဆိုလည်း ရိုးရာနတ်တင် မကဘူး၊ ယိုးဒယား၊ ကုလား၊ မလေးရှား၊ ဂျပန်၊ အမလေး… ဘယ်နတ်ကို ဘယ်လိုအဆင်ပြေအောင်ပေါင်းသင်းရမယ် အားလုံးတတ်တယ်'

'အာ… အဲလောက်တောင်လား၊ ဟား… ဟား'

အထင်ကြီးမှုပါဝင်သော်လည်း ကိုယ့်ထက်ငယ်ရွယ်တဲ့ ကောင်မလေးမို့ လျှော့တွက်ထားဟန်ရှိတဲ့ ခပ်နွေးနွေး မျက်ဝန်းအကြည့်တွေထဲမှာ ကျွန်မ မှုံမှုံမှေးမှေးတော့ ဖြစ်ခဲ့ရသေးတာပဲကို။

ကျွန်မကို ဆိုက်ကယ်နောက်က တင်ခေါ်လာပေးတဲ့အတွက်လည်း ကျေးဇူးပါ။

ကဲ… ကိုနဲ့ ကျွန်မ တောတွင်းစွန့်စားခန်း ထက်လာခဲ့ကြတာလား။ နှလုံးသားစွန့်စားခန်း ထွက်လာခဲ့ကြတာလား။ ကျွန်မနှလုံးသားတွေလည်း မိုးဆစ်ဖြိုက်သောက်ကျထားတဲ့ တောအုပ်တစ်ခုလို လတ်ဆတ်စိမ်းစိုနေရလို့ပါ။



'အာ… ကျွန်မတစ်ခုမေ့သွားတယ်'

တီကျစ်စာလိုလို မြေပုံလုံးလုံးတွေ၊ ထင်းရှူးသီးအကြွေတွေနဲ့ ခြေတစ်ချက်ချစရာ နေရာအလွတ်မရှိလောက်အောင် အလေ့ကျပေါက်နေတဲ့ ထင်းရှူးပင်ပိစိကွေးလေးတွေအပေါ် တက်နင်းရင်း ကျွန်မ တစ်စုံတစ်ရာ သတိရသွားတယ်။

'ဘာကိုလဲ'

'တောဖိနပ်စီးခဲ့ဖို့လေ'

'မလိုပါဘူး'

'ကျွန်မ မြွေတော့ကြောက်တယ်ရှင့်'

'ကောင်မလေး'

ကိုက ကျွန်မကို အေးတိအေးစက်လေသံနဲ့ နောက်ကနေ ခေါ်လိုက်တာမို့ ကျွန်မလည်း နည်းနည်းလန့်သွားပြီး သူ့ကို လှည့်ကြည့်လိုက်မိတယ်။ တိုးပြန်ပြီ။ ဒီမျက်လုံးတွေနဲ့။

'အခုကစပြီး မြွေကို အကောင်ရှည်လို့ပဲ ပြောင်းခေါ်လိုက်တော့နော်'

'ဘာဖြစ်လို့… အဲ… ဪ… ဟုတ်… ဟုတ်ကဲ့'

ရင်ထဲမှာ ကြက်သီးလေးတော့ ထသွားသလိုပါပဲ။ ဒါ လူ့ပိုင်နက်မဟုတ်တော့ဘူးလေ။ သစ်ပင်ရဲ့ ပိုင်နက်၊ သစ်ပင်မကြိုက်တာ ကျွန်မတို့ ဘာမှလုပ်ခွင့်မရှိတော့ဘူး။

'ဒီအထဲမှာ အကောင်ရှည်တွေ မရှိသလောက်နည်းပါတယ်၊ အဆိပ်မရှိဘူး၊ လူသံကြားရင် ပြေးတာပဲ၊ အဲ… ဒီပိ တောနက်လာရင်တော့ အကောင်ရှည်တွေ လူ့တစ်ရပ်လောက်

www.burmeseclassic.com



မြင့်အောင် ခုန်ခုန်ပြီး လျှောတိုက်သွားတာ ကိုယ်မြင်ဖူးတယ်'

'ဟင်··· ဟုတ်လား၊ ဘယ်မှာလဲ'

'တောနက်တယ်ကွ၊ မြင်ကွင်းကတော့ အရမ်းလှတယ်၊ တောင်ကမ်းပါးယံမှာ နှာနုတ်စိုက်ခင်းတွေကို မင်း တမျှော် တခေါ်ကြီးတွေ့ရလိမ့်မယ်၊ မင်းမမြင်ဖူးတဲ့ လူမျိုးစုတွေလည်း အဲဒီမှာ ရှိတယ်'

'ကျွန်မ သွားချင်တယ်'

'မဖြစ်ပါဘူး'

'ဘာဖြစ်လို့လဲ'

'နှစ်ညအိပ်လောက် သွားမှ ရောက်မှာ'

'သြော်··· အဲဒါတော့ မဖြစ်ဘူး'

သူ့ရဲ့ ရယ်သံသဲ့သဲ့ကို နောက်ကနေ ကြားလိုက်ရတယ်။ သူက ကျွန်မနဲ့ပခုံးချင်းယှဉ်ပြီး မလျှောက်ပါဘူး။ နောက် ခပ်လှမ်းလှမ်းကနေသာ လိုက်နေတာ။ သိပ်ကို သွေးကြီးလွန်းတဲ့ သူပဲ။

'ကဲ··· ပြော၊ ကျွန်မ ဘယ်ဘက်ကွေ့ရမလား၊ ညာဘက်ကွေ့ရမလား၊ တည့်တည့်သွားရမှာလား'

'အိုကေ··· အိုကေ'

ဒီတော့မှ သူက ကျွန်မနဲ့ ဘေးချင်းယှဉ်ပြီးလျှောက်လာတယ်။ ကျွန်မ မညာတမ်းဝန်ခံရမယ်ဆို သိပ်ကိုပျော်နေမိတယ် ကို။

'အရင်တုန်းက ဒီတောမှာ ချေတွေ၊ ဆတ်တွေ



ပေါတယ်လေ၊ တောကြက်တွေလည်း အရမ်းပေါတယ်၊ လူတွေ အမဲလိုက်တာများပြီး တောကောင်တွေ တဖြည်းဖြည်းရှားလာတယ်'

'သြော်···'

ထိုစဉ် တောတွင်းအဝေးတစ်နေရာက တောက်ခနဲ တောက်ခနဲ အသံတစ်သံထွက်နေတာမို့···

'အစ်ကို··· ဒါ ချေ··· ချေဟောက်နေတာလား မသိဘူးနော်'

သူက အသံလာရာကို တစ်ချက်နားစွင့်လိုက်ပြီး···

'မဟုတ်ဘူးကွ၊ သစ်ခုတ်နေတဲ့အသံ'

'ဟင်··· ကျွန်မတို့နဲ့ မနီးမဝေးမှာ လူတွေရှိကြသလား'

'ရှိတာပေါ့၊ တချို့ကလည်း ထင်းလာရှာကြတယ်လေ၊ တချို့ကျတော့လည်း အင်း··· ဘယ်လိုပြောရမလဲ၊ ထင်းရှူးဆီလာခိုးထုတ်ကြတယ်ပေါ့'

'သြော်··· ထင်းရှူးဆီခိုးထုတ်တယ်ဆိုတာ'

ထိုစဉ် ကျွန်မတို့ ရှေ့မလှမ်းမကမ်းမှာ ခြောက်သွေ့နေတဲ့ ပင်စည်မည်းမည်း ထင်းရှူးပင်ကြီးတစ်ပင်ကို တွေ့လိုက်တာမို့ ကျွန်မလည်း အံ့ဩသွားပြီး···

'ဒီထင်းရှူးပင်က ဘာဖြစ်ထားတာလဲ၊ မိုးကြိုးထိထားတာလား၊ ပင်စည်ကြီး မည်းနေတယ်'

'မဟုတ်ဘူးကွ၊ ကိုယ် စောစောတုန်းက ပြောသလို ထင်းရှူးဆီခိုးထုတ်ထားတာလေ၊ ဒီမှာ တွေ့လား၊ အပေါက်တွေ'

www.burmeseclassic.com

www.burmeseclassic.com



'အို… မှာတ်ပါရဲ့၊ အစေးတွေ၊ ဘယ်သူတွေက လာခိုးထုတ်ကြတာလဲ'

'ဦးနှောက်နည်းတဲ့ လူဆင်းရဲတချို့တွေပေါ့၊ မင်းလည်းကြားဖူးမှာပါ၊ တစ်ခါတုန်းက သတင်းတစ်ပုဒ်ကို ကြားပြီးကိုယ်တော်တော်လေးအံ့အားသင့်ခဲ့ရဖူးတယ်၊ မီးရထားသံလမ်းကို စုပ်ထားတဲ့ သံမှုလိတွေကို ဖြုတ်ခိုးပြီး ပိဿာချိန်နဲ့ ရောင်းစားမလို့တဲ့၊ သူရလှ သံတစ်ပိဿာ သူခိုးဈေးနဲ့ လေးထောင်၊ ငါးထောင်ပေါ့ကွာ၊ ဒီရထားသံလမ်းပေါ် ဖြတ်သွားမိတဲ့လူရာပေါင်းများစွာက ငွေလေးထောင်၊ ငါးထောင်အတွက်နဲ့ သေပေးရမှာလား၊ နိုင်ငံတော်ကရော ဒီလေး၊ ငါးထောင်အတွက်ငွေကြေးမြောက်မြားစွာတန်တဲ့ ရထားကြီးကို အဆုံးရှုံးခံရမှာလား၊ တစ်ခါတလေ ကိုယ်နားမလည်နိုင်ဆုံးက လူတွေရဲ့ စိတ်ဓာတ်ပဲ'

လူတွေက ကို့ကို ထော်လော်ကန့်လန့်နိုင်တယ်လို့ ပြောကြတာပဲ။ ဒါပေမဲ့ ကျွန်မနဲ့ကျတော့ ဘာလို့များ အယူအဆတွေတာ လာတူနေရပါလိမ့်။

'ဒါ… ဒါဆို ဒီထင်းရှူးပင်ကြီးကရော'

'သူက အဲဒီဦးနှောက်နည်းတဲ့ သူခိုးအတွက် သေပေးရမှာလေ'

'အို…'

နှုမြောစရာကောင်းလိုက်တာ။ သစ်ပင်တစ်ပင်ဖြစ်လာဖို့ဆိုတာ နှစ်ပေါင်းများစွာ အချိန်ယူရတဲ့ကိစ္စပဲ။ လူတစ်ယောက်



ရဲ့ မဖြစ်စလောက် ငွေပမာဏလေးနည်းနည်းအတွက် ဒီလိုပဲ သစ်ပင်တွေ သေပေးကြရတော့မှာတဲ့လား။ လူတွေဟာ တကယ်ရော သစ်ပင်တွေအပေါ် တရားရဲ့လား။

ကျွန်မတို့နှစ်ယောက်ဟာ နောက်ဆုံးအချိန်ကို ရောက်နေတဲ့ သစ်ပင်နားကနေ မခွာနိုင်သေးခင်မှာပဲ သူက စကားဆက်ပြန်ပါသေးတယ်။

'နှလုံးသားမရှိတဲ့ လူတွေကတော့ ဒီရှေ့ရောက်လာလည်း ဩော်… ဒီအပင်ကြီး မည်းနေပါလားဆိုပြီး သူ့လမ်းသူဆက်လျှောက်သွားမှာပဲလေ၊ အနုပညာသမားတွေကျတော့ အဲဒီလို မဟုတ်ဘူး၊ မင်းလည်း ဒီသစ်ပင်ပေါ် အရေးတယူရှိသလိုကိုယ်လည်း ဒီသစ်ပင်အပေါ် အရေးတယူရှိတယ်၊ အနုပညာသမားတစ်ယောက်ရဲ့ စိတ်ကို အနုပညာသမားတစ်ယောက်ကပဲ ဖတ်နိုင်တယ်၊ ဘယ်လိုလဲ၊ ပွဲတော်ညက ကိုယ် မင်းကို ငွေခေါင်းလောင်းလေးပေးခဲ့တဲ့အပေါ် အမြင်ကြည်လင်ရဲ့လား၊ ကိုယ်နဲ့ မင်းနဲ့ဟာ တကယ်ပဲ ရင်ဘတ်ချင်းတူကြတယ်'

မိန်းကလေးတစ်ယောက်ရဲ့ ရင်ကို၊ နှလုံးသားကို ထိုးဆွနေတဲ့ ပုံစံမျိုးမဟုတ်ဘဲ သူ့ဘာသာ လေသံမှန်မှန်နဲ့ ကောက်ချက်ချနေပေမယ့် ကျွန်မကတော့ အံ့သြမှုနဲ့အတူ ရင်ခုန်ခဲ့ပါတယ်'

'ရှင် ဒီလိုပဲ မှတ်ချက်ချခဲ့တယ်ပေါ့'

သူက အဓိပ္ပာယ်တစ်မျိုးပါတဲ့ အကြည့်နဲ့ ခေါင်းညိတ်ပြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မလည်း အဲဒီညက အဲဒီလိုအဓိပ္ပာယ်မျိုးနဲ့ ခပ်ဆင်ဆင်တူတဲ့ ကောက်ချက်တစ်ခုကို ချခဲ့မိတယ်။ အင်းပေါ့လေ… ကျွန်မက စာရေးတဲ့သူဆိုတော့ စကားလုံးဝင့်ကြွားမှုကတော့ နည်းနည်းနှာတစ်ဖျားသာမှာပေါ့'

'ဟုတ်လား၊ ပြောပြလေ၊ ကိုယ်လည်း ကြားချင်တယ်'

'ဟိုလေ… ငါ့ရင်… ရင်ဘတ်နဲ့ ကွက်တိတော်တဲ့သူ… လို့…'

'…. …. ….'

'…. …. ….'

ကျွန်မတို့နှစ်ယောက်သာ တဒင်္ဂတော့ တိတ်ဆိတ်ခွဲ့အသွားကြပြီး တစ်ယောက်နဲ့ တစ်ယောက် နီးကပ်လာသလိုတော့ ခံစားရတာပေါ့။

သူက ကျွန်မကို ခဏတော့ စိုက်ကြည့်နေလိုက်သေးတယ်။ နောက်တော့…

'ကောင်မလေး'

ဘာလဲ။

အေးစက်နေတဲ့ ကျွန်မလက်ဖဝါးလေး နွေးသွားရတယ်။ အို… ဘာလုပ်တာလဲ။ ကျွန်မစိတ်ကူးယဉ်တာ သိပ်များများသွားပြီလား။ လက်ကိုကိုင်ပြီး ဆတ်ခနဲဆွဲခေါ်လိုက်တာမို့ ကျွန်မလည်း ဟပ်ထိုးဟပ်ထိုးနဲ့ အဲဒီထင်းရှူးပင်ကြီးရဲ့ တခြားတစ်ဖက်ကို ရောက်ရှိသွားတယ်။

'ဘာ… ဘာဖြစ်လို့လဲဟင်'



'ဆောရီး… ကိုယ်ပြောဖို့ တစ်ခုမေ့သွားတယ်၊ အဲဒီလိုမားခုတ်ရာနဲ့ တစ်ဖက်ကို ချိုင့်နေတဲ့ ထင်းရှူးပင်တွေရဲ့ ရှေ့တည့်တည့်မှာ မနေရဘူး၊ လေကြမ်းကြမ်းတစ်ချက်တိုက်လိုက်တာနဲ့ ထင်းရှူးပင်ကြီး လဲပြီး မင်းအပေါ်ပိသွားနိုင်တယ်၊ သစ်ပင်က အရမ်းခြောက်နေလို့ ကြွပ်ဆတ်နေပြီ၊ အန္တရာယ်များတယ်'

'အို…'

ဘုရား… ဘုရား… ကြောက်စရာ။

ကျွန်မဟာ အသက်ပေးပြီးများ သိပ်ကိုစပ်စုရာကျနေပြီလား။ အင်ဒီယာနာဂျုံး(စ်)လောက် မပြင်းထန်ပေမယ့်လည်း ကျွန်မတို့နှစ်ယောက်ရဲ့ တောတွင်းစွန့်စားခန်းတွေဟာလည်း အန္တရာယ်တွေအပြည့်နဲ့ပါပဲ။ အင်း… ဓာတ်လိုက်ကလည်း ကျွန်မမျက်လုံးထဲမှာ ဟောလီဝုဒ်မင်းသားထက်တောင် နှာတစ်ဖျားသာသေး။

ဟော… ကြည့်။

ကိုက ကျွန်မလက်ကို မြဲမြဲဆုပ်ကိုင်ထားရင်းကနေ လွှတ်ချလိုက်တယ်။

ရင်ထဲမှာ ခံစားလိုက်ရတာ။

မြို့ကိုပြန်ရောက်လို့ အင်တာနက်သုံးဖြစ်တော့မှ ကျွန်မ ဘလော့(ဂ်)တစ်ခု ရေးဦးမယ်။

အဆုံးသတ်မှာ လွှတ်ချဖို့ ပြဋ္ဌာန်းပြီးသား မည်သည့်တစ်စုံတစ်ရာမဆို မည်သည့်အကြောင်းကြောင်းနှင့်မျှ ကယ်တင်ဖို့ မကြိုးစားပါနှင့်။ ကယ်တင်ခြင်းခံရတဲ့ ဝေဒနာက နှိုက်စိမ်

www.burmeseclassic.com



ရာ ဒဏ်ရာထက် ပိုမိုနာကျင်စေတတ်ကြောင်း သင်တို့လို ပေါ့ဆတတ်သော လူကြီးလူကောင်းများ သိနိုင်ကြပါစေ။

ကျွန်မရဲ့ ကိုယ်ပိုင်ဒဿနအယူအဆလေးပါ။ ကို နားလည်နိုင်ပါ့မလား။

ရုတ်တရက်လွှတ်အချခံလိုက်ရတဲ့ ကျွန်မရဲ့လက်ချောင်းကလေးတွေ လေထဲမှာ ကြောင်အမ်းအမ်းဖြစ်သွားတယ်။

ကျွန်မ ပြန်ချင်ပြီကွယ်။

သူနဲ့ ကျွန်မဟာ ဒီလိုပဲ အရင်ကထက် နည်းနည်းတိတ်ဆိတ်သွားကြပြီး တောထဲကို ဆက်လျှောက်လာခဲ့ကြတယ်။

'ခဏ…'

❖

# (၁၄)

တကယ့်ကို ကြည်နူးစရာပါပဲ။

မြေမှာ ကပ်ပေါက်နေတဲ့ အလေ့ကျတောရိုင်းပန်းပွင့်တွေထဲကမှ ပန်းနုရောင်ပန်းပွင့်ကလေးကို ချိုးပြီး သူက ကျွန်မကို ပေးပါတယ်။

ကိုနဲ့ ကျွန်မဟာ ဘာမှပြောစရာမလိုလောက်အောင် နားလည်နေကြပြီ။

ကျွန်မရဲ့ လက်ချောင်းတွေကလည်း အမှတ်သည်းခြေမရှိလောက်အောင်ပဲ သူကမ်းပေးတဲ့ ပန်းနုရောင်ပန်းပွင့်ကလေးကို ယူလိုက်မိပါတယ်။

'ပန်ရမှာလား'

'ပန်ဖို့ပေးတာ'

ကိုက ခေါင်းညိတ်ရင်း ပြောတယ်။

အဲဒီအချိန်မှာပဲ ကျွန်မအတွက် လျှို့ဝှက်နက်နဲလှန်းတဲ့ တောတွင်းသင်ခန်းစာတစ်ပုဒ်က ထပ်ရောက်လာခဲ့ပြန်ပါတယ်။

'အဲတော့…'

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်ပြန်ပြီလဲ'

'ကျွန်မကလစ်ကလေး ပြုတ်ကျသွားတယ်ထင်တယ်'

ကိုပေးတဲ့ ပန်းကလေးပန်ဖို့ နားရွက်အထက်မှာ အပ်အုပ်ကလေးညှပ်ထားတဲ့ ကလစ်ကလေးကို အဖြုတ် ကလစ်ကလေး မတော်တဆပြုတ်ကျသွားတယ်။ အင်း… အစကတော့ ကျွန်မလည်း မတော်တဆလို့ ထင်ခဲ့မိတာပေါ့လေ။

သူရော ကျွန်မပါ ကလစ်ကလေးကို ကုန်းရှာနေခဲ့ပေမယ့် မတွေ့ဘူး။

'ပြုတ်ကျသွားတာရော သေချာလို့လား'

'သေချာတယ်'

'ကိုယ်တော့ သတိမထားမိဘူး'

'ဘာကိုသတိမထားမိတာလဲ၊ ကလစ်ကို ဖြုတ်လိုက်တာကို သတိမထားမိတာလား'

'မဟုတ်ဘူး၊ မင်းခေါင်းမှာ တွယ်ထားတာကို သတိမထားမိတာ၊ ကလစ်ရော ပါလာတာ သေချာလို့လား'

ကို့ကို ကျွန်မ ဖျစ်ဖျစ်နှစ်နှစ်ကို စိတ်ထဲက ဆဲရေးပစ်လိုက်မိတယ်။

ကျွန်မကတော့ ကိုနဲ့ပတ်သက်လာရင် မျက်လုံးအကြည့်အရှုကအစ စကားပြောတဲ့ လေယူလေသိမ်းအဆုံး မျက်နှာပေါ်မှာ ဖြတ်ပြေးသွားတဲ့ အရိပ်အကဲတွေအလယ် အားလုံးအားလုံး သတိထားမိနေသူတစ်ယောက်ပေါ့။

ကလစ်ရှာလို့ မတွေ့ကြတဲ့အဆုံးမှာတော့…



'ကောင်မလေး'

'ဟင်…'

'မကြောက်တော့ မကြောက်တန်ကောင်းပါဘူး'

'ဘာ… ဘာကိုလဲဟင်'

'သြော်… မင်းနေရာမှာ တခြားမိန်းကလေးတစ်ယောက်သာဆို ကိုယ်ပြောဖြစ်မှာမဟုတ်ဘူး၊ မင်းက နတ်ကိုတောင် ပိုင်အောင်ပေါင်းနိုင်တယ်ဆိုလို့ပါ၊ အဟင်း'

ကျွန်မစိတ်ထဲ ကြောက်စိတ်ကလေးနည်းနည်းတော့ ဝင်မိတာပေါ့။

သူကတော့ ပြောဖို့ မပြောဖို့ကို အတော်လေးချင့်ချိန်နေရတဲ့ပုံရှိပြီး ရယ်ချင်နေတာကိုလည်း အတင်းဖုံးဖိထားရသလိုပါပဲ။

'ဘာ… ဘာဖြစ်လို့လဲဟင်'

'အင်း… ဘာမှမဖြစ်ပါဘူး'

'မဟုတ်ပါဘူး၊ ရှင် တစ်ခုခုပြောချင်နေသလိုပဲ'

'ဟုတ်တယ်၊ ကြောက်တတ်သလား'

'မ… မ… မကြောက်တတ်ပါဘူး'

'ကိုယ်တို့ တောခြောက်ခံနေရပြီ'

'ရှင်…'

'ဟာ…. ဟာ… ဟော့…'

တောထဲတစ်နေရာမှာ သဘာဝဖြစ်ရပ်လွန်တဲ့ အဖြစ်တစ်ခုနဲ့ နဖူးတွေ့၊ ဒူးတွေ့ ရင်ဆိုင်လိုက်ရချိန်မှာတော့ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့သတ္တိတွေအားလုံးကို မိစ္ဆာတစ်ကောင်က အတင်းဆွဲနုတ်သွားသလို ကိုယ့်ခြေထောက်ပေါ် ကိုယ်တောင် ရပ်တည်ဖို့ အနိုင်နိုင်နဲ့ ဟန်ချက်ပျက်သွားစဉ် ကိုက ထိန်းပေးလိုက်သည်။

ဒုက္ခပါပဲ။ ကျွန်မ ကို့ရင်ခွင်ထဲကို မတော်တဆရောက်မိပြန်ပြီ။

'မကြောက်နဲ့၊ ဘာမှမဖြစ်ဘူး၊ ဒါ ထူးဆန်းတဲ့ကိစ္စလည်း မဟုတ်ဘူး၊ တစ်ခါတလေ အခန့်မသင့်ရင် တောထဲမှာ ဒီလိုကိစ္စတွေ ဖြစ်တတ်တယ်၊ မကြောက်နဲ့နော်'

'ကျွန်မ... ကျွန်မ ဒါမျိုး တစ်ခါမှမကြုံဖူးဘူး'

'ကိုယ်ကတော့ ခဏခဏကြုံဖူးပါတယ်၊ တစ်ခါတလေ ကိုယ့်ရှေ့ခပ်လှမ်းလှမ်းမှာ လူတစ်ယောက် လမ်းလျှောက်နေတာတွေ့လို့ မီလိုမီငြား လိုက်တာ မမီဘူး၊ သူ့ခြေလှမ်းကလည်း ပုံမှန်ပဲ၊ ကိုယ် ဘယ်လောက်မီအောင်လိုက်လိုက် သူနဲ့ကိုယ်နဲ့ကြားထဲက အကွာအဝေးက နီးမသွားဘူး၊ တောထဲမှာ ဒီလိုထင်ယောင်ထင်မှားကိစ္စတွေ ခဏခဏဖြစ်တတ်ပါတယ်။ ကြောက်စရာတော့ မရှိဘူး။

'ကို... အစ်ကို...'

ကျွန်မ သူ့ကို လွှတ်ခနဲ ကိုလို့ ယောင်ယမ်းခေါ်မိသွားကာမှ အစ်ကိုလို့ ထပ်မံဖြည့်စွက်လိုက်ရပြန်ပါသေးတယ်။

'ဟင်...'

'ကျွန်မတို့ ပြန်ကြရအောင်နော်'



'အင်း... အင်း...'

ကျွန်မကို ထိန်းပေးထားတဲ့ သူ့ရင်ခွင်က အနည်းငယ်ဝေးသွားတယ်။

အဲဒီအချိန်မှာ ချိုးချိုးချွတ်ချွတ်အသံတစ်သံက ခပ်လှမ်းလှမ်းတစ်နေရာကနေ ထွက်ပေါ်လာပြန်တယ်။ ကျောပေးထားတဲ့ လူတစ်ယောက် ခပ်လှမ်းလှမ်းကနေ ထွက်ခွာသွားတဲ့ မြင်ကွင်း။

ရင်ထဲမှာတော့ မသိုးမသန့် မရှင်းမလင်းတွေအပြည့်နှင့်။

'ကျွန်မတို့ကို တစ်ယောက်ယောက် ချောင်းကြည့်သွားတယ်ထင်တယ်'

ကိုကတော့ ဘာမှမဖြစ်သလို ပုံစံနဲ့ လာရာလမ်းအတိုင်း ပြန်လည်ဦးဆောင်ရင်း...

'ထင်းလာရှာတာပဲ ဖြစ်ပါလိမ့်မယ်၊ ခေါင်းလောင်းထိုးတဲ့အဘိုးကြီးပါ'

❖

www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

ကိုယ်တော်က ငယ်စဉ်ကတည်းက သီချင်းဆို အင်မတန်ဝါသနာပါသည်။ ကြီးလာရင် အဆိုတော်ဖြစ်လိမ့်မည်ဟု အားလုံးက ခန့်မှန်းကြပြန်သည်။

သီဆိုမှုအပိုင်းနဲ့ပတ်သက်ပြီး ကိုယ်တော်က ရှုပရာနို (သာမန် Vocal သံ)တင် မကဘူး၊ ဘေ့(စ်)အယ်ဒို၊ တန်နာ စတဲ့ ဟာမိုနီဆိုဟန်တွေကိုပါ လိုက်စားခဲ့တာကိုး။

ကြီးလာတော့မှသာ အဆိုတော်ဖြစ်မလာဘဲ လောကီရေးရာထက် မေတ္တာတရားကို အခြေခံတဲ့ သာသနာ့ဘောင်ကို ဝင်ခဲ့ပြီး ဘုန်းကြီးဖြစ်လာခဲ့တဲ့သူ။

အင်း… ဘုန်းကြီးဖြစ်လာပြန်တော့လည်း ဗီဇလေးက မပျောက်သေးပြန်ဘူး။ အခုလို မိုးလေးက အုံ့အုံ့လေးနဲ့ ဝတ်ကျောင်းတော်မှာ ဝတ်ပြုသူ လုံးဝမရှိတဲ့အချိန်ဆို ကိုယ်တော်က ဝတ်ပြုဆုတောင်းခန်းမကြီးကို စတူဒီယိုလို့တောင် ထင်မိသေးသည်။



ဝင်ပေါက်တံခါးကြီးက လွဲပြီး ကျန်ပြတင်းပေါက်တွေကို အကုန်ပိတ်လိုက်မယ်ဆိုရင် မျက်နှာကြက်ခေါင်မိုးမြင့်မြင့်နဲ့ ဘုရားကျောင်းကြီးဟာ တကယ့်စတူဒီယိုတစ်ခုလို သီချင်းဆိုတဲ့အခါ အင်မတန်မှကို အသံကစားလို့ကောင်းသည်။

အသံရှိန်မြှင့်တင်လိုက်ပြီး အဆုံးသတ်ကျတော့မှ ဆွဲခါပစ်လိုက်မလား၊ အမြင့်သံကနေ ဘယ်သံချလိုက်ပြီးမှ ကီးတစ်ခုခွဲအမြင့်ကို ပစ်တင်ရတဲ့ ပါဝါသီချင်းတွေ ဆိုမလား။

ကိုယ်တော့်ရင်ထဲမှာ မျှော်လင့်ခြင်းလို့ အမည်ရတဲ့ အဖြူရောင် Hope ပန်းပွင့်ကလေးနဲ့အတူ သိမ်မွေ့နူးညံ့နေသည်။

မှန်ပါသည်။ ကိုယ်တော် ပန်းကလေးတစ်ပွင့် ခူးလာခဲ့သည်။ ပန်းကလေးရဲ့အမည်က မျှော်လင့်ခြင်းလို့ အမည်ရတဲ့ ပွင့်ဖတ်ပွင့်ချပ် ခပ်မာမာ၊ ရိုးတံရှည်ရှည်နဲ့ အညိုရောင်ဝတ်ဆံရှည်တွေရှိတဲ့ hope ပန်းပွင့်ကလေး။ ပန်းကလေးရဲ့ရနံ့ကတော့ ဥရောပရေမွှေးအကောင်းစားတွေထက်ပင် သာသည်။

ဝတ်ပြုခန်းမရဲ့ ညာဘက်အခန်းလွတ်ထဲတွင် မနိုးသော အိပ်စက်ခြင်းဖြင့် ထာဝရလဲလျောင်းနေသော သတို့သမီးကလေး ရှိပါသည်။ သူမကို လက်ထပ်ခဲ့တဲ့ သတို့သားကတော့ အရင်က သတို့သမီးကလေး လဲလျောင်းရာနေရာကို ခပ်စိပ်စိပ်လာခဲ့ပြီး အခုတော့ အလာကျဲသွားပြီ။

ဘုန်းတော်ကြီးနဲ့ ဘုရားကျောင်းကို အားနာသွား၍လား၊ အချိန်ကပဲ ကုစားသွား၍လားတော့ မပြောတတ်။ ကိုယ်တော်ကတော့ သူတို့နှစ်ယောက်ရဲ့ ချစ်ခြင်းကို ဂုဏ်ပြုသောအနေနှင့်

www.burmeseclassic.com

www.burmeseclassic.com



လဲလျောင်းနေသော သတို့သမီးလေး၏ ရင်ညွှန့်ထက်၌ Hope ပန်းပွင့်အဖြူလေးကို လာရောက်တင်ပေးတတ်သည်။

ပန်းပွင့်ကလေးရဲ့ ထူးခြားချက်မှာ ခူးဆွတ်ပြီး တစ်ပတ်တိတိကြာတဲ့အထိ ခြောက်သွေ့ညှိုးနွမ်းသွားခြင်းမရှိဘဲ ပန်းရနံ့သင်းသင်းကလေးပါ တစ်ပတ်တိတိခံသည့်အတွက်ကြောင့် ကိုယ်တော့်ခမျာ ကြီးမြတ်သောချစ်ခြင်းမေတ္တာကို ဂုဏ်ပြုတဲ့အနေနဲ့ တစ်ပတ်တစ်ခါဆိုသလို ရင်ညွှန့်ထက်က ပန်းပွင့်ကလေးကို လဲပေးတတ်သည်။

Hope ပန်းပွင့်ကလေး မညှိုးနွမ်းသလို သင်တို့ရဲ့ ချစ်ခြင်းမေတ္တာတွေ ရှင်သန်ကြပါစေ။ Hope ပန်းပွင့်ကလေး မွှေးပျံ့သလို သင်တို့ရဲ့အချစ်တွေအမြဲမပြတ်မွှေးပျံ့နေကြပါစေသတည်း။

ဒါကတော့ ကိုယ်တော် တစ်ပတ်တစ်ခါ ပန်းပွင့်လဲပေးတိုင်း ဆုတောင်းနေကျ ဆုတောင်းလေးပါ။

ဘုန်းတော်ကြီးက ပန်းပွင့်ခူးပြီး ခန်းမဆီပြန်လာရာ ဘေးဘီကို အသာဝဲကြည့်ရင်း လူသူအရိပ်အယောင် မတွေ့ရဘူး။ တေးသွားကို 'ဒိုရေမီဖာ' ဖြင့်သာ စပ်ဆိုထားသော ရှေးခေတ်ဥရောပပြဇာတ်သီချင်းတစ်ပုဒ်ကို သံရှိန်မြှင့်ပြီး ဆိုလိုက်သည်။

*'ဒိုတီလာဆိုမီမီ ××× ဆို ××× ရေဆိုရေတီဖာ ××× မီရေ ××× ရေဖာမီရေရေမီဆိုဖာ ×××'*

သံရှိန်အဝါက ကောင်းလွန်းသဖြင့် ရှိတ်စပီးယားရဲ့ ပြဇာတ်တစ်ပုဒ်ကို ကြည့်နေရသည့်နှယ် မိန်းမောတုန်ယင်ဖွယ်ကောင်းလှသည်။



ဘုန်းတော်ကြီးကတော့ mood တွေအဝင်လွန်နေပြီး ပန်းပွင့်အဖြူလေးနှင့် ယိမ်းသလို နွဲ့သလိုဖြစ်နေပြီး ဝတ်ရုံကြီးမှာလည်း လွှားလွှားလွှားလွှားနှင့်…

ဟော… ကိုယ်တော် သတို့သမီးလေးရှိတဲ့အခန်းကို ဖွင့်လိုက်ပြီ။ ဆိုလက်စတေးသွားကလည်း မဆုံးသေး။ ကိုယ်တော့်ရင်တစ်ခုလုံးလည်း ပန်းပွင့်ကလေး နူးညံ့သလို နူးညံ့ရင်း သတို့သမီးလေးနားရောက်တော့မှ ဆိုလက်စတေးသွားကို ရပ်လိုက်ကာ…

'Hope ပန်းပွင့်ကလေး မညှိုးနွမ်းသလို သင်တို့ရဲ့ ချစ်ခြင်းမေတ္တာတွေ ရှင်သန်ကြပါစေ၊ Hope ပန်းပွင့်ကလေး မွှေးပျံ့သလို သင်တို့ရဲ့အချစ်တွေ အမြဲထာဝရ မွှေးပျံ့နိုင်ကြပါစေသတည်း'

မျက်လွှာချ ဝတ်ပြုဆုတောင်းပေးအပြီး သတို့သမီးလေးရဲ့ ရင်ညွှန့်ထက်က Hope ပန်းပွင့်အနွမ်းလေးကို လှမ်းယူလိုက်စဉ်…

'ဟင်…'

ကိုယ်တော် အကြီးအကျယ်အံ့သြတုန်လှုပ်သွားရပြီ။

မှန်ပါသည်။ ပန်းပွင့်ကလေး မရှိတော့။

ကိုယ်တော့်ရင်ထဲလည်း စိမ့်ခနဲဖြစ်သွားကာ နောက်ကျောမလုံသဖြင့် ရှေ့နောက်ဝဲယာကို ကြည့်လိုက်မိသေးသည်။ အသံတွေကလည်း အတုန်တုန်အယင်ယင်။

'ပန်း… ပန်း… ပန်းပွင့်ကလေး ဘယ်ရောက်သွားပါလိမ့်'

www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်အားဖြင့်ကတော့ ဒီအခန်းထဲ ဘယ်သူမှဝင်လေ့မရှိ။ အခုလို အလောင်းထားထားတော့ ပို၍ပင်ဆိုးသေးသည်။ အရင် ဝင်ထွက်သွားလာနေကျ ဘုရားကျောင်းက သီလရှင်တွေ၊ ကိုရင်တွေပင် ဒီအခန်းကို ရှောင်ကြသည်။

ခက်တာက ဘုရားရှိခိုးကျောင်းဆိုတော့ ကိုယ့်အိမ် ကိုယ့်အခန်းမဟုတ်။ သော့ခတ်၍ ထိန်းခတ်၍ မရ။ ဒီအလောင်းကိစ္စမှာတောင် ဘုန်းတော်ကြီးကို တချို့ တချို့သော လူတွေက အမြင်စောင်းကြသည်။

'ဟတ်··· ဟတ်ချိုး'

'အဲ···'

ခပ်အုပ်အုပ်ထွက်လာတဲ့ နှာချေသံ။

'ဘယ်သူတုံးဟေ့'

ကိုယ်တော် အော်လိုက်သည်။ အတိတ်က ဖြစ်ရပ်တစ်ခုကို တွေးမိပြီး ကျောထဲလည်း စိမ့်တက်သွားသည်။ ဟိုးလွန်ခဲ့တဲ့ နှစ်နှစ်ရာလောက်တုန်းက ဒီဘုရားရှိခိုးကျောင်းကြီးမှာ ရန်သူတပ်ကို ခံစစ်နဲ့ ကာကွယ်တိုက်ခိုက်ခဲ့ကြတဲ့ စစ်သည်တော်တွေ အအေးဓာတ်လွန်ကဲမှုကြောင့် သေကျေခဲ့ရဖူးသတဲ့။

ဘုရား··· ဘုရား··· ယန်းပွင့်ကလေးလည်း မရှိတော့ဘူး။ နှာစေးနေတဲ့ နာနာဘာဝတစ်ကောင်ကောင်များ ခြောက်လှန့်နေလေရော့သလား။

'ဒုန်း··· ဒုန်း··· ဒုန်း··· ဒုန်း'

'အဲ···'



ဘုန်းတော်ကြီး ပိုမိုမျက်လုံးပြူးသွားပြန်သည်။

အကောင်အထည်မမြင်ရပါဘဲ ဝတ်ပြုဆုတောင်းသံတချို့ လဲပြိုသွားသည်။

'ပညာစမ်းတာလားဟေ့'

'···· ···· ····'

'သိက္ခာတော်ရ ဆရာတော်တဲ့နော်'

'···· ···· ···'

'မိုက်ရင် ထွက်ခဲ့'

အို··· မဟုတ်သေးပါဘူး။ ကိုယ်တော် ဘာတွေလျှောက်ပြောနေမိပါလိမ့်။ မိုက်ရင် ထွက်ခဲ့လို့ ပြောရအောင် ကိုယ်တော်က တောပုန်းကြီးစံဖဲလည်း မဟုတ်။ အာရေးဗျကသူ့ရဲကောင်းလောရင့်လည်း မဟုတ်။

ထို့ကြောင့် ဘုရားစာတချို့ကို ခပ်ကျယ်ကျယ်ဆိုလိုက်သည်။

'ညှောင်···'

ဟော··· အသံတော့ ပေးပြီ။

ကိုယ်တော် နားစွင့်ပြီးနားထောင်ကြည့်သည်။

အသံက ကြောင်သံလည်း မဟုတ်။ လူသံကြီး။ အာလုတ်သံကြီးနှင့်···

'ညှောင်'

ကိုယ်တော်က အသံလာရာဆီသို့ လိုက်သွားသည်။ ခက်တာက ဒီအခန်းက စတိုခန်းလိုဖြစ်နေတော့ ပရိဘောဂတချို့ရှိနေပြီး မြင်ကွင်းက အောက်ခြေမရှင်းလင်း။

www.burmeseclassic.com

www.burmeseclassic.com



'ကြောင်လား၊ ကြောင်ဆို ထွက်ခဲ့၊ အဲ··· မြည်··· မြည်··· မြည်···'

ကိုယ်တော်က အသံလာရာဆီသို့ ထက်ကြပ်မကွာ လိုက်သွားသည်။

အဆုံးသတ်က နံရံပဲ။ မင်းဘယ်ပြေးမလဲ။

ထိုစဉ်···

'ခွီး···'

'အောင်မလေးဗျ···'

'ဝူးဝဲ··· ဝီး···'

'အား···'

ကိုယ်တော့်မျက်လုံးများ မိုက်ခနဲဖြစ်သွားရပြီ။

တစ်သက်နဲ့ တစ်ကိုယ် ဒီလိုသတ္တဝါမျိုးကြီး တစ်ခါမှလည်း မမြင်ဖူး။

ရောမကြောင်ကြီး၊ ရောမကြောင်ကြီးလို့ ဖင်ထိုင်လျက်လဲနေပြီး ပြောနေရုံဖြင့် ကျန်နေခဲ့ရသည်။

ဘုရား··· ဘုရား··· မိစ္ဆာကြောင်တစ်ကောင် သတို့သမီးရင်ညွန့်ထက်က ဖန်းပွင့်ကို တက်ယူပြီ။

ဒီအလောင်း··· ဒီအလောင်းကို ကိုယ်တော် ဘာဆက်လုပ်ရမလဲ။ အခုမှ မြို့ကို သိပေးလျှင်လည်း ဒီကိစ္စအပေါ် အစောကတည်းက အမြင်မကြည်လင်သူများက ကိုယ်တော့်ကို ပြစ်တင်ကြဦးမည်။ ဘုန်းကြီးသိက္ခာကျသည်။



သိက္ခာလည်း အကျမခံနိုင်။ ကြောက်လည်း ကြောက်သည်။

ဘာဆက်လုပ်ရမလဲ။

မိစ္ဆာကြောင်ကြီးကတော့ ဘုရားကျောင်းထဲက ထွက်သွားချေပြီ။

❖

www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

'ဟယ်... ဇန်ဇန်၊ ဘယ်လိုဖြစ်လာတာတုံး၊ ဖင်မှာလည်း အမြီးတန်းလန်းကြီးနဲ့'

'ငါ... ငါ...'

'ဟဲ့...'

နာရီဝက်လောက် မနားတမ်းပြေးလာရသဖြင့် ဇန်ဇန် မောပန်းနေပြီး စကားမပြောနိုင်သေးဘဲ ဟောဟဲလိုက်နေသည်။ သူများမြို့ရွာမှာ မလည်ရှုပ်တော့ လုပ်မိလျက်သားဖြစ်နေပြီ။ အချစ်ဒဏ္ဍာရီအပြင်းစားဇာတ်လမ်းလို့ အစက ခပ်ရိုးရိုးတွေးထားမိပေမယ့် တကယ့်တကယ် ကင်းထောက်ကြည့်လိုက်တော့ မသင်္ကာစရာတွေ၊ ပဟေဠိတွေ အပြည့်နှင့်။

'နင်... နင်... ဘာလာလုပ်တာလဲဟင်၊ ဖင်မှာလည်း အမြီးကြီးတန်းလန်းနဲ့'

သူ့မြို့မှာ ဗရုတ်ကျမည်ကို စိုးရိမ်နေသည့် နုမြတ်မှ



မှ လူက တည့်တည့်တိုးတော့သည်။ မဖြစ်။ အဖြစ်မှန်ကိုတော့ ရှင်းပြရတော့မည်။

အသည်းပြီး ရေငတ်ဦးတော့မည်။

'နင် ငါ့ကို စိတ်မဆိုးနဲ့နော်၊ ငါ... ငါလေ မောတာ ဟာ၊ ငါ့ကို ရေလေးတစ်ခွက်လောက် တိုက်ပါဦး'

'ကဲ... ရော့... ရော့... မြန်မြန်မျို၊ ဆို့၊ သောက်၊ ပြီးရင် အဖြစ်မှန်ကို ပြော'

'အေးပါ... ရှပ်ဖျက်ပြီးတော့ ဟိုအလောင်းကို သွားကြည့်တာ'

'ဟင်... ဘယ်အလောင်းလဲ'

'သတို့သမီးလေဟာ'

'ဟင်...'

နုမြတ်မျက်လုံးများက ဘတ်စကက်ဘောလောက် ပြူးကျယ်သွားသဖြင့် ဇန်ဇန် သေချင်စော်နံသွားရသည်။

'နင်ကလည်း ငါ့ကို စိတ်မဆိုးပါနဲ့ဟာ၊ အစကနေ ပြောရမယ်ဆိုရင်တော့ ကိုဖွဲ့ထန်နဲ့ ငါ ထင်းရှူးတောထဲသွားတုန်း တောခြောက်ခံလိုက်ရတယ်၊ အဲဒီကတည်းက သတို့သမီးအလောင်းကို ငါသွားကြည့်ချင်နေခဲ့တာ'

'ဟင်... တောခြောက်ခံရတယ်၊ ဟုတ်လား၊ ငါထင်တယ်၊ အဲဒီက ပြန်လာပြီးကတည်းကိုက နင် ဘာကိုမှမပြောဘဲ သတင်းအမှောင်ချပစ်လိုက်ကတည်းကိုက အရမ်းထူးဆန်းနေပြီလို့'

www.burmeseclassic.com



'အေး… တောခြောက်ခံရပြီး ငါတောင် ကြောက်ကြောက်နဲ့ သူ့ရင်ခွင်ထဲ ခဏရောက်သွားသေးတယ်၊ အဟီး…'

'ဟယ်… နောက်… ဘာ… ဘာတွေဆက်ဖြစ်လဲဟင်'

'ဘာမှဆက်မဖြစ်ဘူး၊ ချက်ချင်းပဲ ပြန်လာခဲ့ကြတာ'

'ဟင်… အဲလိုကြီးလား'

'အဲလိုကြီးပေါ့၊ နင်ကလည်း ဟိုစာရေးဆရာမလေးတွေရေးတဲ့ အချစ်ဝတ္ထုတွေထဲကလို ပျစ်ပျစ်နှစ်နှစ်ကလေးတွေ ကြားချင်လို့လား'

'ဝါသနာကိုက အဲလေ… ပြောပါဟယ်၊ နင်အလောင်းကို လွယ်လွယ်နဲ့တွေ့ခဲ့သလား၊ ငါတို့တောင် သွားမကြည့်ဖူးဘူး'

'လွယ်လွယ်နဲ့တော့ ဘယ်တွေ့မလဲ၊ ဒီလိုပဲ ကိုယ်ဖော့ပညာသုံးပြီး ခက်ခက်ခဲခဲဝင်ခဲ့ရတာ'

'ကိုယ်ဖော့ပညာ ဟုတ်လား၊ နင် ဘယ်တုန်းက တတ်သွားတာလဲ၊ ငါတောင်မသိဘူး'

'နင်ကလည်း တို့မြို့မှာ ကျောင်းပေါင်းစုံ အခြေခံနင်ဂျာသင်တန်းပေးတုန်းက ငါသွားတက်ခဲ့တာ'

'နင်ဟာလေ… ကဲ… ကဲ… ဆက်ပြော'

'မပြောခင် ငါ အရင်ပြဦးမယ်၊ ဒါ ဘာပန်းလဲ'

ဇန်ဇန်က ဖုက်ပြီးသယ်လာတဲ့ ပြဿနာအရှုပ်ထုပ်ပန်းပွင့်ကလေးကို နုမြတ်အား ပြလိုက်သည်။



'ဩော်… hope ဆိုတဲ့ ပန်းလေးလေ၊ သူ့ရဲ့ထူးခြားချက်က နူးပြီး တစ်ပတ်တိတိအထိ မနွမ်းဘဲ လန်းတယ်၊ ရနံ့ကလည်း တစ်ပတ်တိတိခံတယ်'

'ဖြစ်ပုံက ဒီလိုဟ၊ အလောင်းကို သွားကြည့်တော့ ငါက မြင်ရမယ်ပဲ ထင်လိုက်တာပေါ့နော်၊ တကယ့်တကယ်အလောင်းရှေ့လည်းရောက်သွားရော ငါ တကယ်စိတ်ပျက်သွားတယ်'

'ဟင်… ဟုတ်လား၊ အလောင်းက ကြောက်စရာလန့်စရာကြီးလား၊ ပုံပျက်နေလို့လား'

'ဘယ်ဟုတ်မလဲ၊ လှတာမှ စက်စက်ကို ယိုလို့'

'ဟေ…'

'ဒီလိုဟ… အလောင်းကိုထည့်ထားတဲ့ အခေါင်းကနေပဲ အရင်စပြောရတော့မှာပေါ့ဟာ၊ အခေါင်းကို ငါဖွင့်လိုက်တော့ အလောင်းကို တစ်ကိုယ်လုံးတွေ့ရတာ မဟုတ်ဘူး၊ ခါးအထက်ပိုင်းအထိပဲ ဘေးတိုက်ဖွင့်လို့ရတဲ့ အခေါင်းပေါ့၊ အလောင်းကိုမြင်တော့ ငါ တော်တော့်ကိုစိတ်ညစ်သွားတာ၊ မျက်နှာကိုလည်း ရွှေရောင်မျက်နှာဖုံးစွပ်ပေးထားတယ်ဟာ၊ ခန္ဓာကိုယ်ကိုလည်း သတို့သမီးရဲ့ ကိုယ်လုံးနဲ့ အံဝင်ခွင်ကျကို ရွှေရောင်ချုပ်ဝတ်စန်ဆာတစ်ခု စွပ်ပေးထားတယ်၊ ငါ့မှာ သတို့သမီးကို မို(လ်)ပဲ မြင်ခဲ့ရတယ်၊ ကျန်တာ ဘာမှကို မမြင်ခဲ့ရဘူး'

'အဲဒါကတော့ စပ်စုတတ်တဲ့ နင်တို့လိုလူမျိုးတွေကို တပ်တွက်ပြီး ခန္ဓာဗေဒဆရာဝန်ကြီး ဒေါက်တာလင်းသန့် ပညာ

www.burmeseclassic.com

www.burmeseclassic.com



ရှိနည်းနဲ့ သံကွန်ချာသဘော အုပ်ပေးလိုက်တာနေမှာပေါ့၊ နေစမ်းပါဦး… ဒီပန်းပွင့်က နင် ဘယ်ကရလာတာလဲ'

'သတို့သမီးရဲ့ ရင်ညွန့်ပေါ်က၊ ငါလည်း အဲဒီအခန်းထဲကို ရောက်ရောက်ချင်း သင်းသင်းလေးနဲ့ အရမ်းမွှေးတဲ့ ပန်းနံ့ကို သတိထားမိသွားတယ်ဟာ၊ ပန်းပွင့်ပုံစံကလည်း ရိုးရိုးလေးနဲ့ အရမ်းကို လှနေတာဆိုတော့ အိမ်ရောက်တော့မှ စပ်စုမယ်ဆိုပြီး ပန်းကလေးကို ဖြုတ်ခဲ့မိတယ်'

'ဟင်…'

'ဖြစ်ချင်တော့ ဘုန်းကြီးကလည်း အဆိုဝါသနာပါတယ်နဲ့တူပါရဲ့၊ ဘုရားကျောင်းထဲမှာ လူမရှိဘူးဆိုပြီး အော်ပရာတွေ ဟဲနေတာ၊ ငါလည်း ပန်းပွင့်ကလေးကိုင်ပြီး ပုနေရတယ်'

'ဟယ်…'

'ဘုန်းကြီးကပဲ ကံဆိုးချင်လို့လား၊ ငါကပဲ ကံဆိုးချင်လို့လားတော့ မသိဘူးဟေ့၊ ဘုန်းကြီးက ပန်းပွင့်အသစ်လဲပေးဖို့ အလောင်းရှိတဲ့အခန်းကို ဝင်လာတာ၊ ပါးစပ်ကလည်း ပွစိပွစိနဲ့ ဆုတောင်းသေးတယ်၊ နောက်တော့ ပန်းပွင့်အဟောင်းကို ရင်ညွန့်ပေါ်ကလည်း ယူလိုက်ရော ဘာမှမရှိတော့တာကို မြင်ပြီး တော်တော်ကြောက်သွားတာဟ'

'ဖြစ်ရမယ်… နင်တော့ ငါတို့မြို့ကို လာပြီး မလည်မရှုပ်လုပ်နေပြီ ဇနီးဇနီးရယ်၊ ငါစိတ်ညစ်တယ်နော်၊ ဟင်း'

'စိတ်ညစ်တာက နောက်မှညစ်၊ ငါတော့ ရယ်ချင်လိုက်



တာ မပြောပါနဲ့တော့၊ သူက သရဲခြောက်တယ်ထင်ပြီး သရဲကို စိန်ခေါ်နေတာ၊ မိုက်ရင် ထွက်ခဲ့တဲ့၊ ပညာလာစမ်းနေတာလားတဲ့၊ သိက္ခာတော်ရဆရာတော်ဟေ့နော် တဲ့'

'အဲ…'

နုမြတ်မှာ စိတ်ညစ်နေရင်းကြားက ရယ်ချင်ချင်ဖြစ်သွားလိုက်သေးသည်။

'အဲဟော့ ငါလည်း အော်လိုက်တယ်'

'ဘယ်လိုအော်လိုက်တာလဲ'

'ညောင်လို့'

'အာ…'

နုမြတ်က ကြောင်တစ်ကောင်လို ဝတ်စားရုပ်ဖျက်ထားသော ဇနီးဇနီးကိုကြည့်ပြီး အားပါးတရ ရယ်မောလိုက်ရင်း…

'အဲတော့ ဘုန်းကြီးက ကြောင်လို့ထင်သွားလား'

'သူလည်း ဇဝေဇဝါဖြစ်နေတဲ့ပုံပဲ၊ ကြောင်ဆိုရင် ထွက်ခဲ့တို့ ဘာတို့ အော်ပြီး အသံလာရာကို ထက်ကြပ်မကွာလိုက်လာတာ၊ ငါ့မှာလည်း သူမမြင်အောင် လေးဖက်ထောက်ပြီး ပြေးနေရတာဆိုတော့ နောက်ဆုံး ချောင်ပိတ်မိတဲ့အဆုံးတော့ အဟီး…'

'ဟယ်… နင်… နှင်… ဘုန်းကြီးကို ဘာလုပ်ပစ်ခဲ့လဲဟင်'

'မတတ်သာလွန်းလို့ လုပ်ခဲ့ရတာပါ၊ ကြောင်သရဲလို ညှဲဝိုးနဲ့ ခြောက်လှန့်ပြီး ထွက်ပြေးလာခဲ့ရတာ'

www.burmeseclassic.com

www.burmeseclassic.com



'မိန်းမရယ်… ဖြစ်မှဖြစ်ရလေ၊ ကလေးဉာဏ်လေးနဲ့ ဘုန်းကြီးကရော တကယ်ပဲ ကြောင်သရဲလို့ ထင်သွားလား'

'ထင်မထင်တော့ မသိဘူး၊ ရောမကြောင်ကြီး ဇရာမ ကြောင်ကြီးနဲ့ ဖင်ထိုင်လျက်လဲပြီး ကျန်နေရစ်ခဲ့တော့တာပဲ'

'အာ…'

နုမြတ်ကြည့်ရတာ ကြားရတာနဲ့တင် ဘုန်းတော်ကြီးကို အားနာနေပုံရသည်။ ဇန်ဇန်ကတော့ လုပ်ချင်ရာတွေ လုပ်လာခဲ့ပြီး ထုံးစံအတိုင်း မျက်နှာသေလေးနဲ့။ ဟဲ… ဟဲ… ဟဲ… ဟဲ… လုပ်နေရသည်။

အတန်ကြာတော့မှ သူမက…

'နင်တို့မြို့မှာ ငါတော့ စုံထောက်လုပ်ရတော့မယ်နဲ့ တူတယ်'

'ဟော… ဘာ… ဘာတွေလာလို့လဲ၊ နင်က ဘယ်အမှုကို လိုက်မလို့လဲ'

'အဲဒီသတို့သမီးအမှုပေါ့'

'ဘာ…'

'မိန်းမရယ်… တိုးတိုး၊ တိုးတိုး၊ အာကျယ်ပါကျယ်ကြီးနဲ့ဟာ။ အင်္ဂလိပ်စကားပုံတယ်ခုရှိတယ်နော်၊ ကြားဖူးတယ်မို့လား၊ Wall have ears. တဲ့၊ နံရံတိုင်းမှာ နားရှိတယ်'

'အေးပါ… အေးပါ… ငါတောင် နင်နဲ့ပေါင်းပြီး အဲဒီသတို့သမီးကိစ္စ စိတ်ဝင်စားလာပြီ၊ ပြောပါဦး၊ နင် ဘာတွေ မသင်္ကာစရာ သဲလွန်စရလာသလဲ'



ဇန်ဇန်က တွေ့ကြုံခဲ့ရသမျှ အဖြစ်သနစ်ကို ပြောမည်ပြုစဉ်…

'စာလာတယ်၊ စာလာတယ်ဗျို့'

'အဲ… ကိုစွဲထန် နင့်ဆီကို စာရေးပြီ'

'အတော်ပဲ၊ ငါလည်း သူ့ကိုလွမ်းနေတာနဲ့'

'အွန်… ပေါ်တင်ကြီးပါလား'

စာပို့လုလင်တစ်ယောက် စာလာပေးသည်မို့ နုမြတ်အား ရှင်းမပြနိုင်သေးဘဲ ကို့စာကို ဖွင့်ဖတ်လိုက်သည်။

ပွဲကတော့ တကယ့်ကို ပွဲကြီးပွဲကောင်းပါပဲ။

သည်းထိတ်ရင်ဖိုဇာတ်လမ်းထဲမှာ ပါဝင်သရုပ်ဆောင်နေတာနဲ့ အတော်ဖြစ်သွားသည်။

*ကောင်မလေး…*

*မင်းရဲ့ ကလစ်ကလေး ပြန်တွေ့ပြီ။ မကျေနပ်လို့ ကိုယ်နောက်တစ်ခေါက် တောထဲသွားရှာတာ။ အဲဒီနေရာအနီးတစ်ဝိုက်မှာပဲ ပြန်တွေ့ခဲ့လို့ ကိုယ်ယူလာခဲ့တယ်။*

*တောခြောက်တယ်အစား နတ်ဝှက်တယ်လို့ပဲ သဘောထားလိုက်နော်။ ဟုတ်ပြီလား။ ဟား… ဟား…။*

*ကလစ်ကလေး ပြန်လိုချင်ရင်တော့ အရင်တွေ့နေကျ တော်ဖီဆိုင်မှာပဲ နေ့လယ်တစ်နာရီလောက် မှန်းပြီးထွက်လာခဲ့။ ကိုယ် အဲဒီမှာရှိမယ်။*

*ဒွဲဇော်*

❖

www.burmeseclassic.com

## (၁၇)

ဘုရားကျောင်းက ပြန်လာပြီးကတည်းက ဖွဲထန် နည်းနည်းတော့ စိတ်လေနေသည်။

ယုံရခက် မယုံရခက်ပါပဲ။

ကိုယ်တော်က မိစ္ဆာကြောင်ကြီးတစ်ကောင် ချစ်သူရဲ့ ရင်ညွန့်ထက်က Hope ပန်းပွင့်ကလေးကို တက်ယူသွားကြောင်း ပြောပြီး အလောင်းကို သိုသိုသိပ်သိပ်သဂြိုဟ်ပစ်လိုက်ဖို့ အကြံပေးလာသည်။

သွေးပူနေတုန်းမှာ ထင်ရာစွတ်လုပ်ခဲ့မိတဲ့ မိမိလုပ်ရပ်အတွက်လည်း ကိုယ်တော့်ကို အားနာနေမိသည်။ တကယ်ဆို ချစ်သူက သေဆုံးသွားခဲ့ပြီပဲ။ ဒီအရှိတရားကို ဘာကြောင့် လက်မခံနိုင်ရသေးတာလဲ။

သစ်ပင်ကလေးတစ်ပင်လောက်ပဲဖြစ်ဖြစ် မြေကြီးစာလေး ရသွားဖို့လောက်တော့ ကြည်ကြည်ဖြူဖြူနဲ့ပဲ ကမ္ဘာကြီးရဲ့ တစ်နေရာမှာ ချစ်သူကို အပ်နှံသင့်နေပါပြီ။

'စဉ်းစားပါဦးမယ်'လို့သာ ပြောပြီး ကော်ဖီဆိုင်သို့ ထွက်လာခဲ့မိသည်။



ဟိုရောက်တော့ စာရေးဆရာမပေါက်စက လည်တဆန့်ဆန့်နှင့် သူ့ကို စောင့်ကြိုနေတော့သည်။ တက်ကြွဖျတ်လတ်ဆဲအရွယ်မို့ သူမရဲ့လှုပ်ရှားမှုတိုင်းဟာ စိတ်ဝင်စားစရာကောင်းနေသေးတော့သည်။ သူမနဲ့ ကိုယ့်အကြားမှာလည်း တိုက်ဆိုင်မှုတွေက ဆက်တိုက်ဆိုသလို တွေ့ကြုံနေရရာ ရင်လည်းခုန်ပါသည်။

သို့သော် ရင်ခုန်မိတာ အချစ်လားတို့ ဘာတို့တော့ ကြီးကြီးကျယ်ကျယ်ခေါင်းစဉ်တပ်ပြီး ကိုယ့်ကိုယ်ကိုယ် ရိုက်မစစ်ဖြစ်။ ကိုယ့်အချစ်တွေအားလုံးက ဖန့်ဖန့်ကို ပေးခဲ့ပြီပဲ။

'မျက်နှာလည်း မကောင်းပါလား'

'ဆိုပါတော့'

စာရေးဆရာမပေါက်စက လှကဲအခတ်လည်း ကျွမ်းပြန်သည်။ ဘာလေးမှန်းကို မသိ။

ကလစ်ကလေးကို ပြန်ပေးလိုက်တော့ ကလစ်ထက်ကို သူ့မျက်နှာမကောင်းသည့်ကိစ္စကို ပိုမိုစိတ်ဝင်စားနေပြီး...

'အစ်ကို... ဘာဖြစ်လာလို့လဲဟင်'

သူမက သူ့အတွက် ကြိုမှာထားတဲ့ အပြင်းစားအမေရိကားနိုးကော်ဖီမစ်တစ်ခွက်ကို ရှေ့တိုးပေးပြီး မေးသည်။ ဟင်း... မင်းဟာ ကိုယ့်အကြောင်းတွေအားလုံးကို သိနေပါလား။

'ဘုရားကျောင်းမှာ ထာဝရငြိမ်းချမ်းအိပ်စက်နေတဲ့ ကိုယ့်သတို့ညမီးကိစ္စကိုတော့ မင်းသိတယ်မဟုတ်လား'

သူမက ခေါင်းညိတ်ပြပါသည်။

'အခု ဘုန်းတော်ကြီးက မြေမြှုပ်သဂြိုဟ်ပစ်လိုက်ဖို့ အကြံပေးနေလို့'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်…'

သူမ အကြီးအကျယ် အံ့အားသင့်သွားသဖြင့် သူ့ကြောင်အမ်းအမ်းဖြစ်သွားလိုက်ရသေးသည်။

'ဘာဖြစ်လို့ မင်းက ဒီလောက်အံ့သြသွားရတာလဲ'

'အဲဒါတွေ အသာထားပါ၊ ပြီးတော့ ရှင်းပြတာပေါ့၊ ဘုန်းကြီးက ဘာလို့ သတို့သမီးကို မြေမြှုပ်သင်္ဂြိုဟ်စေချင်ရတာလဲ'

'ဟုတ် မဟုတ်တော့ မသိပါဘူးကွာ၊ ကိုယ်လည်း ဘယ်လိုနားလည်ရမှန်းတောင် မသိဘူး'

ဘုန်းကြီးပြောတာကတော့ မိစ္ဆာကြောင်ကြီးတစ်ကောင်က ကိုယ့်ကောင်မလေး ရင်ညွန့်ပေါ်က ပန်းကို တက်ဖြတ်ပြီး ဘုန်းကြီးကိုပါ ဝူးဝဲနဲ့ တိုက်ခိုက်ပြီးတော့မှ ထွက်ပြေးသွားတယ် တဲ့။

'အာ…'

သူမ သေချင်စော်နံသွားသည်။

ရှုပ်ကုန်ပြီ။ ရှုပ်တာမှ အကြီးအကျယ်ကို ရှုပ်ကုန်ပြီ။

'ဘာဖြစ်လို့လဲ၊ မင်းကိုပါ အဲဒီကြောင်ကြီးက ခြောက်သွားသေးလို့လား'

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ အစ်ကို ကျွန်မကို စိတ်မဆိုးရဘူးနော်'

'အင်းပါ… ပြော'

'အဲဒီဘုန်းကြီးပြောတဲ့ မိစ္ဆာကြောင်ကြီးဆိုတာ ဘယ်သူမှ မဟုတ်ဘူး၊ ယောဒီက ကျွန်မပဲ'



'ဟင်…'

အချိန်လုပြီး ရှင်းပြနေရတဲ့ကြားထဲ ကို အံ့အားသင့်သွားတဲ့ပုံစံလေးကို ကြည့်ပြီး အလုအယက်ကြည်နူးပစ်လိုက်ရသေးသည်။

'ဖြစ်ပုံက ဒီလိုပါ၊ နောက်ဆုံးမှာတော့ စာရေးဆရာတွေ ဆရာမတွေဟာ အရာရာကို စပ်စုတတ်တာဆိုတဲ့ အချက်ကိုပဲ လွှဲချရတော့မှာပဲ၊ ကျွန်မလည်း အဲဒီလို ဆေးစီရင်ထားတဲ့ ရုပ်အလောင်းမျိုး တစ်ခါမှ မမြင်ဖူးလို ကြောင်တစ်ကောင်လို ရုပ်ဖျက်ပြီး သွားကြည့်မိပါတယ်၊ ဟိုရောက်တော့…'

ပန်းပွင့်ကလေးအကြောင်း ထပ်မံရှင်းပြလိုက်တော့ စပ်စုတတ်လွန်းသော သူမကို သူက ဒေါသထွက်မသွားဘဲ အတော်ကလေး ရယ်မောပစ်လိုက်ပါသည်။

'အစ်ကို'

'အင်း… ပြော'

'အစ်ကိုတို့ဇာတ်လမ်းက အပြင်းစားအချစ်ဒဏ္ဍာရီ အဆင့်လောက် မဟုတ်ဘူး၊ အဲဒီထက်ကျော်တယ်၊ ကျွန်မ သေက်ာစရာတွေ တွေ့ထားတယ်'

'ဟင်… ဘာတွေပါလိမ့်၊ မင်း တကယ်ပြောနေတာလား'

'တကယ်ပေါ့… ကျွန်မကို ဒေါက်တာလင်းသန့် အကြောင်း စုံစမ်းပေးပါ'

www.burmeseclassic.com

www.burmeseclassic.com



'Personility အရှမ်းသန့်တဲ့ လူတော်ဆရာဝန်ကြီးတစ်ယောက်ပါ၊ မင်းက သူ့အကြောင်း ဘာတွေသိချင်လို့လဲ'

'သူရေးထားတဲ့ ဒိုင်ယာရီစာအုပ်ကိုပဲဖြစ်ဖြစ် ဒါမှမဟုတ်လည်း ဆေးသုတေသနနဲ့ပတ်သက်ပြီး သူရေးထား မှတ်ထားတဲ့ Notes တွေ၊ ထူးခြားဖြစ်စဉ်တွေ ဖတ်ကြည့်ချင်တယ်'

'ဟမ်… ဒါ မလွယ်တဲ့အလုပ်ပဲ၊ သူက မင်းလို ချော်မလေးကို ဘယ်ပေးဖတ်မလဲ'

'မလွယ်မှန်းတော့ သိတယ်၊ ဒါပေမဲ့ ဖန်ဖန်ပဲ လုပ်ချင်ရင် ဘာမဆိုဖြစ်တယ်၊ ကျွန်မ သူ့အိမ်ထဲကို လျှို့ဝှက်ပြီးဝင်ချင်တယ်၊ သူ့ရဲ့ ရုံးစားပွဲပဲဖြစ်ဖြစ်၊ စာဖတ်ခန်းပဲဖြစ်ဖြစ် မွှေချင်နှောက်ချင်တယ်၊ အစ်ကိုက အဲဒီဆရာဝန်ကြီးရဲ့ မိသားစုဦးရေ၊ လူဝင်လူထွက် ဆရာဝန်ကြီး ဆေးရုံသွားချိန်၊ ပြန်လာချိန်တွေကို မှတ်ထားပေးပြီး ကျွန်မကို ပြန်ပြောပြပါ'

'နေပါဦး… မင်း အဲလိုတွေပြောတော့ ကိုယ်တောင်နည်းနည်းရင်ပူလာပြီ၊ ကိုယ့်ကောင်မလေးကိစ္စမှာ ဒေါက်တာလင်းသန့်က အဓိကကျသလား'

'ကျွန်မ သတို့သမီးအနားကိုမရောက်ခင် လူတစ်ယောက်က သတို့သမီးနားကို ကြိုရောက်နေခဲ့တယ်'

'ဟင်…'

'အခေါင်းကို ဖွင့်၊ ရွှေရောင်ချပ်ဝတ်တန်ဆာထဲက ဒိုအလိုရှိတဲ့နေရာကို ကျွမ်းကျွမ်းကျင်ကျင်ဆွဲလှန်လိုက်ပြီး ဆေးတစ်လုံးထိုးပေးနေတာ တွေ့ခဲ့တယ်။ သူ့ပုံစံကလည်း ကျွန်မလိုပဲ



လူအမြင်မခံချင်ဘူး၊ ခိုးကြောင်ခိုးဝှက်လုပ်နေတာ၊ အဲဒီလူဟာ ဒေါက်တာလင်းသန့်ပဲ အစ်ကို'

'ဟာ…'

❖

www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

ဆေးရုံအုပ်ကြီး၏ သမီးကလေးမွေးနေ့ပွဲတွင် ရောင်းရင်းဆရာဝန်များစွာ ဆုံစည်းကြသည့် ညစာစားပွဲ၌ ဒေါက်တာလင်းသန့် အနည်းငယ်သောက်ကာ ခပ်ထွေထွေကလေးဖြစ်နေပြီး ကားကိုထိန်းမောင်းရင်း အိမ်ပြန်လာခဲ့ရသည်။

ဧည့်ခန်းထဲတွင်မတော့ သားဖြစ်သူက အိုင်ဖုန်းထဲက နာမည်ကျော် Angry Bird ဂိမ်းကို သဲကြီးမဲကြီးဆော့နေပြီး ဇနီးကတော့ သူ့အလာကို စောင့်နေပုံရသည်။

'ဟော… မောင်ပြန်လာပြီ၊ ထမင်းစားတော့မလား'

'ကိုယ် ဟိုမှာစားလာခဲ့ပြီ၊ သားသားနဲ့ မင်းရော စားပြီးပြီလား'

'မောင်က နောက်ကျမယ်ပြောထားလို့ သားနဲ့အတူ စားလိုက်တယ်'

'သြော်… အေး… မောင် စာဖတ်ခန်းမှာ ရှိမယ်နော်'

ဒေါက်တာလင်းသန့်က အင်မတန်အလုပ်ရှုပ်သည်။ ဆေးကျောင်းမှာ ပါမောက္ခရာထူးဖြင့် ပညာပို့ချပေးရခြင်းအပြင်



ခွဲစိတ်ရမည့်ကိစ္စများ၊ ဆေးရုံကိစ္စများ၊ ကိုယ့်ရဲ့ ဆေးသုတေသနလုပ်ငန်းများအပြင် တစ်ခါတစ်ခါ ရောက်လာတတ်သော မလွှဲမရှောင်သာသည့် လူမှုရေးကိစ္စတို့ကြောင့် ကိုယ်ပိုင်အချိန်က မရှိသလောက် ရှားပါးလွန်းလှသည်။

အခုလို ညဦးပိုင်း မအိပ်ခင်ကလေး စာဖတ်ခန်းထဲမှာ ရုပ်မြင်သံကြားကနေ CNN, BBC အစရှိတဲ့ သတင်းရုပ်သံလိုင်းတွေကို ကမ္ဘာကြီးနဲ့ အဆက်အသွယ်မပြတ်အောင် ဖွင့်နားထောင်ရင် အချိန်ကို တစ်နာရီရရ၊ နှစ်နာရီရရ လုယူကာ ရေးသားဆဲ ဆေးပညာစာအုပ်များ ရေးလိုက ရေး၊ ဖတ်ချင်တဲ့၊ ဖတ်သင့်တဲ့ စာအုပ်တွေ ဖတ်လိုက ဖတ်နှင့် ကိုယ့်အာရုံနှင့်ကိုယ် နေတတ်သည်။

ဒါကို ဇနီးနှင့် သားက နားလည်ပေးကြရာ တော်တော့သည်။

ဒီညတော့ ဒေါက်တာလင်းသန့်တစ်ယောက် မွေးနေ့ညစာစားပွဲမှာ Gentleman Drink သဘော သောက်လာခဲ့ရသဖြင့် အနည်းငယ်ရီရီဝေဝေဖြစ်နေပြီး ရုပ်မြင်သံကြားကနေ CNN ကိုဖွင့်ကာ Relax သဘောနားထောင်ရင်း ပေါ့ပေါ့ပါးပါးနှင့်ပင် နေ့စဉ်မှတ်တမ်းရေးရန် ဒိုင်ယာရီစာအုပ်ကို ယူလိုက်သည်။

အဖြစ်အပျက်က ဟယ်ရီပေါ်တာဇာတ်ကားထဲက မှော်ဇာတ်လမ်းဆန်ဆန်ပင်။

ဒေါက်တာလင်းသန့်က ရုပ်မြင်သံကြားကို အကြည့်မပြတ်ဘဲ ဒိုင်ယာရီစာအုပ် ထားနေကျနေရာကို လက်လှမ်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



စဉ် စာအုပ်က လေပေါ်မြောက်တက်လာပြီး ဒေါက်တာလင်းသန့်လက်ထဲ ရောက်သွားသည်။

ဆရာဝန်ကြီးရဲ့ စိတ်ထဲမှာလည်း တစ်မျိုးကြီးဖြစ်သွားသည်။ မသိုးမသန့်နဲ့။ စောစောတုန်းက ဒီစားပွဲပေါ်မှာ စာအုပ်ရော ရှိရဲ့လား။ ငါလက်လှမ်းလိုက်တော့မှ ဟပ်ချလောင်းဆိုပြီး ငါ့လက်ထဲပါလာလေသလား။ သို့လော သို့လောနှင့်…

အို… မဟုတ်သေးပါဘူး။ ငါနည်းနည်းမူးနေတာပဲဖြစ်မှာပါလို့ တွေးရင်း စိတ်က နင်းထားတဲ့ ခြေတင်ခုံဆီ ရောက်သွားပြန်ပါသေးသည်။ နည်းနည်းပိုမြင့်ပြီး ပိုပြီးနူးညံ့နေသလားလို့ အောက်ကိုငုံ့ကြည့်လိုက်ပြန်တော့လည်း မယော်ဂနီရောင်ပြောင်နေတဲ့ ခြေတင်ခုံက မည်းမည်းမှောင်မှောင်ပင်။

ဒါနဲ့ ဆရာဝန်ကြီးလည်း နင်းကောင်းကောင်းနဲ့ နှစ်ချက်၊ သုံးချက် ဆောင့်ကန်ပစ်လိုက်ပြီး စာကြည့်စားပွဲက ထစဉ်မွေးရနံ့တစ်ခုကို ရှူလိုက်ရပြန်ပါသေးသည်။

ဆရာဝန်ကြီးခမျာ မူးနေသဖြင့် ကိုယ့်ကိုယ်ကိုယ်လည်း မထိန်းချုပ်နိုင်။ နိုးကြားတဲ့စိတ်တချို့ကတော့ မသင်္ကာစရာကောင်းနေတဲ့ ကိစ္စအပေါ် အမိအရ ထောက်လှမ်းနေသည်။

ဘုရား… ဘုရား။

မိန်းမတစ်ယောက်ရဲ့ ကိုယ်သင်းရနံ့တစ်ခုပါလား။

ဒီစာဖတ်ခန်းကို ဇနီးရော အိမ်ဖော်မလေးပါ တော်ရုံနှင့် ဝင်လေ့မရှိပါ။



ဆေးသုတေသနလုပ်ငန်းအတွက် လူသားများရဲ့ အသည်းတွေ၊ ကျောက်ကပ်တွေ၊ ကိုယ်တွင်းကလီစာတွေကို ဆေးရည်စိမ်ထားရသည့် ဖန်ပုလင်းကြီးများလည်း ရှိနေသဖြင့် သားဖြစ်သူကတောင် ယောင်လို့မှ ခြေဦးမလှည့်။

ဒါဆို ဒီကိုယ်သင်းရနံ့က ဘယ်ကထွက်နေတာလဲ။

ထိုစဉ် ပြတင်းတံခါးက လေက ဆောင့်တိုက်လာသဖြင့် အဖြူရောင်ဇာခန်းဆီးရှည်များ စိတ္တဇဆန်ဆန် လွင့်လူးသွားကြသလို မြင်ပြီး ဒေါက်တာလင်းသန့်တစ်ယောက် ဘုရားရှိခိုးကျောင်းကြီးဆီက ထာဝရလဲလျောင်းနေသော သတို့သမီးလေးဆီ စိတ်ရောက်သွားပြန်ပါသေးသည်။

ပြီးခဲ့တဲ့ ရက်ပိုင်းများဆီက အနောက်ကလာတဲ့ သတင်းတစ်ပုဒ်ထဲမှာ အမေရိကန်သမ္မတဟောင်း အိုင်ဆင်ဟောင်ဝါဟာ ကြိုပ်သားတွေနဲ့ တိတ်တဆိတ်တွေ့ဆုံမှုကို သုံးကြိမ်တိုင်တိုင်ပြုလုပ်ခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ အကြီးအကဲတစ်ယောက်က ဖွင့်ချလိုက်တဲ့သတင်းကို ကြားခဲ့ရသေးသည်။

လူသားတွေအထိတ်တလန့်ဖြစ်မည်စိုးသဖြင့် ကြီးကျယ်သောအချို့ကိစ္စများကို ကမ္ဘာ့ထိပ်တန်းခေါင်းဆောင်များက သတင်းအမှောင်ချထားကြသည်မှာ ဆန်းတော့ မဆန်းလှ။

သူလည်း ဒီမြို့မှာ အိုင်ဆင်ဟောင်ဝါ ဖြစ်နေရပြီ။

သတို့သမီးလေးကိစ္စကို ဖွင့်ချလိုက်ချင်ပြီ။

သို့သော် နောက်ဆက်တွဲကျရောက်လာမည့် အန္တရာယ်များ၊ မသင်္ကာစရာများကို ထည့်တွက်ထားရသဖြင့် လျှို့ဝှက်ရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟမ်'

ဆရာဝန်ကြီးရဲ့ ခြေလှမ်းများက အနည်းငယ်ယိုင်သွားရပြန်ပါသည်။

မယိုင် ခံနိုင်ရိုးလား။

ဆေးစိမ်ထားတဲ့ မှန်ပုလင်းကြီးထဲက လူသားနှလုံးတစ်ခုပေါ်တွင် ပီကေတစ်ခုကပ်နေသည်။

ထိုစဉ် ညှော်ခန်းဆီက သားဖြစ်သူရဲ့ အထိတ်တလန့်အော်သံသဲ့သဲ့ကို ကြားလိုက်ရပြန်သည်။

'မေမေ... သားနောက်မှာ စောစောတုန်းက ကြွက်အကြီးကြီး ဖြတ်ပြေးသွားတယ်ဗျ၊ လူလောက်ရှိတဲ့ ကြွက်ကြီး'

ဒေါက်တာလင်းသန့်လည်း စည့်ခန်းထဲ အနိုင်နိုင်ပြေးထွက်သွားစဉ် ဇနီးဖြစ်သူရဲ့ ပွစိပွစိညည်းသံတစ်ခုက ဆီးကြိုနေလေတော့သည်။

'ဒါကြောင့်ပြောတာ၊ သားကို ဟယ်ရီပေါ်တာတွေ မကြည့်ပါနဲ့လို့၊ စိတ်က ချောက်ချားပြီး မရှိတာကို အရှိထင်နေတော့တာကိုး'

❖

# (၁၉)

ဒီမြို့ကလေးမှာ မလည်ရှုပ်ဇာတ်လမ်းတွေကို တစ်ရှုပ်ပြီးတစ်ရှုပ် လုပ်ပြီးချိန်မှာတော့ အဖြစ်မှန်ပေါ်ပေါက်တဲ့အထိ ကြီးတော်မွှားကျောင်းပေးရန် ဇန်ဇန် ဆုံးဖြတ်လိုက်သည်။

သူမ မျှော်လင့်ထားသလိုပင် သတို့သမီးလေးမှာ တကယ်တော့ မသေပါ။ လူတစ်သန်းမှာ တစ်ယောက်သာဖြစ်နိုင်ချေရှိသော ရောဂါဆန်းတစ်ခုကြောင့် သူမ မေ့မြောနေခြင်းဖြစ်ပါသည်။

ဒေါက်တာလင်းသန့်ရဲ့ အိမ်ကို ဖောက်ထွင်းဝင်ရောက်ပြီးတဲ့နောက်ပိုင်း သူမ့် ထင်မြင်ယူဆချက်တွေအားလုံး ကြည်လင်ပြတ်သားလာခဲ့သည်။

ဆရာဝန်ကြီးရဲ့ တာဝန်သိတတ်မှုအတွက်လည်း သူမ လေးစားသွားရသည်။

မိရိုးဖလာအယူအဆတွေနဲ့ နတ်ဆရာရဲ့ အရှိန်အဝါအောက်မှာ ဆရာဝန်ကြီးဟာ သတို့သမီးလေးရဲ့ အသက်အတွက် လျှို့ဝှက်စွာ လုံခြုံမှုပေးနေတဲ့ လူတော်တစ်ယောက်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူမရင်ထဲမှာ ဘဝင်မကျဖြစ်နေရသည်ကတော့ ခေါင်းလောင်းထိုးတဲ့ အဘိုးအိုပင်။

အစကတော့ အဘိုးကြီးရဲ့ ခေါင်းလောင်းထိုးအတတ်ပညာကို သဘောရိုးနှင့် သွားရောက်စပ်စုမည်ဟု စိတ်ကူးထားခဲ့ပါသည်။

သို့သော် တောထဲမှာ သူမတို့နောက် နောက်ယောင်ခံလိုက်တဲ့ကိစ္စဖြစ်အပြီးမှာတော့ ဖွဲထန်လို ခပ်ပေါ့ပေါ့သဘော မထားဘဲ အဘိုးကြီးကို သူမ သတိကြီးကြီးထားခဲ့သည်။

အဘိုးကြီးနှင့် သူမ ဒုတိယအကြိမ် ကြောင်သရဲလို ခြောက်လှန့်ပြီး အမြီးတန်းလန်းကြီးနဲ့ ထွက်ပြေးလာစဉ် ထိုဘုရားကျောင်းပုရဝုဏ်အနီးမှာ မယောင်မလည်လုပ်နေသော အဘိုးအိုနှင့် သူမ ဝင်တိုက်ခဲ့ရပါ၏။

'အင့်...'

'အမလေး...'

အေးစက်သော မျက်လုံးအကြည့်များ၏ နောက်ကွယ်မှာ ရက်စက်တတ်သော တစ်စုံတစ်ရာကိန်းအောင်းနေကြောင်း သူမ ရိပ်မိလိုက်သည်။

သူမက လူကဲခတ်မညံ့။ လူတစ်ယောက်ကို တစ်ချက်ကြည့်လိုက်ရုံနှင့် ထိုသူရဲ့ အတိမ်အနက် နောက်ခံရာဇဝင်သမိုင်းကို ဆယ်နှစ်စာလောက် လှမ်းထောက်နိုင်သည်ဆိုပါမူ ပိုရာကျလေမလား။

သတို့သမီးကိစ္စနှင့် ခေါင်းလောင်းထိုးတဲ့အဘိုးကြီး



ဆက်စပ်နေပုံမှာ သိမ်မွေ့လွန်းလှသဖြင့် သူမ အမီလိုက်နိုင်အောင် ကြိုးစားရတော့မည်။

အခုအချိန်လောက်ဆို ဒီမြို့ကလေးမှာ တစ်ကိုယ်တော် ကျိတ်ပြီး လှုပ်ရှားနေတဲ့ သူမကို မညံ့သောအဘိုးကြီးကလည်း သတိထားမိတန်ကောင်းပြီ။

သူမကတော့ အဘိုးကြီးအကြောင်း ဘာမှမသိလှ။ ထို့ကြောင့် ကိုရှိတတ်တဲ့ ကော်ဖီဆိုင်သို့ သွားရောက်ထောက်လှမ်းရတော့သည်။

'အစ်ကိုတို့ မြို့မှာ ခေါင်းလောင်းထိုးတာဆိုလို့ ဒီအဘိုးကြီးတစ်ယောက်ပဲ ရှိသလား'

'ဟုတ်တယ်၊ ကိုယ်တို့မြို့မှာကတော့ မျှော်စင်ပေါ်တက်ပြီး ခေါင်းလောင်းထိုးတဲ့ကိစ္စဟာ သိပ်ကိုအစဉ်အလာကြီးမားလွန်းလို့ ပရော်ဖက်ရှင်နယ်တစ်ယောက်ကိုပဲ မှုပိုင်ပေးထားတဲ့ သဘောဆိုပါတော့'

'ဒါဆို အဲဒီအဘိုးကြီးအကြောင်း အစ်ကိုတော်တော်များများ သိမှာပေါ့'

'ဟင့်အင်း... ကိုယ် သူ့ကို အကြိမ်ကြိမ်ချဉ်းကပ်ဖူးတယ်၊ အနုပညာသမားအချင်းချင်းဆိုတော့ ပညာပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီး သူ့ရဲ့ရှုထောင့်ကိုလည်း သိချင်လို့ပါ၊ သူက ဘယ်သူနဲ့မှ အရောမဝင်ဘူးကွ၊ မြို့စွန်က အိမ်တစ်လုံးမှာ သူ ဘာသာနေတာ၊ ပိုဆိုးတာက သူ စကားမပြောနိုင်ဘူး၊ 'အ' နေတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ရှင်'

ဇန်ဇန် အကြီးအကျယ်တုန်လှုပ်သွားရသည်။

'ဟုတ်တယ်၊ သူ့အကြောင်းကို ဘယ်သူကမှ သိပ်မသိကြဘူး၊ ဒီမြို့ကလည်း မဟုတ်ဘူး၊ သူ့အရင် ခေါင်းလောင်းထိုးတဲ့လူ မဆုံးခင် သူ့ကို ဒီအစဉ်အလာ လက်ဆင့်ကမ်းပေးသွားတာပဲ'

'သြော်... ချီးတော့ ချီးကျူးစရာပဲနော်၊ 'အ' နေတဲ့ လူတစ်ယောက် ထိုးတဲ့ ခေါင်းလောင်းသံကို ဒီမြို့က လူတွေ ရင်ဘတ်မျိုးစုံနဲ့ ခံစားပြီး နားထောင်နေကြတာ သူ့ပညာကိုတော့ လျှော့တွက်လို့မရဘူး'

'ဒါပေါ့၊ ကိုယ်အင်္ဂါတစ်ခုခုချို့ယွင်းနေတဲ့ လူတွေဟာ ပညာရပ်တစ်ခုကို လိုက်စားပြီဆိုရင် ရောက်ရောက်ရောခ်န်းလိုက်စားပြီး ထူးချွန်မှုမှာလည်း သူများထက်သာတတ်ကြတယ်လေ၊ ဥပမာ ရုပမေဒပညာရှင် စတီဗင်ဟော့ကင်းတို့၊ ပြီးတော့...'

'ပညာရှင်တွေအကြောင်းက ထားဦး၊ အခု ကျွန်မ လူတစ်ယောက်နဲ့ ဉာဏ်ပြိုင်နေရတယ်၊ သိပ်အချိန်မရှိဘူး၊ ကျွန်မ မေးတာကို အရင်ဖြေ'

'ဟုတ်ပါပြီ စာရေးဆရာမရယ်၊ ဟုတ်ပါပြီကွာ၊ ဟား... ဟား... မေး'

'အစ်ကိုတို့မြို့မှာ ဘယ်အချိန်တွေဆို ခေါင်းလောင်းထိုးတတ်သလဲ'

'မင်းသူငယ်ချင်း ပြောမပြဘူးလား'



'ပြောပြပါတယ်၊ သေချာအောင် ထပ်မေးတာ'

'ကိုယ့်ရဲ့ အထိမ်းအမှတ်အမျိုးမျိုးအတွက် မြို့ရဲ့ သာရေးနာရေးကော်မတီမှာ ငွေထည့်ပြီး အဘိုးကြီးကို စာရေးပြီး ခေါင်းလောင်းထိုးခိုင်းလို့ ရတယ်၊ မွေးနေ့၊ အလှူ၊ မင်္ဂလာနှစ်ပတ်လည်၊ အသုဘ အစရှိတဲ့ သာရေးနာရေးတွေမှာ မြို့ကလေးကို ခေါင်းလောင်းသံတွေနဲ့ ဂုဏ်ပကာသနဆင်ချင်ရင် အဘိုးကြီးကို request လုပ်လိုက်ရုံပဲ၊ သူက ပွဲနဲ့လိုက်ဖက်တဲ့ သံစဉ်တွေကို ဖန်တီးပြီး သာယာအောင်၊ ရင်သပ်ရှုမောဖြစ်အောင်၊ လွမ်းမောဖွယ်ကောင်းအောင် စသဖြင့် ထိုးပေးလိမ့်မယ်'

'အစ်ကိုတို့မြို့ရဲ့ အစဉ်အလာတွေဟာ အရမ်းကောင်းတဲ့ စိတ်ကူးစိတ်သန်းတွေကနေ ဆင်းသက်လာကြတာပဲနော်'

သူက သူမစကားအတွက် တွေးတွေးဆဆစဉ်းစားလိုက်ပြီး ပြုံးရင်းနှင့်...

'ဟင့်အင်း... အဲဒီလို ပြောရလိမ့်မယ် ဆိုပါစို့၊ ကောင်လေးနဲ့ ကောင်မလေး ချစ်သူဖြစ်သွားပြီပဲ ထား၊ ချစ်သူဖြစ်တဲ့ အထိမ်းအမှတ်အနေနဲ့ ခေါင်းလောင်းထိုးခိုင်းလို့ ရတယ်'

'အခု အစ်ကိုနဲ့ ကျွန်မရဲ့ ခင်မင်မှုအတွက်ရော အမှတ်တရခေါင်းလောင်းထိုးခိုင်းလို့ ရလား'

'ရတာပေါ့၊ အရမ်းချစ်စရာကောင်းတဲ့သံစဉ်တွေ ဖန်တီးပြီး သူထိုးပြလိမ့်မယ်'

သူမက အဓိပ္ပာယ်တစ်မျိုးပါသော အရိပ်အငွေ့နှင့် တစ်ချက်ပြုံးလိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါပြီ၊ နောက်တစ်ခုသိချင်တာက ဘယ်သူကမှ Request မလုပ်ရင်ရော သူဟာသူ လက်ကွက်စမ်းတဲ့အနေနဲ့ တီးတာမျိုးရော ရှိလား'

'ရှိတယ်၊ မြို့ရဲ့အစဉ်အလာအရ အခါကြီးရက်ကြီးတွေ၊ ဆောင်းဦးပေါက်၊ နွေဦးပေါက်၊ မိုးဦးပေါက်၊ နက္ခတ်စုံတဲ့ ညာ၊ လပြည့်၊ လကွယ် အစရှိသဖြင့် ခေါင်းလောင်းထိုးရတယ်၊ အဲဒီအထဲမှာမှ နှစ်သစ်ကူးခေါင်းလောင်းထိုးပွဲနဲ့ မျက်နှာဖုံးစွပ်ပွဲတော်က အထင်ရှားဆုံးပဲလေ'

'အင်း… အဲလောက်ဆို ကျွန်မ ရိပ်မိပါပြီ'

သူက သူမကို စူးစိုက်သလို တစ်ချက်ကြည့်လိုက်ရင်း…

'ဘာတွေရိပ်မိနေတာလဲ စာရေးဆရာမလေးရဲ့၊ စောစောက စကားထဲမှာလည်း ပါတယ်၊ လူတစ်ယောက်နဲ့ ဉာဏ်ပြိုင်နေတယ်ဆိုတာလေ၊ ကိုယ်လား မဟုတ်လောက်ပါဘူးနော်၊ အဟင်း…'

ကို့ရဲ့ ချစ်စရာကောင်းတဲ့ စကားတွေကို သူမက အသာအယာခေါင်းယမ်းပြလိုက်ပြီး…

'အစ်ကို'

'ပြော… ဗျာ…'

'စိတ်အနှောင့်အယှက်မရှိနိုင်ဘူးဆိုရင် တစ်ခုလောက်မေးပါရစေ'

'အင်း… မရှိနိုင်လောက်ပါဘူး၊ မေး'



သောက်လက်စကော်ဖီကို လက်စသတ်လိုက်ပြီး သူက သူမကို ကြည့်ရင်း ပြောလိုက်သည်။

'ဟိုလေ… အစ်ကို့မိန်းကလေးက ဘာနဲ့ဆုံးသွားတာလဲဟင်'

သူက ခေါင်းတစ်ချက်ညိတ်မိသည်။ မေ့ထားတာကိုမှ အစဖော်ပေးလိုက်သလိုဖြစ်သွားတဲ့အတွက် စိတ်ကသိကအောက်ဖြစ်သွားရတဲ့အပေါ် အပြုံးနှင့် ဖုံးဖိလိုက်ပြီး…

'ကိုယ့်လက်ပေါ်မှာပဲ ဆုံးသွားတာပါ၊ အဲဒီနေ့က ရေတံခွန်ကနေအပြန် မြို့ထဲလမ်းတစ်နေရာမှာ ကားတစ်စီး ဘရိတ်ပေါက်ပြီး ကိုယ်တို့နှစ်ယောက်ကို ဝင်တိုက်ခဲ့တယ်၊ ကိုယ့်ကိုတော့ ပွတ်ကာသီကာပဲ တိုက်မိသွားတာပါ၊ တကယ်ကို ပက်ပက်စက်စက် အတိုက်ခံလိုက်ရတာက…'

ဆက်မပြောနိုင်တော့ဘဲ ဖွဲ့ထန်ရဲ့ အသံများက တိမ်ဝင်မြုပ်ကွယ်သွားရသည်။

သူမလည်း သက်ပြင်းတစ်ချက်ချလိုက်ပြီး…

'ဆောရီး အစ်ကို၊ ကျွန်မကို စိတ်မဆိုးပါနဲ့၊ ပြောလက်စနဲ့ သတိရရင် တစ်ခုလောက်ထပ်ပြီး စဉ်းစားပေးပါဦး၊ အဲဒီအချိန်မှာ ထူးထူးခြားခြား ဘာတွေဖြစ်တယ်လို့ အစ်ကိုပြောနိုင်လဲ'

'အင်း… ထူးထူးခြားခြားတော့ ဘာမှမဖြစ်ပါဘူး၊ အက်ဆီးဒင့်ဖြစ်တယ်ဆိုတော့ လူတွေ ဝိုင်းအုံရောက်လာတယ်ပေါ့ကွာ၊ အော်ကြ ဟစ်ကြ ဆေးရုံပို့ကြနဲ့၊ ကိုယ်လည်း သိပ်သွေးပူနေတော့ ဘာမှမမှတ်မိဘူး'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါဆို ကျွန်မမေးမယ်နော်၊ အဲဒီအချိန်မှာ မျှော်စင်ပေါ်ကနေ ခေါင်းလောင်းထိုးတဲ့အသံကိုရော အစ်ကိုကြားမိတယ်ထင်လား'

ဖွဲထန် တစ်ချက်စဉ်းစားလိုက်ပြီး…

'ကြားတယ်၊ အဲဒါကို ကိုယ်မှတ်မိနေတယ်၊ ကိုယ်တို့အက်ဆီးဒင့်မဖြစ်မီ အချိန်စောစောကတည်းက ကြားနေတာ'

လိုချင်တဲ့အဖြေကတော့ ကွက်တိကို ရလာခဲ့ပြီ။

သူမက ပြုံးလိုက်တော့ သူက…

'ဘာပြုံးတာလဲ ကောင်မလေး'

'အဲဒီခေါင်းလောင်းတေးသွားရဲ့ ခေါင်းစဉ်ကို အစ်ကိုသိလား'

'ဟင့်အင်း… ဘယ်သိမလဲ၊ မင်းရော သိလား'

'သိပါတယ်၊ မရဏတေးသွားလက်ကွက်ကို အဘိုးကြီးထိုးသွားတာပါ'

'ဘာ…'

ဖွဲထန် အလွန်အမင်းအံ့သြသွားစဉ် သူမက ဆက်ပြောပါသည်။

'ကြမ္မာဆိုးကို ခေါင်းလောင်းထိုးသံနဲ့ မှားခေါ်ပြီး သေမင်းကို ပင့်ဖိတ်လိုက်တဲ့ မရဏလက်ကွက်ကို အဘိုးကြီးထိုးသွားတာ အစ်ကို'

❖



…./…./……

ဘဝမှာ အံ့သြတုန်လှုပ်ရဆုံး နေ့တစ်နေ့ပါပဲ။

Check, Re-check, Counter-check ဆိုတဲ့ သဘောတရားကို အစောကတည်းက အလေ့အကျင့်လုပ်ထားမိပေလို့ပေါ့။

စစ်ဆေးတယ်၊ ထပ်စစ်တယ်။ အပြန်ပြန်အလှန်လှန်စစ်တယ်။ All clear.

မိန်းကလေးရဲ့ ကိုယ်တွင်းကလီစာတွေကို ထုတ်ဖို့ ရင်ခွဲကာနီး နားကြပ်ထောက်လိုက်တဲ့အချိန်မှာတော့ နှလုံးက ပြန်ခုန်နေပြီ။ ဘာဆက်လုပ်ရမလဲ။

ရိုးရာအစဉ်အလာနဲ့ နတ်ဆရာကို ယုံကြည်ကြတဲ့ ဒီမြို့လေးမှာ ဒီမိန်းကလေးကို သူတို့က လူသားအဖြစ် ပြန်လည်အသိအမှတ်ပြုကြမှာတဲ့လား။

လူတစ်သန်းမှာ တစ်ယောက်ပဲ ဖြစ်နိုင်ချေရှိတဲ့ ဖြစ်ရပ်ဆန်းတစ်ခု။ နာရီအတော်ကြာ နှလုံးခုန်ရပ်နေပြီးကာမှ နှလုံးက အလုပ်လုပ်လာတယ်။ သတိလည်လာရင် ကိစ္စမရှိဘူး။ ပိုက်ဆိုးသွားတာက မိန်းကလေးခမျာ "ကိုးမား"ဝင်သွားတယ်။ နောက်ဆုံးမှာတော့ အကျပ်အတည်းတွေကြားကနေ မိန်းကလေးရဲ့ အသက်ကို ကယ်ဖို့ အများမျှော်လင့်ထားကြသလို မပုပ်မသိုးအောင် ဆေးစိရင်ပေးလိုက်တယ်ဆိုပြီး ယောင်ပြလုပ်ပေးရင်းကျိတ်ပြီး ဆေးကုပေးဖို့ ဆုံးဖြတ်လိုက်တယ်။

www.burmeseclassic.com



..../..../......

အဆိုးထဲက အကောင်းလို့ပဲ သဘောထားပါတယ်။

အတည်ပြုဖို့ ကြိုးစားဆဲ ကိုးမားဝေဒနာသည်တွေအတွက် တစ်လခံ အာဟာရဆေးရည်ကို On ပေးခဲ့တယ်။ စမ်းသပ်ဖို့ Model လိုနေတာနဲ့ ကုသခွင့်ရခဲ့တာ ကွက်တိကြီး ဖြစ်နေတဲ့အတွက် ဘုရားကို ကျေးဇူးတင်ရမှာပဲ။ သူ့ဆီရောက်အောင် သွားဖို့တော့ မလွယ်ဘူး။ ဆရာဝန်တစ်ပိုင်း တောက်ပြားတစ်ပိုင်းဖြစ်နေပြီ။ နီးကြောင်နိုးဂုဏ် ခက်ခက်ခဲခဲနဲ့ လူနာဆီ သွားခဲ့ရတယ်။

..../..../......

လူနာရဲ့ အသားတစ်သျှူးစကို နောက်တစ်ကြိမ် ပြန်ယူခဲ့ရသေးတယ်။

ဆေးသုတေသနက ကြွက်ဖြူနဲ့ စမ်းသပ်ထားတဲ့ ကုထုံးက အောင်မြင်ပါတယ်။ တကယ်ဆို ဒီထက်မက လူနာ တိုးတက်ကောင်းမွန်သင့်ပြီ။ ဘာကြောင့် သတိလည်မလာရသေးတာပါလိမ့်။ ဘုရားရှင် စောင့်ရှောက်တော်မူပါ။

..../..../......

တစ်ခုခုကိုတော့ သံသယဖြစ်နေမိတယ်။ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်နေပြီး ဘာကြောင့် ရောဂါက နိုင်နေရတာလဲ။ တကယ်ဆို မိန်းကလေး သတိရသင့်ပြီ။

Spiritual တွေနဲ့များ ဆိုင်နေလေမလား။ မဖြစ်နိုင်ပါဘူး။

ဒေါက်တာလင်းသန့်၏ ဒိုင်ယာရီစာအုပ်ထဲမှ သက်ဆိုင်သောမှတ်တမ်းကော်ပီများကို ဖတ်ရှုပြီး ဖွဲ့ထန်တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားရလေတော့သည်။

ရုတ်တရက်ဆိုတော့ လက်ခံဖို့ မခံဖို့တောင် ခပ်ခက်ခက်ပင်။

စာရေးဆရာမလေးမှာ လူငယ်ပီပီ စုံထောက်ရှူး ရှူးနေသူမို့ သူ့ကို အရင်သေချာအောင် မေးမြန်းရသေးသည်။

'ဆရာဝန်ကြီးတစ်ယောက်ရဲ့ လျှို့ဝှက်လက်ရေးစာမူတွေကို မင်းဘယ်လိုရခဲ့တယ်ဆိုတာ ကိုယ်နားလည်အောင် အရင်ဆုံးရှင်းပြဦး ကောင်မလေး'

'အစ်ကိုဆီက ဒေါက်တာလင်းသန့်ရဲ့ အချိန်ဇယားကို ရပြီးတဲ့နောက် ဟာကွက်စောင့်ပြီး အိမ်ထဲကို ဝင်ခဲ့ရတယ်လေ၊ လွယ်လွယ်ကူကူတော့ မဟုတ်ဘူး၊ အဲဒီနားက ချုံပုတ်တစ်ခုထဲမှာ ဝတ်ရုံမည်းကြီးဝတ်ပြီး ကြွက်မျက်နှာဖုံးစွပ်နဲ့ အိမ်ဖော်ကောင်မလေး အမိုက်ပစ်ထွက်နေတုန်း ဝင်ခဲ့တာ၊ ကံကောင်းချင်

www.burmeseclassic.com



တော့ ဧည့်ခန်းထဲမှာ ဂိမ်းထဲအာရုံရောက်နေတော့ ကျွန်မဖြတ်သွားတာ မသိလိုက်ဘူး။

ကျွန်မအရင်ဆုံးရောက်သွားတာက သူတို့အိပ်ခန်းထဲကို ဆရာဝန်ကတော်က တွဲလျက်ရေချိုးခန်းထဲမှာ ရေချိုးနေတယ်၊ ဒါနဲ့ ကျွန်မလည်း အခန်းအနေအထားတွေကို မြန်မြန်လေ့လာပြီး နောက်ဆုံးမှာတော့ ကျွန်မသွားချင်တဲ့ ဆရာဝန်ကြီးရဲ့ စာဖတ်ခန်းထဲ တည့်တည့်ကြီးကို ရောက်သွားတော့တာပဲ'

ဇွဲထန်က ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး သူမက စကားကို ဆက်ပြန်သည်။

'ကျွန်မက နည်းနည်းစပ်စုတတ်တယ် အစ်ကိုရဲ့၊ စာဖတ်ခန်းက သူ့ရဲ့ ဆေးသုတေသနအခန်းနဲ့ တစ်ဆက်တည်း ထင်ပါတယ်၊ အဲဒီအခန်းထဲမှာ ဖန်ပုလင်းတွေနဲ့ ဆေးရည်စိမ်ထားတဲ့ ကလီစာတွေ၊ အသည်းတွေ၊ နှလုံးတွေ တွေ့လို့ နှလုံးထည့်ထားတဲ့ ဖန်ပုလင်းရှေ့ကို ကျွန်မလည်း ချော်တော်ငေါ့ပြီး ရောက်သွားရော'

'ဘာကြောင့် မင်းက အဲဒီရှေ့ ချော်တော်ငေါ့သွားရတာလဲ'

'အင်း... ကျွန်မက နှလုံးသားကို တန်ဖိုးထားတဲ့သူ၊ ဒါကြောင့် မမြင်ဖူးလို့ သွားကြည့်တာ'

သူက စိတ်လှုပ်ရှားနေရင်းကြားက ခေါင်းကို ခါယမ်းပစ်လိုက်သည်။ 'မနိုင်ဘူး'ဆိုတဲ့ သဘောမျိုး။

'အဲဒါ အနီးကပ်လည်း သွားကြည့်ရော သွေးကြောတွေ



နဲ့ ရှုပ်ယှက်ခတ်နေတာ တွေ့ပြီး ကျွန်မပါးစပ်အဟောင်းသား ဖြစ်သွားတာလေ၊ ဝါးနေတဲ့ ပီကေက အဲဒီဖန်ပုလင်းထဲ ပြုတ်ကျသွားရော'

'ကောင်းရော'

'ကျွန်မလည်း ပီကေကို လက်နှိုက်ပြီး ယူမလို့ပဲ၊ ဒါပေမဲ့ ဆေးရည်တွေ ကျွန်မလက်ကို ပေသွားတဲ့အခါ အနံ့တွေဘာတွေ ထွက်လာနိုင်ပြီး ကံမကောင်းလို့ တစ်ချောင်းချောင်းမှာ ကျွန်မပုန်းနေရတာမျိုးနဲ့ ကြုံရင် အနံ့ကနေတစ်ဆင့် လူကို နောက်ယောင်ခံလာမှာစိုးလို့ ကျွန်မ မယူဖြစ်လိုက်ဘူး'

'မဆိုးဘူး၊ စပ်စုတာလေးကို ပြင်နိုင်မယ်ဆိုရင် မင်း စုံထောက်လုပ်စားလို့ရပြီ'

'အဟီး... နောက်တော့ ကျွန်မလည်း ဆရာဝန်ကြီးရဲ့ စာအုပ်စင်ကို မွှေနှောက်တော့တာပဲ၊ သိပ်မကြာဘူး၊ ဒိုင်ယာရီစာအုပ်တွေ့လာတယ်၊ အစ်ကို့မိန်းကလေး အက်ဆီးဒင့်ဖြစ်တဲ့ ရက်ကို နှမြတ်ကတစ်ဆင့် သိထားတယ်လေ၊ အဲဒီရက်ပိုင်းတွေကို ဦးစားပေးပြီး ရှာတာ၊ စိမ်ပြေနပြေတော့ မဖတ်နိုင်ဘူး၊ ထူးခြားဖြစ်စဉ်တွေပါနိုင်တဲ့ စာမျက်နှာတစ်ရွက်ချင်းစီကို ဓာတ်ပုံရိုက်ပြီး ယူလာခဲ့တယ်၊ အခု ဒီစာရွက်တွေက မန်မိုရီကတ်ကနေ ပြန်ပြီး ပရင့်ထုတ်လာတာ'

ဖြစ်ချင်တော့ ဒိုင်ယာရီစာအုပ်တွေကို တစ်ရွက်ချင်းစီ ဓာတ်ပုံရိုက်နေရင်းတန်းလန်းနဲ့ ဆရာဝန်ကြီးက ရောက်လာ ပါရော'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ...'

'ဟား... ဟား... နည်းနည်းမူးလာတယ်ထင်ပါရဲ့ အစ်ကိုရယ်၊ ကျွန်မက သူ့စာကြည့်စားပွဲအောက်က ခြေနင်းခုံမှာ မှောက်နေတာ။ သူက ကျွန်မကျောပေါ် ခြေထောက်တင်လို့။ သူဟာသူလည်း မသက်သာဖြစ်နေတယ် ထင်ပါရဲ့။ ကျွန်မကို ဆောင့်ကန်ကြည့်လိုက်သေးတယ်။ အီစလန်ကို ဝေသွားတာပဲ'

ဇွဲထန်ကတော့ သူမရဲ့ အဖြစ်အပျက်အတွက် အားတုံ့အားနာနှင့်သာ ပြုံးနေရတော့သည်။

'အဲဒါ ဖြစ်ချင်တော့ ဒိုင်ယာရီစာအုပ်ဆီကို လက်လှမ်းတယ် ထင်ပါရဲ့၊ သူ့လက် မြောက်တက်သွားတာကို အောက်ကနေ ကျွန်မ မြင်ရတယ်လေ၊ ကျွန်မလည်း ဒိုင်ယာရီစာအုပ်ကလေးကို အောက်ကနေ အပေါ်လှမ်းပေးလိုက်တာ၊ ဖြစ်ခဲ့တာတွေကတော့ တော်တော်လည်း သည်းထိတ်ရင်ဖိုဆန်သလို ရယ်လည်း ရယ်ရပါတယ် အစ်ကိုရယ်၊ နောက်တော့ စာကြည့်စားပွဲကနေ ထပြီး သူ့ဖန်ပုလင်းတွေနား သွားတယ်၊ ပီကေကပ်နေတဲ့ နှလုံးကို မြင်ပြီး မူးနေတာ ပျောက်သွားမတတ်ကို ဆရာဝန်ကြီး အကြီးအကျယ် အံ့သြလည်းသွားရော ကျွန်မလည်း အဲဒီအခန်းထဲကနေ တစ်ချိုးတည်းကို လစ်ပြေးလာခဲ့တော့တာပဲ'

'ဟာ... မင်း တော်တော်ကိုစွန့်စားခဲ့ရတာပဲ၊ ထွက်ပြေးလာတော့ ဘယ်သူမှ မမြင်ဘူးလား'

'သူ့သားလေးက ဂိမ်းဆော့နေရင်းနဲ့ မြင်သွားတယ်၊ ရောမကြွက်ကြီး၊ လူလောက်ရှိတဲ့ ကြွက်ကြီးနဲ့ အော်ပြီး ကျွန်



နေရစ်ခဲ့တယ်၊ ကဲ... အဲဒါတွေက ထားပါ၊ အစ်ကို့ကို ယုံကြည်လာအောင် ကျွန်မရဲ့ စွန့်စားခန်းတွေကို ပြောပြတာ'

'ကိုယ်ယုံပါတယ်။ ကျေးဇူးလည်း တင်ပါတယ်၊ ဒီစာထဲကအတိုင်းဆို ကိုယ့်ကောင်မလေး မသေသေးဘူးဆိုတဲ့သဘောပေါ့၊ ကိုယ် လောလောဆယ် အရမ်းကိုသွေးပူနေတယ်၊ ဘာဆက်လုပ်လို့ လုပ်ရမှန်း မသိဘူး၊ သေချာတာတစ်ခုကတော့ အရမ်းကိုပျော်နေတယ်၊ ကိုယ့်မျှော်လင့်ချက်တွေ မသေသေးဘူး၊ ဖြစ်နိုင်ရင် အခုချက်ချင်း ဘုရားရှိခိုးကျောင်းကို လိုက်သွားပြီး ဘုန်းကြီးကို ခွင့်ပန်ပြီး...'

'နေဦး အစ်ကို၊ နေဦး...'

ဇန်ဇန်က ဇွဲထန်ကို တစ်ချက်ဟန့်တားလိုက်ပြီး...

'ဒီကိစ္စဟာ သဘောရိုးနဲ့ဖြေရှင်းလို့ရတဲ့ကိစ္စမဟုတ်ဘူး အစ်ကို၊ ဖြစ်နိုင်ရင် ဘယ်သူ့ကိုမှ အသိမပေးပါနဲ့၊ အစ်ကိုလည်း ဆရာဝန်ကြီးရဲ့ ဒိုင်ယာရီကို ဖတ်ပြီး ရိပ်မိလောက်ရောပေါ့၊ နှလုံးခုန်ရပ်ပြီးတော့မှ ပြန်ပြီး နှလုံးအလုပ်လုပ်လာတဲ့ မိန်းကလေးကို ဒီမြို့က လူတွေက လူသားအဖြစ် အသိအမှတ်ပြုကြမှာလား၊ ဒါက တစ်ကြောင်း၊ နောက်တစ်ခုက ဟင်း... အစ်ကို့ကို ကျွန်မ ဘယ်လိုရှင်းပြရမလဲ၊ ရှင်းပြဖို့ သက်သေတစ်ခုက လိုနေတယ်'

'မင်းဇောဇောက ပြောပါတယ်၊ ဘာတဲ့၊ ခေါင်းလောင်းထိုးတဲ့ အဘိုးကြီးက ကြမ္မာဆိုးကို ခေါင်းလောင်းထိုးသံနဲ့ မှုန်းခေါ်ပြီး သေမင်းကို ပင့်ဖိတ်လိုက်တဲ့ မရဏလက်ကွက်ကို ထိုး

www.burmeseclassic.com

www.burmeseclassic.com



သွားတယ်ဆိုတာ၊ ကိုယ်သိပ်နားမရှင်းဘူး၊ အဲဒီလို ဂမ္ဘီရလိုလို ဘာလိုလိုကိစ္စတွေကို ကိုယ်သိပ်မယုံကြည်တတ်ဘူး၊ ဆောရီး နော်... ကိုယ် မင်းကို ဆန့်ကျင်တာမဟုတ်ပါဘူး၊ နောက်ပြီး ကိုယ့်ကောင်မလေးဆိုတာလည်း တစ်ပါးသူက သေကြောင်းကြံစည်ရလောက်အောင် ခပ်ဆိုးဆိုးဝါးဝါးထဲက မဟုတ်ဘူး၊ အနေအထိုင်အေးဆေးပြီး ဘယ်သူ့ကိုမဆို ကူညီဖို့ အမြဲအဆင်သင့်ဖြစ်နေတတ်တဲ့သူမို့ သူ့မှာ ရန်သူမရှိဘူးလို့ပဲ ကိုယ်ထင်တယ်'

ဖွဲ့ထန်စကားကြောင့် သူမမျက်နှာတစ်ခုလုံး ရှက်စိတ်နှင့် နွေးသွားရသည်။

ကျွန်မသိပါတယ်။ ကိုဟာ ကျွန်မကို ဘယ်တော့မဆို အသိအမှတ်ပြုဖို့ ဝန်လေးနေတတ်တဲ့သူဆိုတာ။ သူနဲ့ သူ့ကောင်မလေးအတွက် အသက်ကိုတောင်ရင်းပြီး စွန့်စားအလုပ်လုပ်ပေးနေရတဲ့အပေါ် အသိအမှတ်မပြုတာတော့ ဝမ်းနည်းလွန်းတယ်။

'ဒါဆို ကျွန်မက အစ်ကို့ကို လုပ်ဇာတ်တွေခင်းပြီး ညာနေတဲ့သူတစ်ယောက်ပေါ့၊ ဟုတ်လား'

ဒီတော့မှ သူ ပျာပျာသလဲဖြစ်သွားပြီး...

'အာ... အဲလိုမဟုတ်ပါဘူး၊ ကိုယ် အဲလိုမထင်ပါဘူး၊ ဒေါက်တာလင်းသန့်ဟာ ကိုယ့်ကောင်မလေးကို ကျိတ်ပြီးကြိုက်နေတယ်ဆိုတဲ့အထိ ကိုယ်လက်ခံပါတယ်၊ ခေါင်းလောင်းထိုးတဲ့ အဘိုးကြီးရဲ့ ခေါင်းလောင်းသံကြောင့် ကိုယ်တို့ အက်ဆီးဒင့်ဖြစ်ခဲ့ရတယ်ဆိုတာကတော့လေ ဘယ်လိုခေါ်မလဲ၊ မင်းက စာရေး



ဆရာမဆိုတော့ စိတ်ကူးယဉ်တဲ့ရှုထောင့်ကနေများ တွေးတာများနေသလားလို့ပါ'

သူ့စကားကြောင့် သူမ အသက်ကို ဝဝရှူပြီး နှုတ်ခမ်းကို တစ်ချက်ဖိကိုက်လိုက်ကာ...

'ကျွန်မကို မေးခွန်းတစ်ခုလောက် မေးပါလား၊ မင်း ဘာကြောင့် ကိုယ့်ကောင်မလေးရဲ့ အသက်လုံခြုံရေးကိစ္စကို မင်းနဲ့ဆိုင်ဘဲ စိတ်ပူနေရသလဲဆိုတဲ့ မေးခွန်းလောက်ဖြစ်ဖြစ်ပေါ့'

သူမစကားကြောင့် ဖွဲ့ထန် အမ်းသွားရသည်။ ဒီမေးခွန်းကို မေးဖို့ သူ လက်တွန့်နေမိတာ သူသာအသိဆုံးပါ။ ဒီကောင်မလေး သူ့ကိုကြွေနေမှန်း သူသိပါသည်။

သူ လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး...

'ပြောလေ ကောင်မလေး'

'အစ်ကို့ကို ပျော်စေချင်... လို့... ပါ...'

သူ သူမလက်ကလေးကို တစ်ချက်ဖျစ်လိုက်သည်။ ကိုယ့်အပေါ် နားလည်အပေးနိုင်ဆုံးသော မိန်းကလေးတစ်ယောက် ကမ္ဘာပေါ်မှာ အမှန်တကယ်ရှိသေးပါလားလို့ အံ့အံ့သြသြတွေးမိရင်း...

'ကိုယ်သိပါတယ်'

'ကျွန်မ စာအုပ်စင်မှာက စာအုပ်တွေ သိပ်စုံပါတယ် အစ်ကို၊ စာကြမ်းပိုးလေး ဒီမြို့ကို အလည်ရောက်လာတာကိုက အဲဒီအဘိုးကြီး ကံဆိုးသွားတာ၊ ရန်သူကို အထင်မသေးပါနဲ့လို့ပဲ ကျွန်မ ပြောခဲ့မယ်၊ အစ်ကို့ရဲ့ မယုံကြည်မှုကို အခွင့်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ယူပြီး အဘိုးကြီးက နောက်တစ်ကြိမ် ခေါင်းလောင်းထိုးဦးမှာပါ၊ ဒီလ ဆယ့်သုံးရက်နေ့ ညတစ်နာရီကျော်မှာ လကြတ်မယ်ဆိုတာ အစ်ကိုလည်း ကြားမိမှာပါ၊ အတိတ်နိမိတ်မကောင်းတဲ့ အချိန်ကို အခွင့်ကောင်းယူပြီး အဘိုးကြီးဟာ သူ့ရဲ့ မပြီးပြတ်ခဲ့တဲ့၊ မအောင်မြင်ခဲ့တဲ့ မိစ္ဆာတေးသွားကို ထိုးပြပါလိမ့်မယ်၊ ကျွန်မတို့ဘက်ကသာ အချိန်မီပြင်ဆင်မှုမလုပ်နိုင်ခဲ့ရင် ဒေါက်တာလင်းသန့်ဟာ လူနာကို လက်လျှော့ရတော့မယ်။

ကျွန်မမှာ ရှေးခေတ် မာယယန်လူမျိုးတွေနဲ့ပတ်သက်ပြီး မိန်းကလေးတစ်ယောက်ရဲ့ အသက်ကို ရက်ရက်စက်စက် စတေးပြီးမှ သွန်းခဲ့ရတဲ့ ခေါင်းလောင်းကြီးအကြောင်းရေးထားတဲ့ ရှေးဟောင်းစာအုပ်တစ်အုပ်ရှိတယ် အစ်ကို။

ကျွန်မသူငယ်ချင်းနဲ့ အဲဒီစာအုပ်ကို ယူခိုင်းပြီး အချက်အလက်တချို့ကို အစ်ကို့ကို ချပြပြီးတော့မှ ကျွန်မတို့ စကားဆက်ပြောကြတာပေါ့'

✣

(၂၀)

'နှင့်အိမ်က အခုလေးတင် ဖုန်းဆက်သွားတယ်'

ရထားလုံးငှားပြီး နုမြတ်တို့အိမ်ပြန်စဉ် နုမြတ်က ခြံဝင်းထဲမှာ ကိုက်လန်ပင်ပျိုးများကို မြေပေါင်များထဲ ခွဲစိုက်ရင်း အော်ပြောသည်။

'ဟဲ့… ဘာတဲ့လဲ'

သူမလည်း အိမ်ထဲတန်းမဝင်သေးဘဲ နုမြတ်ရှိရာ စိုက်ခင်းထဲသွားပြီး နုမြတ်နဲ့အတူ ကိုက်လန်ပင်များကို အတန်းလိုက်ကူစိုက်ပေးရင်း မေးလိုက်သည်။

'ဘာတဲ့ကမှာလဲ၊ နှင့်ကို စိတ်ပူလို့တဲ့၊ ငါတို့ အိမ်မှာ အကြာကြီးနေနေလို့ ငါ့မိဘတွေကိုပါ အားနာတယ်ဆိုလို့ အမေတောင် အားမနာဖို့၊ ကျောင်းဖွင့်တော့မှ သူငယ်ချင်းနှစ်ယောက်အတူပြန်ချင် ပြန်ပါရစေ ဘာညာနဲ့ နှင့်အမေကို ဖုန်းပြောလိုက်သေးတယ်၊ အဟီး…'

www.burmeseclassic.com



'ငါပြန်မှာပါ၊ လကြတ်တဲ့ညပြီးတာနဲ့ နောက်တစ်နေ့ ငါပြန်မှာပါ'

'ဟယ်… တယ်ရှင်းရယ်၊ ငါ နှင်နဲ့မခွဲနိုင်ဘူး၊ အဟဲ … ဟဲ…'

'ရုပ်ကြီးကလည်း ပြုံးစိစိနဲ့ ဘာတွေ 'ဟ'နေတာ တုံး'

'သြော်… ဒါလား၊ ကိုယ့်အကြောင်းနဲ့ ကိုယ်ပေါ့ဟာ၊ အီး… အီး…'

'လုပ်စမ်းပါဟယ်၊ ငါလည်း ရယ်ချင်လို့ပါ၊ နှင် ဘာတွေအူမြူးနေတာလဲ'

'ဘာမှမဟုတ်ပါဘူး၊ အဟင်း… ဟင်း…'

'အချိန်တိုလေးအတွင်းမှာကို ရယ်သံလေးမျိုးပြောင်းပြီး ရယ်ပစ်လိုက်နိုင်တယ်ဆိုကတည်းက ရည်းစားသနာအမှုပဲဖြစ်ရမယ်၊ မှန်း… ကိုဘုန်းလတ်က နှင့်ကို အဖြေပေးလိုက်ပြီတဲ့လား'

'အေး… အဟေး… အမ်… ငါ့ကို အဖြေတောင်းတယ် လုပ်စမ်းပါ'

'သြော်… အေး… ဟုတ်သား၊ နှင့်ကို အဖြေတောင်းလိုက်ပြီတဲ့လား'

'ဇန်ဇန် နှင် လူကဲခတ်သိပ်ကျွမ်းလွန်းတယ်နော်၊ ငါ နှင့်ကို ကြောက်တောင်လာပြီ၊ တကယ်'

'ငါ့မှာ ကုန်းဘောင်ခေတ်သုံး မဟာလူကဲခတ်ကျမ်း အကျော်ကြီးရှိတယ်ဟ၊ အဲဒီစာအုပ်ထဲမှာ ကွမ်းတစ်ညက်ဝါး



အတွင်း လုံမပျိုတစ်ယောက်ဟာ အိမ်ပြင်ကို အကြောင်းမရှိ အကြောင်းရှာထွက်ပြီး လက်ကတီးကို ဆယ်ကြိမ်ထက်မနည်း မြှောက်ပြရင် ကိုယ့်ထက်ပျို့ရွယ်တဲ့ လုလင်ပျိုကို ကျွမ်းဝင်လို့၊ နားသယ်က ဆံစကို ရှစ်ကြိမ်ထက်မနည်းသပ်ပြီး ရတု၊ ရကန်တွေ ရွတ်နေရင် ဆွေမျိုးနီးစပ်ထဲက လုလင်ပျိုကို စုံမက်လို့ စသဖြင့်ပေါ့ဟာ၊ ဂမ္ဘီရသိပ္ပံ လူကဲခတ်နည်းတွေကို ငါက တတ်ထားတာကိုး'

'နှင်တော့ ငါ နိုင်ကိုမနိုင်ဘူး၊ ဒါနဲ့ ကိုဘုန်းလတ် ငါ့ကို အဖြေတောင်းထားတာကျတော့ရော နှင် ဘယ်လိုကွက်တိကြီး အကဲခတ်လိုက်တာလဲ'

'ဒါကတော့ အိုင်တီခေတ်လူကဲခတ်နည်းပေါ့၊ ကွန်ပျူတာ ကီးဘုတ်ပေါ်က Enter ခလုတ်တစ်ခေါက်စာအချိန်လေးအတွင်း ရယ်သံကို ယောကျ်ားသံ၊ မိန်းမသံ၊ ယောကျ်ားလျာသံ၊ မိန်းမလျာသံ စသဖြင့် ရယ်သံလေးမျိုး ပြောင်းလဲရယ်ပစ်လိုက်ပြီဆိုကတည်းက ရည်းစားသနာအမှုနဲ့ပတ်သက်ပြီး အဖြေတောင်းစရာရှိတာ တောင်းရင် တောင်း၊ ပေးစရာရှိတာ ပေးရင်ပေး၊ တစ်ခုခုလုပ်တော့မယ်ဆိုတာ ငါသိတယ်လေ'

'မိန်းမရယ်… မှန်လိုက်တာ၊ မှန်လိုက်တာ၊ ငါလည်းလေ အခု သုတေသနတစ်ခုလုပ်နေတယ်'

'ဟေ… ဘာသုတေသနတုံး'

'သူက ငါ့အချစ်ကို လုံးဝဥဿုံရလိမ့်မယ်လို့ မျှော်လင့်ထားတာ'

www.burmeseclassic.com

www.burmeseclassic.com



'အေးလေ… မဟုတ်လို့လား၊ နင် သူ့ကိုကြိုက်နေတာ သူမပြောနဲ့၊ ဒီမြို့က တိကောင်တွေကအစ သိတယ်'

'အယ်… အဟုတ်'

'ဟုတ်မှ ဟုတ်'

'အီစီကလီလောက်တော့ လုပ်ထားမိပါတယ်၊ အဟဲ'

'ဘာအစီပွာယ်တုံးဟ'

'သြော်… ဟယ်… ကိုးဆယ်ရာခိုင်နှုန်း သေချာပြီလို့ အပိုင်တွက်ထားတဲ့ ယောကျ်ားတစ်ယောက်ကို ငါဘယ်လောက် အချိန်ဆွဲပြီး ညှဉ်းဆဲထားနိုင်မလဲဆိုတာ သိချင်တာရယ်၊ Time Limit ကိုကျော်လွန်သွားပြီးတဲ့နောက်ပိုင်း ယောကျ်ားတစ်ယောက်ရဲ့ သိက္ခာ၊ မျှော်လင့်ချက်၊ အိပ်မက်၊ အိုဟာ… စိတ်ဝကာမဖြစ် ပျက်ပြောင်းလဲမှုတွေအားလုံးကိုသိချင်လို့ သုတေသနလုပ်နေတာ'

'ဘုရား… ဘုရား… ဒါဆို ကိုဘုန်းလတ်က နင့် စမ်းသပ်ခန်းထဲက မျောက်ကလေးပေါ့နော်'

'ယုန်ကလေး လုပ်စမ်းပါဟယ်'

'အေးပါဟာ… ယုန်ဖြစ်ဖြစ်၊ မျောက်ဖြစ်ဖြစ်၊ လင်းတ ဖြစ်ဖြစ်ပေါ့၊ ငါ ဝင်းဝင်းမော်ဆီ ဖုန်းသွားဆက်လိုက်ဦးမယ်'

'ဟယ်… ဘာကိစ္စလဲ'

'ငါ့စာကြည့်စင်က စာအုပ်တစ်အုပ်ကို ဒီကို ပါဆယ် ပို့နိုင်းမလို့'

'ဟယ်… နင်ပြောတဲ့ ကုန်းဘောင်ခေတ်သုံး မဟာ လူကဲခတ်ကျမ်းအကျော် စာအုပ်ကြီးလား'



'မဟုတ်ဘူး၊ ဥရောပမှောင်ခိုဈေးကွက်ကနေ ဘန်ကောက် ကိုရောက်လာတဲ့ စာအုပ်တစ်အုပ်ဟာ၊ ငါ အင်မတန်လိုချင်လွန်းလို့ ဈေးကြီးပေးပြီး ဝယ်ထားရတာ၊ The Bell တဲ့'

'ဟင်… ခေါင်း… ခေါင်းလောင်းအကြောင်း ရေးထားတဲ့စာအုပ်ပေါ့'

'အေး…'

ထိုစဉ် မျှော်စင်ထက်မှ ခေါင်းလောင်းသံတချို့က သူမ တို့ရှိရာဆီသို့ ငြိမ့်ငြိမ့်ညောင်းညောင်းနှင့် သက်ဆင်းဝင်ရောက်လာ လေတော့သည်။

❖

www.burmeseclassic.com

www.burmeseclassic.com

## (၂၁)

'ငါကြားပါတယ် ဖန်ဖန်ရယ်၊ နင် အဲဒီမြို့မှာ တစ်ကိုယ်တော်လှုပ်ရှားနေတာဆို'

မကြားရတာ ကြာပြီဖြစ်တဲ့ ဝင်းဝင်းမော်ရဲ့ လေသံက စကြားကြားချင်းကို တယ်လီဖုန်းထဲမှာ ထိုသို့ လက်ပေါက်ကပ်နေတော့သည်။

'တစ်ကိုယ်တော် လှုပ်ရှားနေတယ်ဆိုတော့ ငါက ဖောက်ထွင်းဝိဇ္ဇာလိုလို၊ ဘတ်စ်ကားပေါ်က ခါးပိုက်နှိုက်လိုလိုနဲ့'

'သိလျက်သားနဲ့ မသိချင်ယောင်ဆောင်မနေပါနဲ့ မိန်းမရယ်၊ အဟဲ… ဟဲ… နင် ဒီမြို့က လူတစ်ယောက်ကို ကျိတ်ကြွေနေတယ်ဆို'

စိတ်ထဲကနေ နှမြတ်ကို ပက်ပက်စက်စက် ကျိန်ဆဲပစ်လိုက်ပြီး…

'ကျိတ်ကြွေနေရအောင် အရင်ကရော ငါက ပေါ်တင်ဝေဖူးလို့လား'



'တော်ပြီ… တော်ပြီ… နင်နဲ့ ငါ တွေ့လိုက်ရင် ရိုက်ပေါက်တွေချည်းပဲ၊ ဘယ်တော့မှကို ကီးမကိုက်ဘူး'

'အေးလေဟယ်… ကီးကိုက်ရအောင် ငါက သီချင်းလည်း မဟုတ်ဘူး၊ နင်က ဂစ်တာလည်းမဟုတ်ဘူး၊ ဟဲ့…. နင့်ရဲ့ Body Shape ကိုလေ တူရိယာတစ်မျိုးမျိုးနဲ့ ပုံပမာနှိုင်းရမယ်ဆို နင်က ဂစ်တာ Shape တော့ မဟုတ်ဘူးဟ၊ သက်သက်ညှာညှာပြောရရင်တော့ ဟိုလေ ပလွေရှိုးလေးပေါ့ဟယ်၊ အပေါ်ပိုင်းနဲ့ အောက်ပိုင်းကို ဖြတ်ပြီး ပြောင်းပြန်ဆက်ထားရင်တောင် ရှေ့ကကြည့်ကြည့်၊ နောက်ကကြည့်ကြည့်၊ ဘေးတိုက်ကြည့်ကြည့် ဘယ်လိုမှမသိသာတဲ့ ဘော်ဒီမျိုး၊ သဘောပေါက်လား၊ သဘောမပေါက်ဘူးဆိုရင် ငါ နောက်တစ်မျိုးဥပမာပေးပြီး ထပ်ရှင်း…'

'တော်ပြီနော်… အင်ဒီယာနာဂျုံး(စ်)မ၊ ငါစိတ်ဆိုးလာပြီ'

'ကပ္ပတိန်ဂျက်စပဲရိုးမကလည်း စိတ်မဆိုးပါနဲ့ဟယ်'

'ရှားလော့ဟုမ်းမနော်၊ ဟင်း… ဟင်း…'

ဝင်းဝင်းမော်နဲ့ တွေ့လိုက်တိုင်း စကားလမ်းကြောင်းက ထိုသို့ ဘယ်ညာယိုင်ထွက်သွားတတ်ပြီး ရှားလော့ဟုမ်းဆိုမှပဲ ကိုယ်စုံထောက်နေတဲ့ ကိစ္စကို သတိရသွားကာ သူမကို အကူအညီတောင်းဖို့ ဖုန်းဆက်မိမှန်း သဘောပေါက်တော့သည်။

ထို့ကြောင့် လေသံချိုလေးနှင့်…

'ငါ နင့်ကို အကူအညီတစ်ခုလောက် တောင်းချင်လို့ဟာ'

www.burmeseclassic.com

www.burmeseclassic.com



'အင်း... ပြော...'

'ငါ့အိမ်ကို သွားပေးဟာ'

'အေးပါ... ရပါတယ်'

'ငါ့အိမ်ကိုလည်း ကြိုပြီးဖုန်းဆက်လိုက်ပါ့မယ်၊ နင်လာမယ်လို့ ငါ့မိဘကို ပြောပြီး ငါ့အခန်းထဲကို ဝင်'

'အင်း... ဝင်ပြီးတော့...'

'စာအုပ်စင်ရှေ့ ရပ်လိုက်၊ Antique လို့ရေးထားတဲ့ စာအုပ်တန်းကို ရှာဟာ၊ တွေ့ရင် The Bell လို့ရေးထားတဲ့ စာအုပ်ကို ဆွဲထုတ်လိုက်၊ စာအုပ်က အရမ်းကို ဟောင်းနွမ်းပြီး စာရွက်သားတွေက ဝါထိန်ထိန် ကြွပ်ဆတ်ဆတ်ဖြစ်နေလို့ သတိထားကိုင်နော်၊ ပြီးတော့ ပါဆယ်လုပ်ပြီး ငါ့ဆီပို့ပေးလိုက်'

'ငါ... ငါ... ကြားကနေ စပ်စုပြီး ဖတ်ကြည့်လိုက်ရလမလားဟင်၊ အဟီး...'

'နင်က ငါမပြောလည်း စပ်စုမယ့်သူပဲ၊ ဖတ်ပေါ့၊ အင်္ဂလိပ်စာတော့ ကောင်းရလိမ့်မယ်၊ ရှေးခေတ် အင်္ဂလိပ်အသုံးအနှုန်းနဲ့ ရေးထားတာ၊ ငါလည်း စီကာပတ်ကုံး နားမလည်ဘူး၊ သေသေချာချာဖတ်ကြည့်ရင်တော့ ပြောချင်တဲ့အဓိပ္ပာယ်ကို နားလည်ပါတယ်'

'နေပါဦး၊ ငါ နင့်ကို မေးပါရစေဦး၊ The Bell ဆိုတဲ့ ရှေးဟောင်းစာအုပ်ကို လှမ်းတောင်းပြီဆိုကတည်းက နင် အဲဒီမြို့ရဲ့ မျှော်စင်ပေါ်က ခေါင်းလောင်းကြီးနဲ့ ပတ်သက်ပြီး မလည်ရှုပ်တွေလုပ်ထားပြီ မဟုတ်လား၊ အဟင်း... ဟင်း... သိနေတယ်နော်'



'နင်က ငါ့အကြောင်းတွေ တော်တော်များများသိနေတယ်ဆိုတော့ မဟုတ်မှ လွဲ၊ သားပိုက်ကောင်ကြီးကို ဖုန်းနံပါတ်ပေးထားတယ်နဲ့ တူတယ်'

'အောင်မာ... ရာရာစစ ဒီမယ် ဇန်ဇန်၊ ငါဆိုတဲ့ ဝင်းဝင်းမော်ဟာလေ ယောကျ်ားတစ်ယောက်ကို ဘယ်တော့မှ ဖုန်းနံပါတ် လွယ်လွယ်ကူကူပေးတတ်တဲ့ မိန်းမစားမျိုး မဟုတ်ဘူး'

'ဂွူး... ဂွူး... ဟင့်... ဟင့်... ဟင့်... ဂွူး... ဂွူး... ဟင့်... ဟင့်... ဟင့်...'

'ကောင်မနော်... နင် ငါ့ကို အရှုးကွက်နင်းမနေနဲ့'

'ဂွူး... ဂွူး... ဟင့်... ဟင့်... ဟင့်... ဂွူး... ဂွူး... ဟင့်... ဟင့်... ဟင့်...'

'ဟဲ့... မိဇန်'

'ဂွူး... ဂွူး... ဟင့်... ဟင့်... ဟင့်... ဂွူး... ဂွူး... ဟင့်... ဟင့်... ဟင့်...'

'အေး... နင်တို့လို ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စတွေ ဝင်ရှုပ်၊ ကိုယ့်ကို စေတနာနဲ့ ပြောတဲ့စကားကျတော့ အရှုးကွက်နင်းတတ်တဲ့ လူ့ထော်လော်ကန့်လန့်တွေကို ရည်ရွယ်ပြီးပြောခဲ့တာဖြစ်မယ်၊ သောမတ်(စ်)အကွိုင်းနက် တစ်ခါက ပြောခဲ့ဖူးတယ်'

'ဟဲ့... ဝင်းဝင်းမော်၊ သောမတ်(စ်)အကွိုင်းက နောက်မှ နက်၊ ငါ့ကို နမြတ်အမေက ဘာခိုင်းချင်လို့လဲ မသိဘူး၊ ခေါ်နေပြီဟာ၊ ငါပြောတဲ့စာအုပ်ကို သေချာထုပ်ပိုးပြီး ဆက်ဆက်

www.burmeseclassic.com

www.burmeseclassic.com



ပို့လိုက်နော် တယ်ရင်း၊ ငါလည်း ဒီမြို့မှာ သိပ်မကြာဘူး၊ ပြန်လာတော့မှာ၊ အဲဒီကျမှ နက်ကြတာပေါ့၊ ဒါပဲ… ဒါပဲ’

‘နင်ဟာလေ…’

‘ဠပ်’ခနဲ ကိုယ့်ဘက်က ဦးအောင် ဖုန်းချလိုက်တာတောင် ဝင်းဝင်းမော်ရဲ့ ‘နင်ဟာလေ’ဆိုတဲ့ အောင့်သက်သက်အသံကြီးက နားထဲယားကျိကျိနှင့် ကျန်နေရစ်ခဲ့သေးသည်။

❖

(၂၂)

မူရင်းလက်ရေးဟန်များကို ကော်ပီကူးထားဟန်ရှိသော ရှေးခေတ်အင်္ဂလိပ်လက်ရေးစာမူများ၊ ဘာသာရေးကိုဏ်းချုပ်များ၏ အစီရင်ခံစာများ၊ မေတ္တာရပ်ခံစာများ၊ ခေါင်းလောင်းပုံ ခဲခြစ်ပန်းချီများနှင့် ဝိညာဉ်နှင့်ဆိုင်သော ခဲခြစ်တစ်ကြောင်းဆို ပန်းချီများပါသည့် လည်သာအဖုံးအမည်းပေါ်မှာ ရွှေရောင်နှင့် The Bell ဟု ရေးသားထားသော တစ်ချိန်တစ်ခါက အတော်ကလေးခံ့ခံ့ညားညားရှိခဲ့ဟန်တူသော ရှေးဟောင်းစာအုပ်ကို ခပ်မြန်မြန်ကလေး ဖတ်ရှုပြီးသည့်နောက်က ဖွဲ့ထန် ရင်အခုန်မြန်လာသည်။

ဒီလောက် တိကျခိုင်မာလှသော အကိုးအကားသက်သေများ ကိုယ့်ရှေ့ရောက်လာမှတော့ သူမပြောသောစကားများ၊ သတိပေးချက်များ လျှော့တွက်၍မရတော့မှန်း သူနားလည်သွားသည်။

ဒီရက်ပိုင်း သူမညွှန်ကြားထားသလို ဘုရားရှိခိုးကျောင်းသို့ ဟန်မပျက်ကလေး ရောက်ခဲ့ပါသေးသည်။

ဒေါက်တာလင်းသန့်၏ အစီအမံအရ ရွှေရောင်ကျွင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ပုံး၊ ကိုယ်ထည်နှင့် အတိတိုင်းပြီး မိုလ်လုပ်ထားသော ရွှေရောင်ချပ်ဝတ်တန်ဆာအောက်မှာ ချစ်တဲ့သူရဲ့ အသားကလေးကို ထိတွေ့ခွင့်မရှိတာတောင် တကယ့်အသက်ရှိတဲ့ သူတစ်ယောက်အနားကပ်ရသလို သူ့နွေးထွေးနေခဲ့သည်။

သူမ ဟောကိန်းထုတ်ထားသလို အဘိုးကြီးရဲ့ ခေါင်းလောင်းသံတစ်မျိုးဟာ မိစ္ဆာကို အမှန်တကယ်ပင့်ဖိတ်နိုင်ပြီး ကိုယ့်ချစ်သူရဲ့ ဇီဝိန်ကို ခြွေယူပစ်နိုင်ပါသလား။

မအောင်မြင်ခဲ့တဲ့ လုပ်ကြံမှုကိုရော အဘိုးကြီးက ရိပ်မိပြီး ကိုးမားဖြစ်နေတဲ့ ချစ်သူကို လကြတ်ညမှာ ခေါင်းလောင်းသံတစ်မျိုးနဲ့ နောက်တစ်ကြိမ်ထပ်ပြီး ဇီဝိန်ခြွေဖို့ ကြိုးစားမှာလား။

ခွဲစိတ်ခန်းထဲမှာ အသက်လုခဲ့ကြတဲ့ ဆရာဝန်ကြီးတွေ လက်လျှော့သွားတဲ့အချိန်၊ ဒေါက်တာလင်းသန့်ရဲ့ လက်ထဲကိုရောက်တော့မှ ချစ်သူရဲ့ ရပ်နေတဲ့နှလုံးဟာ ပြန်အလုပ်လုပ်လာတာ ဟုတ်ပါ့မလား။

The Bell ဆိုတဲ့စာအုပ်ထဲက သူမမျဉ်းကြောင်းသားပေးထားတဲ့ အချက်အလက်များ ဖတ်ကြည့်ပြီးချိန်မှာတော့ ချစ်သူမှာ ဘဝအဆက်ဆက်က နိုင်လိုမင်းထက်ပြုကျင့်လာခဲ့သူ ရန်သူတစ်ယောက်ရှိနေပြီမှန်း သူ လက်ခံလာရတော့သည်။

'ဒါဆို ဒီခေါင်းလောင်းကြီးရဲ့ သမိုင်းအစက မာယာယန်လူမျိုးတွေဆီကနေ တစ်ဆင့် တစ်ဆင့်နဲ့ ကိုယ်တို့မြို့ကို ရောက်ခဲ့တယ်ဆိုတဲ့သဘောပေါ့၊ ဟုတ်လား'

'အဲဒီလိုပဲ ဖြစ်ဖို့များတယ်၊ အစ်ကိုလည်း ဒီမြို့ခံပဲ၊



ခေါင်းလောင်းကြီးကို ဒီမြို့မှာ သွန်းခဲ့သလားဆိုတဲ့ သမိုင်းအထောက်အထားတွေ ရှာကြည့်ပါဦး'

'ဟင့်အင်း… အဲဒီလိုတော့ ကိုယ်မကြားမိဘူး၊ ဒီခေါင်းလောင်းကြီးကို ကိုယ်တို့မြို့မှာ သွန်းခဲ့တာတော့ မဟုတ်ဘူး၊ အဲဒါ သေချာတယ်၊ အရင် ပဒေသရာဇ်ခေတ်တွေတုန်းက စစ်နိုင်ပြီး အိမ်နီးချင်းနယ်စပ်မြို့ကနေ သယ်လာတယ်လို့တော့ သိရတယ်'

'ဒါဆို အဲဒီအိမ်နီးချင်းနယ်စပ်မြို့ကတော့ ဒီခေါင်းလောင်းကို သွန်းခဲ့သလားဆိုတာ ထည့်တွက်ရတော့မယ်'

'အဲဒီလိုလည်း မသေချာပြန်ဘူး'

'ဟောဒီမှာ အစ်ကို ကြည့်… ကြည့်၊ ခေါင်းလောင်းကို ဆွဲထားတဲ့ ခဲခြစ်ပန်းချီ တွေ့လား၊ အမြင့်က ကိုးပေခွဲ၊ ကြေးပီသသာချိန်ကိုးရာကျော်တဲ့၊ အတိအကျကို ရေးထားတာ၊ အခု မျှော်စင်ပေါ်က ခေါင်းလောင်းနဲ့ ကွက်တိကို မတူလွန်းဘူးလား'

'ဟုတ်တယ်၊ သိပ်တူတယ်၊ နောက်ပြီး ဒီခေါင်းလောင်းကြီးက ရာဇဝင်အားဖြင့်လည်း မကောင်းဘူးနော်၊ ဖတ်ပြီး ကျောထဲတောင် စိမ့်တက်လာတယ်'

'ဒါပေါ့… ဘယ်ကောင်းမလဲ၊ ပဒေသရာဇ်ခေတ်တုန်းက ပညာရှိအမတ်တစ်ပါးဟာ ရှင်ဘုရင်ရဲ့ နန်းသက်ကို မြဲချင်တယ်ဆိုရင် သုံးယူဇနာအကွာကနေ ထိုးရင် ကြားရမယ့် ခေါင်းလောင်းကြီးတစ်လုံးကို သွန်းရမယ်လို့ ကုန်းချောခဲ့ဖူးတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ တစ်ယူဇနာမှာ ဘယ်နှမိုင်ရှိသလဲဟင် ကောင်မလေး၊ မင်းက စာရေးဆရာမဆိုတော့ နေရာတကာ နှံ့နှံ့စပ်စပ် ရှိတတ်လို့ပါ၊ ကိုယ်တော့ မသိဘူး'

'ဆယ့်နှစ်မိုင် အစ်ကိုရ'

'ဟင်··· သုံးယူဇနာဆိုတော့ သုံးဆယ့်ခြောက်မိုင်ပေါ့၊ သုံးဆယ့်ခြောက်မိုင်အကွာကနေ ခေါင်းလောင်းထိုးသံကို ကြားရလောက်တဲ့ ခေါင်းလောင်းကို သွန်းဖို့ဆိုတာ ဘယ်လွယ်မလဲ'

'ဒါပေါ့··· အဲဒီမှာတင် ခေါင်းလောင်းသွန်းတဲ့ ဆရာကြီး သည်း ပျားတုပ်တော့တာပဲ၊ ခေါင်းလောင်းကြီးက အရမ်းကြီးလွန်းလို့ ကိုးကြိမ်တိုင်တိုင်သွန်းတာတောင် မအောင်မြင်ခဲ့ဘူးတဲ့၊ အဲဒီသတင်းက မြို့ကိုပြန့်သွားတော့ ဘုရင်မင်းမြတ်ဟာ အမျက်တော်ရှပြီး ဆယ်ကြိမ်မြောက်သွန်းလို့မှ မအောင်မြင်ရင် ခေါင်းလောင်းသွန်းတဲ့ ဆရာကြီးကို ခေါင်းဖြတ်သတ်စေလို့ အမိန့်ချလိုက်တယ်'

'အင်း··· ကိုယ်လည်း မင်းရဲ့စာအုပ်ထဲကနေ ဖတ်လိုက်ရပါတယ်၊ အဲဒီမှာတင် ကုန်းချောတဲ့ ပညာရှိအမတ်ဟာ အကွက်ဆိုက်သွားပြီး သံရည်ကျိုတဲ့အခါ အပျိုစင်တစ်ယောက်ကို ထည့်ကျိုပြီး သွန်းတော့မှ အောင်မြင်မယ်ဆိုပြီး ပညတ်လိုက်တယ်၊ ဆရာကြီးခမျာ ဘယ်သူ့ဆီကမှ သမီးပျိုကို မတောင်းရက်ဘဲ ကားစင်တက်ဖို့ပဲ ဆုံးဖြတ်လိုက်ချိန်မှာတော့ သူ့သမီးလေးကပဲ ဖအေ့အသက်ကို ကယ်တင်ချင်တဲ့အတွက် ခေါင်းလောင်းသွန်းမယ့် သံရည်ကျိုစက်ထဲကို ခုန်ချပြီး စတေးခံသွားတယ်



တဲ့၊ အဲဒီတော့မှ ခေါင်းလောင်းကို အောင်အောင်မြင်မြင်သွန်းခဲ့နိုင်တယ်ဆိုပဲ၊ ခေါင်းလောင်းကြီးဟာလည်း ဘုရင်မင်းမြတ်ရဲ့ အလိုကျ သုံးယူဇနာအကွာကနေ ထိုးရင်တောင် သာယာငြိမ့်ညောင်းတဲ့ အသံကို ကြားနိုင်တယ်ဆိုပဲ၊ အင်း··· အပျိုစင်တစ်ယောက်ကို စတေးပြီးမှ ထွက်လာတဲ့ ခေါင်းလောင်းသံမျိုးတော့ ဘယ်လောက်ပဲ သာယာပါစေကွာ၊ မကြားချင်ပါဘူး'

သူမက သိမ်မွေ့စွာ ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး···

'ဒါပေါ့··· အဲဒီ စတေးခံသွားတဲ့ အပျိုစင်လေးဟာ ဘယ်သူဖြစ်မယ်ဆိုတာရော အစ်ကို မသိချင်ဘူးလား'

'ဘယ်သူများလဲ'

'ကိုးမားဖြစ်နေတဲ့ အစ်ကို့ရဲ့ သတို့သမီးလေးပေါ့'

'ဘာ···'

သူမစကားကြောင့် သူ့ရင်တစ်ခုလုံး ဆောင့်တက်သွားသည်။ ဘာကြောင့် စာရေးဆရာမရူးလေးက အဲဒီလို ကွက်တိကြီးပြောနိုင်ရတာလဲ။

သူ့ဦးနှောက်ထဲမှာလည်း သူမဟောကိန်းကို မှုတည်ပြီး အဖြေတစ်ခုထွက်လာသည်။

'ဒါ··· ဒါဆို အဲဒီခေတ်က မာယေယန်ပညာရှိအမတ်ကြီးဆိုတာ အခု အခု ခေါင်းလောင်းထိုးနေတဲ့ အဘိုးကြီးများလား'

'အစစ်ပေါ့၊ ဟောဒီမှာ ဘာသာရေးဂိုဏ်းချုပ်တင်ရဲ့ အစီရင်ခံစာ၊ အစ်ကို ဖတ်ကြည့်ကြည့်'

www.burmeseclassic.com

www.burmeseclassic.com



သူမညွှန်ပြသော စာမျက်နှာကို သူဖတ်ကြည့်လိုက်သည်။

အဖြစ်အပျက်က ထင်ထားတာထက်တောင် စက်ဆုပ်အံ့သြဖွယ်ကောင်းနေသေးတော့သည်။

*ဘ၀အဆက်ဆက်က ကံကြမ္မာဟုသာ ကျွန်ုပ်တို့ ယူဆမယ်ဖွဲ့ရပေလိမ့်မည်။*

*ဝိညာဉ်ဆိုးနှင့် ဝိညာဉ်ကောင်းတို့သည် ခန္ဓာဖြစ်လာရန် ဘုရားသခင်ဆီ၌ အသက်ကို အသနားခံကြရာ ဘုရားသခင်က အသက်တစ်ချောင်းကိုသာ ခွင့်ပြုတော်မူခဲ့သည်။*

*ထိုနေ့မှအစပြု၍ လူသားနှစ်ဦးမှာ အသက်တစ်ချောင်းကိုသာ ပိုင်ဆိုင်ခဲ့ကြရပြီး မိမိရှင်သန်ရပ်တည်ရေးအတွက် အခြားသူတစ်ဦးအား သေကြောင်းကြံစည်ကြရတော့သည်။*

*ဝမ်းနည်းဖွယ်ရာကောင်းသည်မှာ ကြီးရင့်သောလူသားတစ်ဦးအဖြစ် ဝိညာဉ်ဆိုးရှင်သန်ရပ်တည်ချိန်ရောက်မှ ဝိညာဉ်ကောင်းများ ပျို့ရွယ်သောလူသားအဖြစ် လူ့လောကသို့ ရောက်လာခဲ့သည်။*

*ဝိညာဉ်ဆိုးမှာ မိမိအသက်ရှင်နေထိုင်ရေးတွက် ဘ၀အဆက်ဆက်တိုင်း ဝိညာဉ်ကောင်းကို ပျို့ရွယ်သောဘ၀အချိန်နည်းအမျိုးမျိုးနှင့် ရှင်းလင်းသုတ်သင်ခဲ့ရာ ယခု မာယေယန်ပညာရှိအမတ်နှင့် သန့်ရှင်းသောအပျိုစင်ဘ၀အရောက်တွင်မတော့ ဘုရင်မင်းမြတ်၏ ခေါင်းလောင်းကိစ္စအရေးနှင့်ပတ်သက်ပြီး အသက်စတေးခံရခြင်းဖြင့် လူသိများသွားခဲ့သည်။*



*ကျွန်ုပ်တို့အတွက် ဝမ်းမြောက်ဖွယ်ရာကောင်းသည်မှာ အပျိုစင်တစ်ယောက်ရဲ့ အသက်ကို စတေးပြီးမှ သွန်းခဲ့နိုင်သော ခေါင်းလောင်းကြီးမှ သာယာငြိမ့်ညောင်းစွာ ထွက်ပေါ်လာသော ခေါင်းလောင်းသံကိုကြားတိုင်း ထိုမြို့မှ ရှေ့ဖြစ်ပေါ သူတော်စင်တစ်ပါးမှာ စိတ်နှလုံးမသာယာနိုင်ဘဲ မိမိဉာဏ်စဉ်နှင့် အပျိုစင်ကြမ္မာကို ဆင်ခြင်ကြည့်ရှုရာမှ အထက်ပါအကြောင်းအရာများကို သိခဲ့လေတော့သည်။*

*ဘ၀ဆက်တိုင်း ဆက်တိုင်း ဝိညာဉ်ကောင်းခမျာ နှိပ်စက်ဘ၀နှင့် တိမ်းပါရတော့မည်လော။*

*မမျှတသော ကံကြမ္မာကို စင်ကြယ်စေရန်အလို့ငှာ သူတော်စင်သည် ဝိညာဉ်ကောင်းကို အကူအညီပေးရန် မွန်မြတ်သောဝိညာဉ်တစ်ခုကို ဘုရားသခင်ထံ၌ ဆုတောင်းပြီး အသက်ထက်ဆုံး ဘာသာတရားကိုင်းရှိုင်းစွာ နေထိုင်ခြင်းဖြင့် ဘုရားသခင်အား နှစ်သက်စေခဲ့သည်။*

*ထို့ပြင် သူတော်စင်သည် ရက်စက်သောကြမ္မာကို ပြောင်းပြန်ဖြစ်စေရန်အလို့ငှာ ဂမ္ဘီရအစီအမံနှင့် အင်းကွက်တစ်ခုကို အချိန်များစွာပေးပြီး စီရင်ပေးခဲ့ပြန်သည်။*

*ထိုစဉ်က သက်ဦးဆံပိုင်ပဒေသရာဇ်ခေတ်မို့ သူတော်စင်ခမျာ ဘုရင်မင်းမြတ်ကို အတိုက်အခံပြုရာ မိမိအင်းကွက်အစီအရင်ကို လူသိရှင်ကြားအသိမပေးဝံ့ဘဲ စကားဝှက်များသုံးကာ နောင်းလူတို့ သိစေရန် ချန်ထားခဲ့လေသည်။*

*ကျွန်ုပ်တို့ စဉ်းစားရမည်မှာ သူတော်စင်သုတောင်း*

www.burmeseclassic.com



*ထားသော ဘုရားသခင်ဆီမှ မှန်မြတ်သောဝိညာဉ်မှာ ထိုရက်စက်သောက်ကြမ္မာကို ကယ်တင်ရန်အလို့ငှာ ကမ္ဘာမြေပေါ်သို့ သက်ဆင်းလာလေပြီလော မသိရသေးပါ။*

*ထို့ကြောင့် အကယ်၍ သင်သည် ထိုခေါင်းလောင်းနှင့် အလားသဏ္ဌာန်တူသော ခေါင်းလောင်းမျိုးကို တွေ့ခဲ့ပါလျှင်သော်လည်းကောင်း၊ ထိုသို့ မာယေယန်ပညာရှိအမတ်နှင့် သန့်ရှင်းသော အပျိုစင်ဇာတ်လမ်းဆန်ဆန်ကိစ္စရပ်များကို သင်တို့အနီးတစ်ဝိုက်၌ ကြားခဲ့ပါလျှင်သော်လည်းကောင်း ရက်စက်သောကြမ္မာ သန့်စင်စေရန်အလို့ငှာ ဖော်ပြထားသော အင်းကွက်ကို ကူးယူပြီး ခေါင်းလောင်း၏အတွင်းဘက်တစ်နေရာ၌ ကပ်၍ ခေါင်းလောင်းကို သာယာနာပျော်ဖွယ်ကောင်းအောင် ထိုးပါလေ။*

*ခေါင်းလောင်းသံပြီးဆုံးသည်နှင့် ရက်စက်သောကြမ္မာ ဆုံးခန်းတိုင်ပါစေသော်ဝ်။*

*အလင်းမျှော်စင်*

*မာယေယန်သာသနာရေးအဖွဲ့ချုပ်*

အလင်းမျှော်စင်သာသနာရေးအဖွဲ့ချုပ်၏ အစီရင်ခံစာကို ဖတ်ပြီးတဲ့နောက် သူ ပို၍ ပို၍ ရင်အခုန်မြန်လာသည်။ ဒါကြောင့် စာရေးဆရာမလေးက ကိုယ့်ရဲ့သတို့သမီးကိစ္စကို လုံးဝလျှော့မတွက်ဖို့ အထပ်ထပ်အခါခါ မှာကြားနေတာကိုး။

ဒီကိစ္စဟာ တစ်ဘဝတည်းရင်ဆိုင်ရမယ့်ကိစ္စမဟုတ်ဘဲ ဘဝအဆက်ဆက်အတွက်ပါ အရေးကြီးတဲ့ကိစ္စတစ်ခုပါလား။



'ဟောဒီမှာ အစ်ကို'

သူမက အစီအရင်အင်းကွက်ပါသည့် စာမျက်နှာကို သူ့အား ပြလေသည်။ သူ့စိတ်တွေ မှန်းကျပ်လေးလံစွာဖြင့်…

'အင်း…'

'လွယ်လွယ်လေးပဲ၊ လကြတ်မယ့်ည ညဦးပိုင်းလောက်ကတည်းက မျှော်စင်ပေါ်ကို ဘယ်သူမှမသိအောင် တိတ်တိတ်ကလေး ကျွန်မခိုးတက်မယ်၊ ပြီးတော့ ဒီအစီရင်အင်းကွက်ကို ခေါင်းလောင်းကြီးရဲ့ အတွင်းတစ်နေရာမှာ ခိုးကပ်ထားပေးခဲ့မယ် အစ်ကို၊ တကယ်လို့ ခေါင်းလောင်းထိုးတဲ့ အဘိုးကြီးဟာ အရင်ဘဝက မာယေယန်ပညာရှိကြီး မဟုတ်ခဲ့ဘူးဆိုရင်တော့ အရာရာဟာ အေးအေးဆေးဆေးပေါ့။ အဲ… အစ်ကို ခုနက ဖတ်ခဲ့ရတဲ့ ဇာတ်လမ်းထဲကအတိုင်းသာ ဖြစ်ခဲ့မယ်ဆိုရင်တော့ အစ်ကို့သတို့သမီးလေး သတိပြန်လည်လာဖို့ သူ့အသက်ကို ကံကြမ္မာက တစ်ကျော့ပြန်စတေးပစ်မှာပဲ'

သူမစကားကြောင့် သူ ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး…

'အာ… အဲဒီလိုလုပ်လို့ မရဘူး ကောင်မလေးရဲ့၊ အဲဒီလိုလုပ်လို့ မရဘူး၊ ကိုယ်တို့မှာ အကျပ်အတည်းတစ်ခု ရှိနေပြန်သေးတယ်'

'ဘယ်လိုအကျပ်အတည်းလဲ'

'မျှော်စင်ပေါ်ကို ခေါင်းလောင်းထိုးတဲ့ အဘိုးကြီးကလွဲပြီး ဘယ်သူမှတက်ခွင့်မရှိဘူး၊ စကားကုန်ပြောရရင် မြို့တော်ဝန်တောင် တက်ပိုင်ခွင့်မရှိဘူး၊ ဒီမျှော်စင်ကြီးပေါ်က ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



လောင်းထိုးသံဆိုတာ ကိုယ်တို့မြို့မှာတော့ တကယ့်ကို အထွတ်အမြတ်အထားဆုံးကိစ္စတစ်ခုပဲ။

မျှော်စင်ပေါ်ကို ခြေဆော့လက်ဆော့တက်ပြီး ခေါင်းလောင်းကို လျှောက်ထိုးခဲ့ဖူးတဲ့ လူငယ်တွေ ရှိခဲ့ဖူးတယ်၊ သံစဉ်မမှန်တဲ့ ခေါင်းလောင်းထိုးသံတွေကို ကိုယ်တို့မြို့သားတွေက နိမိတ်ဆိုးအဖြစ် မှတ်ယူကြတယ်၊ တိုက်ဆိုင်တယ်ပဲ ပြောရမလား၊ နတ်ကြီးတယ်လို့ပဲ ပြောရမလား၊ အဲဒီလို လက်ဆော့ခြေဆော့နဲ့ ခေါင်းလောင်းထိုးသံထွက်ပြီးနောက်ပိုင်း ကိုယ်တို့မြို့မှာ မိုးခေါင်တာတို့၊ ရေရှားတာတို့၊ အပူလှိုင်း၊၊ အအေးလှိုင်းဖြတ်တာတို့ ဖြစ်လေ့ရှိတယ်’

‘ကျွန်မက လက်ဆော့ပြီး ခေါင်းလောင်းထိုးမယ့်သူမဟုတ်ဘူးလေ၊ ယောဒီအင်းပြားလေးကို ခေါင်းလောင်းအတွင်းဘက်နံရံမှာ ကပ်ပြီးတာနဲ့ ပြန်ဆင်းလာခဲ့မှာ’

‘မျှော်စင်ပေါ်ကို ဘယ်သူမှ တက်ခွင့်မရှိဘူး၊ တက်တဲ့သူဟာ ဒီမြို့ရဲ့ အကြီးမားဆုံးအပြစ်ဖောက်သူပဲ၊ မိရင် အလုပ်နဲ့ထောင်ဒဏ်နှစ်ရှည် အချခံရတယ်၊ စောစောတုန်းက ကိုယ်ပြောတဲ့ ခြေဆော့လက်ဆော့နဲ့ မျှော်စင်ပေါ်တက်သွားတဲ့ လူငယ်တွေလည်း အလုပ်နဲ့ ထောင်ဒဏ်တွေ ကျခံခဲ့ကြတာ ဒီနေ့အထိ ပြန်မလွတ်သေးဘူး’

‘ဘုရားရေ’

သူမ အကြီးအကျယ်ကို တုန်လှုပ်သွားပြီး အလွန်အလွန်လည်း စိတ်ပျက်မိသွားသည်။



‘ဝိညာဉ်ဆိုးဟာ ဒီနေ့ခေတ်အထိကို အသာစီးရတဲ့ဘက်က နေနေတာပဲ၊ ကံကြမ္မာက သူ့ကို မျက်နှာသာပေးလွန်းတယ်၊ သူတစ်ယောက်ပဲ တက်ခွင့်ရပြီး ဘယ်သူမှ တက်ခွင့်မရတဲ့ မျှော်စင်ပေါ်တက်ပြီး ကျွန်မတို့က ကံကြမ္မာကို ဘယ်လိုပြောင်းပြန်လှန်ရမှာလဲ’

‘ကိုယ်တက်မှာပါ၊ ချစ်သူရဲ့အသက်ကို ဆယ်ခွင့်ရှိမယ်ဆိုရင် အလုပ်နဲ့ ထောင်ဒဏ်မကလို့ ဘာပဲဖြစ်ဖြစ် ကိုယ်မမှုပါဘူး၊ ကိုယ်စိုးရိမ်တာက ကိုယ်က အနုပညာသမားလေ၊ စန္ဒရားခလုတ်တွေပေါ် လက်ဘယ်လိုချရမယ်၊ ကြွရမယ်လောက်သာကျွမ်းတာ၊ ဟိုးမျှော်စင်ကြီးပေါ်ကို လူမသိအောင် ခိုးကြောင်ခိုးဝှက်တက်ကြဖို့တော့ မကျွမ်းဘူး၊ ကိစ္စမအောင်မြင်ဘဲ အဖမ်းခံလိုက်ရရင် တစ်ဖက်ရန်သူက ပျော်ပျော်ကြီးနဲ့ ခေါင်းလောင်းထိုးသွားမှာမျိုး မလိုလားဘူး’

‘သွေးပူပြီး မဆုံးဖြတ်ပါနဲ့၊ ကျွန်မမှာ အကြံတွေရှိပါတယ်’

နမြတ်ရေ… နင့်စမ်းသပ်ခန်းထဲက မျောက်ကလေးငါ့ခဏပေးသုံးပါဟဲ့လို့ စိတ်ထဲက အနူးအညွတ်တောင်းပန်လိုက်ရင်း သူမ ရဲရဲကြီးအာမခံပစ်လိုက်သည်။

‘ဘယ်လိုအကြံလဲ၊ ကိုယ့်ကိုလည်း ပြောပါဦး’

‘တချို့အကြံအစည်တွေဟာ အထမမြောက်ခင် ကိုယ့်ရဲ့ ကိုယ်စောင့်နတ်ကိုတောင် ပေးအသိမခံရဘူး’

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါပြီ စာရေးဆရာမရယ်၊ ဟုတ်ပါပြီဗျာ'

သူက ဆက်မမေးတော့ဘဲ The Bell စာအုပ်ထဲက တချို့အချက်အလက်တွေကိုသာ သဲကြီးမဲကြီးဖတ်နေတော့သည်။

နောက်တော့မှ တစ်ခုခုကို သတိရသွားဟန်ဖြင့် သူမအား မေးခွန်းတစ်ခု မေးလိုက်သည်။

'သူတော်စင်က ဘုရားသခင်ဆီမှာ ဆုတောင်းခဲ့တဲ့ မွန်မြတ်တဲ့ဝိညာဉ်ဆိုတာ မင်းများဖြစ်နေမလားဟင် ကောင်မလေး'

မျက်ဝန်းများ ဝေ့သီလာသော မျက်ရည်စများကို မျက်တောင်နှင့်ပုတ်ထုတ်လိုက်ပြီး သူမ ပြုံးလိုက်သည်။

❖

(၂၃)

တယ်လီဖုန်းစင်နားမှာ သူမ မယောင်မလည်လုပ်နေသည်မှာ ကြာပြီ။

နုမြတ်တို့ အိမ်သားတွေအလစ်မှာတော့ ဘုန်းလတ်ရဲ့ ဖုန်းနံပါတ်ကို နှိပ်လိုက်ပြီး ကိုယ်နဲ့လည်း သိပ်မရင်းနှီးဘဲ မျက်နှာပြောင်တိုက်ကာ ဖုန်းဆက်လိုက်၏။

ကံကောင်းချင်တော့ ဘုန်းထက်နှင့် တည့်တည့်တိုးသည်။ သူ့ခများလည်း နုမြတ်ရဲ့ သူငယ်ချင်းက လှမ်းဖုန်းဆက်တယ်ဆို၍ ကြောင်အမ်းအမ်းဖြစ်နေပုံရ၏။

'ပြောလေ... ဘာကိစ္စလဲ'

'ကိစ္စကတော့... အဟဲ...'

'အင်း...'

'ဩော်... ဟိုဟာလေ ကိုဘုန်းလတ်ကို ကြည့်ရတာ ဆင်ပြောင်ကြီး အမြီးတစ်နေသလားလို့ပါ'

'ဗျာ...'

ဟိုဘက်က ထိတ်ထိတ်ပျာပျာနှင့်ကို ဗျာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမစကားကြောင့် သူ့ခမျာ မြီးညှောင့်ရှိးနေရာကလေးကိုတောင် စမ်းကြည့်မိနေပြီလား မပြောတတ်ပါ။

'ဆောရီး… ကျွန်မ စကားပြောလောသွားလို့၊ ဟို လေ… အဟင်း… နှမြတ်နဲ့ပတ်သက်ပြီးတော့ လွယ်မယ့်ကိစ္စ ခက်နေသလားလို့ပါ၊ အဟီး… ကျွန်မတို့က ဘေးလူတွေဆို တော့ သိပ်အသည်းယားတယ်၊ ကူညီချင်တာ တစ်ပိုင်းကို သေလို့'

ဒီတော့မှ ဘသားချောလည်း သူ့မြီးညှောင့်ရိုးနေရာလေး သူ စိတ်ချလက်ချပွတ်လိုက်ရတဲ့လေသံနဲ့…

'အေးဗျာ… နှမြတ်က ဘာမှန်းကို မသိဘူး၊ နှမြတ် အချစ်ကိုရဖို့ ဒီလောက်ခက်ခဲလိမ့်မယ်လို့ကို ထင်မထားဘူး၊ အခုတော့ဗျာ ဒီနေ့ပဲ အဖြေပေးတော့မှာလိုလို ဟိုနေ့ပဲ အဖြေပေး တော့မှာလိုလိုနဲ့၊ တစ်ရက်ပြီးတစ်ရက်ဗျာ၊ ကိုယ်ကပဲ အစွမ်း အစမရှိတာလုလို သိက္ခာပဲကျလာသလိုလို ခံစားလာရတယ်'

'ဒါများ ကိုဘုန်းလတ်ရယ်၊ ကျွန်မနဲ့ အစောကတည်း က တိုင်ပင်ရောပေါ့၊ တချို့ကိစ္စတွေကို အောင်မြင်အောင်ဆောင် ရွက်တဲ့နေရာမှာ ကံ၊ ဉာဏ်၊ ဝီရိယအပြင် ဂမ္ဘီရအစီအရင်လေး တွေပါ စီရင်ရတယ်ရှင့်၊ ဆီမန်းတို့၊ ရေမန်းတို့၊ ဆေးလိပ်မန်းတို့၊ ကွမ်းယာမန်းတို့ ကိုဘုန်းလတ် မကြားဖူးဘူးလား'

'အင်း… ကြားဖူးပါတယ်၊ မင်းအကြောင်းတွေလည်း နုမြတ်ကတစ်ဆင့် ကြားမိပါတယ်၊ မင်းက စာရေးဆရာမ ဖြစ်ချင်တဲ့သူဆိုတော့ နေရာတကာ စပ်စပ်ဆော့ဆော့ရှိတယ်



တဲ့၊ ပြောပါဦး… ကျွန်တော့်ကိစ္စမှာရော အဲဒီလို ဆီမန်းတွေ၊ ရေမန်းတွေ လိုနေပြီလား'

'သိပ်လိုတာပေါ့၊ နည်းနည်းတော့ စွန့်စားရမယ်နော် ကိုဘုန်းထက်၊ ဖြစ်ပါ့မလား'

တစ်ဖက်က မေးစေ့ကို နှစ်ချက်လောက်ပွတ်ပြီး စဉ်းစားလိုက်ပုံရတဲ့ လေသံနဲ့…

'ဖြစ်ပါတယ်၊ ကျွန်တော် စွန့်စားရတာ ဝါသနာပါ တယ်'

'အို… ဟုတ်လား၊ ဘယ်လိုတွေစွန့်စားဖူးလဲဟင်'

'အင်း… ဘယ်သူမှ လျှောက်မပြောနဲ့နော်'

'အင်းပါ… ပြောပါဘူး'

'သူများတွေအတွက်တော့ စွန့်စားမှုတစ်ရပ်လည်း ဖြစ် ချင်ဖြစ်မှာပေါ့၊ ကျွန်တော့်အတွက်ကတော့ ဒီလောက်လည်း မဟုတ်ပါဘူး၊ အင်း… ကျွန်တော် စိတ်ညစ်တဲ့အခါတွေ၊ တစ် ယောက်တည်း နေချင်စိတ်ပေါက်လာတဲ့ခါတွေဆို မျှော်စင်ပေါ် ခိုးတက်လေ့ရှိတယ်ဗျ။ အဲဒီအပေါ်မှာ ဦးနှောက်ကြည်လင်ပြီဆို မှ တစ်ခါတလေလည်း တစ်ရေးတမောလောက်အိပ်ပြီးမှ ပြန် ဆင်းတာ'

'အင်…'

သူစိတ်ညစ်တာ ဖြေရှင်းတဲ့ပုံကလည်း တစ်မျိုးကြီးပါ လား။ ဘာပဲဖြစ်ဖြစ် ကိုယ်ကလည်း သူ့ကို မျှော်စင်ပေါ်ညှိတက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်းချင်နေတာနဲ့ သူကလည်း ဇရှိပြီးသားဆိုတာကတော့ ကွက်တိပဲ။

'နေပါဦး… အဲဒီမျှော်စင်ပေါ်က မတက်ရဘူးဆို၊ တက်တာတွေ့ရင် နှစ်ရှည်အလုပ်နဲ့ ထောင်ဒဏ်ကျခံရတယ်ဆို၊ မျှော်စင်ကို စောင့်ကြည့်နေတဲ့ ကင်းအဖွဲ့ဆိုတာလည်း ရှိတယ်ဆို'

'အလကားပါဗျာ… အဲဒီလှည့်ကင်းဆိုတဲ့ အစောင့်တွေကလည်း မျှော်စင်ကို တစ်ချိန်လုံးမော့ကြည့်နေနိုင်တာမှ မဟုတ်တာ၊ မတက်ရဘူးဆိုတာကတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်ကတော့ အဲဒီအပေါ် ခဏခဏကိုရောက်တာဗျ၊ ခေါင်းလောင်းထိုးတာတို့ ဘာတို့တော့ မလုပ်ဘူးပေါ့ဗျ၊ ဒါနဲ့ နေပါဦး၊ နှမြတ်အချစ်ကို ရဖို့ ကျွန်တော်လုပ်ရမယ့် အစီအရင်ဆိုတာ ဘာလဲ'

'အင်း… အဲဒီမျှော်စင်ပေါ် တက်ရမှာပဲ'

'ဗျာ…'

ဇန်ဇန်က ရယ်ချင်စိတ်ကို အတင်းမျိုသိပ်ပြီး ပေါက်တတ်ကရလေးဆယ်ကို ဉာဏ်နီဉာဏ်နက်နှစ်ခုပါ ပေါင်းထည့်လိုက်ပြီး…

'ဒီလို ကိုဘုန်းလတ်ရဲ့၊ ကျွန်မမှာက လကြွတ်အင်းပြားလို့ ခေါ်တဲ့ ပီယအင်းတစ်မျိုးရှိတယ်၊ အဲဒီအင်းပြားဟာ ကိုယ်ချစ်တဲ့သူရဲ့ အချစ်ကိုရဖို့ ကြိုးစားတဲ့နေရာမှာ အရမ်းကို အသုံးဝင်တာ'



'ဟာ… ဟုတ်လား၊ လုပ်ပါဦး၊ ကျွန်တော် အခုတောင် ပြေးယူချင်လာပြီ'

'မပူပါနဲ့၊ ကျွန်မကတောင် ရှင့်ကိုလာပြီး ပြေးပေးချင်တာပါ၊ ကဲပါ… အဲဒါတွေ အသာထား၊ အင်းပြားသုံးနည်းလေး ကျွန်မပြောမယ်နော်၊ သူက အချိန်အခါစောင့်ပြီးမှ သုံးရတာရှင့်၊ လကြွတ်တဲ့ညကျမှ အဲဒီအင်းပြားက အစွမ်းထက်တာ၊ ဘယ်လိုသုံးရသလဲဆိုတော့ လကြွတ်နေတဲ့အချိန်မှာ အဲဒီအင်းပြားကို အသံမြည်စေတဲ့ တူရိယာတစ်မျိုးမျိုးမှာ ကပ်ပြီး အဲဒီတူရိယာကို အမြင့်နိုင်ဆုံး အမြင့်အထိရောက်အောင်ပို့ပြီး ချစ်တဲ့သူကြားအောင် တီးခတ်နိုင်ရင် ကိုယ်ချစ်တဲ့သူက မကြာခင် ကိုယ့်ကို ပြန်လာချစ်လိမ့်မယ် ကိုဘုန်းလတ်ရဲ့၊ ကျွန်မပြောတာ သဘောပေါက်လား'

'ကျွန်တော်သဘောပေါက်ပြီ၊ လမကြွတ်ခင် ညဦးပိုင်းလောက်ကတည်းက မျှော်စင်ပေါ်ခိုးတက်ပြီး အဲဒီအင်းပြားကို အဘိုးကြီးမသိအောင် ခေါင်းလောင်းရဲ့အတွင်းတစ်နေရာမှာ ကပ်ထားပေးလိုက်မယ်ဗျာ၊ အဲ… လကြွတ်နေတဲ့အချိန် အဘိုးကြီးခေါင်းလောင်းထိုးတဲ့အခါကျရင်တော့ ကျွန်တော့်အတွက် နှမြတ်ရဲ့ ကြန့်ကြာနေတဲ့အချစ်တွေ ရနိုင်ကောင်းပါရဲ့၊ ဒီလိုလား'

'မှန်လိုက်တာရှင်၊ ကိုဘုန်းလတ် သိပ်တော်တာပဲ၊ သိပ်သဘောပေါက်မြန်တယ်၊ နှမြတ်ရဲ့အချစ်ကို ကိုဘုန်းထက်တကယ်ကိုရမှာပါ၊ ကဲ… မနက်ဖြန်ညက လကြွတ်မယ့်ညနော်၊ ကျွန်မနဲ့ ကိုဘုန်းထက် ဘယ်လိုအချိန်းအချက်လုပ်ကြမလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းလတ်နဲ့ သဘောတူညီမှုရအပြီးမှာတော့ နုမြတ်ကို ပါ လကြတ်ပြီးနောက်တစ်နေ့မနက်စောစောမှာ ကိုယ်ချစ်တဲ့သူကို အဖြေပေးလိုက်ရင် အဲဒီချစ်ခြင်းဟာ ထာဝရရှင်သန်တယ် ဘာညာ ကျပ်ပေးဖို့ စကားလုံးလှလှ စဉ်းစားနေရလေတော့သည်။

❖

## (၂၄)

လရောင်သည် မောကြီးပန်းကြီးပျံသန်းလာသော လိပ်ပြာတစ်ကောင်လို မြို့ကလေးရဲ့ တံစက်မြိတ်အစွန်ဖျားဌ မှိုင်းပျပျ နားလျက်ရှိချေသည်။

ညဘက်ရောက်တော့မှ ပွင့်တတ်၊ မွှေးပျံ့တတ်သော အဖြူရောင်ပန်းပုစိကွေးကလေးများ၏ ကျောကုန်းထက်မှာတော့ နှင်းရည်တွေ အေးစက်စွတ်စိုလို့။

ချမ်းတစိမ့်စိမ့် လေနုအေးအနွေ့မှာ ကြယ်ကလေးတွေရဲ့ ထိခတ်သံတွေ။

ညဈေးတန်းကနေ ဆိုင်သိမ်းပြီး တွန်းလှည်းနဲ့ ပြန်လာကြတဲ့ ဈေးသည်တချို့တလေက လွဲလို့ လမ်းမများပေါ်မှာတော့ တိတ်ဆိတ်လူသူကင်းရှင်းလျက်။

ယောဒီမြို့ကလေးမှာ စိတ်လှုပ်ရှားမှုကြီးစွာနဲ့ မအိပ်စက်နိုင်ကြသူ လေးဦးက လွဲရင် မြို့ကလေးကတော့ လရောင်အောက်မှာ စိတ်ချလက်ချ အိပ်မောကျလို့။

www.burmeseclassic.com

www.burmeseclassic.com



လကြတ်တဲ့အချိန်မှာ ခေါင်းလောင်းထိုးရမယ့် အဘိုးအို ရယ်၊ စန္ဒရားဆရာရယ်၊ စာရေးဆရာမပေါက်စရယ်၊ ကိုဘုန်းလတ်ရယ်။ အင်း… နောက်ပြီးတော့ ဒီမြို့ကလေးမှာ ရှိကြတဲ့ ကဗျာဆရာတွေ၊ သိပ္ပံပညာရှင်တွေ၊ နက္ခတ္တပညာရှင်တွေ၊ စူးစမ်းလိုသူတွေနဲ့ စိတ်ကူးယဉ်တတ်ကြတဲ့ ကလေးသူငယ်တွေကတော့ လကြတ်တော့မယ့်အချိန်ကို စောင့်မျှော်လျက်ရှိကြသည်။

ဇန်ဇန်ရဲ့ ဆွယ်တာရားကို နားယောင်ပြီး လကြတ်ပြီး နောက်တစ်နေ့အရောက်မှာ ချစ်သူကို အဖြေပေးတော့မယ့် နှမြတ်တောင် ညဦးပိုင်းကတည်းက နတ်သမီးပုံပြင်တွေနှင့် အိပ်ပျော်သွားလေပြီ။

သူမကတော့ တိုင်ကပ်နာရီမှ စက္ကန့်သံများကို ရေတွက်ရင်း စိတ်တွေ လေးလံလှုပ်ရှားလျက်ရှိသည်။ အတွေးတွေကလည်း ကောင်းကင်ပေါ်က ကြယ်တွေထက်တောင် များလိမ့်မည် ထင်ပါသည်။

မြို့ကလေးနဲ့ ချစ်တဲ့ ကို့ကို ခွဲရတော့မယ်။ ကိုယ်သိပ်ချစ်ခဲ့ရတဲ့ ကို့ကို သူစိမ်းမိန်းကလေးတစ်ယောက်ရဲ့ လက်ထဲ လှုပ်နှိုးပြီး ကြည်ကြည်ဖြူဖြူနဲ့ ထိုးအပ်ခဲ့ရတော့မယ်။

ကျွန်မဟာ တကယ်ပဲ ဘုရားသခင်ဆီကနေ သူတော်စင်ကြီး ဆုတောင်းပေးခဲ့တဲ့ မွန်မြတ်တဲ့ဝိညာဉ်တစ်ခုများ ဖြစ်နေလေမလား ကို။

ကို့ကို ကျွန်မ မေးခွန်းလေးတစ်ခုလောက် မေးခဲ့ချင်လိုက်တာ။



အချစ်ကို လူတိုင်းတွေ့ဖူး ကြုံဖူးခဲ့ကြမှာပဲလေ။ ဒါပေမဲ့ ဘဝမှာ တစ်စုံတစ်ယောက်ကို ချစ်နိုင်တာထက် ပိုပြီးချစ်ခဲ့ဖူး သလားလို့။ ချစ်ခြင်းထက် အဆမတန်မြင့်မားတဲ့ အရပ်ဒေသကို ရောက်ခဲ့ဖူးသလားလို့။

အဲဒီအရပ်ဒေသကို လူတော်တော်များများက ရောက်ဖူးမယ်လို့တော့ မထင်ဘူး။ ဘာလို့လဲဆိုတော့ အဲဒီအရပ်ဒေသဟာ မနိူင်းကောင်း နှိုင်းကောင်း နိမ့်မှာန်လိုပါပဲ။ ဘာမှမရှိဘူး။ ပိုင်ဆိုင်လိုခြင်း အတ္တ၊ သဝန်တိုမှု၊ ရယူလိုမှု၊ မုန်းတီးစိတ်နာမှု၊ လက်စားချေလိုမှု၊ ဘဝနဲ့ ငွေကြေးလဲလှယ်လိုမှုတို့ ဘာတစ်ခုမှမရှိဘူး ကို။

ကိုယ်ချစ်တဲ့သူ စိတ်ကျေနပ်စေဖို့ ဘာမဆို အရာရာ ဖြည့်ဆည်းပေးလိုတဲ့ မွန်မြတ်တဲ့ စိတ်တစ်ခုပဲ အဲဒီအရပ်မှာ ရှိတယ်၊ ကဲ… ကို ရောက်ဖူးသလား ပြော။

ကို့ကို ကျွန်မ သိပ်ချစ်ပါတယ်လို့ မပြောလိုတော့ပါဘူး။ ချစ်ခြင်းထက် အဆမတန်မြင့်မားတဲ့ စိတ်တစ်ခုနဲ့ပတ်သက် ငြိတွယ်ခဲ့တယ်လို့ပဲ ကိုယ့်ကိုယ်ကိုယ် ဖြောင့်ချက်ပေးနေမိတယ်။

ကျွန်မရဲ့ နောက်ဆုံးထွက်သက်ကို ရောက်တဲ့အထိ ကို့အကြောင်းတွေ ပြန်တွေးမိလိုက်တိုင်း ကျွန်မ ရင်ဘတ်တွေ သန့်ရှင်းလုံခြုံချင်မိတယ် ကို။

အရှုံးကို အထားအသိုလှပအောင် သင်ကြားပေးခဲ့တဲ့ အတွက်လည်း ကျေးဇူးပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီညက တိမ်ကင်းစင်တဲ့ညတော့ မဟုတ်။ လဟာ မည်းပုပ်နေတဲ့ တိမ်လိပ်တိမ်သားများထဲ မြုပ်ချည်ပေါ်ချည်ဖြစ်နေတာမို့ လကြတ်မယ့်မြင်ကွင်းကို အပြည့်အဝမြင်ရဖို့လည်း မလွယ်။

ညဟာ ဂုဏ်ရွေရင့်ကျက်မှုအပြည့်နဲ့ သန်းခေါင်းသလွဲကို ကူးပြောင်းနေသလို ပြတင်းတံခါးဆောင်ကို တခေါက်ခေါက်ခေါက်နေတဲ့ သူမရဲ့ စိတ်တွေဟာလည်း ဘုန်းလတ်ဆီရောက်သွားလိုက်၊ သူမလိုပဲ စိတ်လှုပ်ရှားနေမယ့် ဖွဲ့ထန်ဆီရောက်သွားလိုက်နဲ့ ဆောက်တည်ရာမဲ့နေစဉ်...

‘ဟော...’

မပီဝိုးတဝါး လရဲ့ပုံရိပ်ထဲကို မသိမသာဝင်ရောက်လာတဲ့ အမည်းကွက်တစ်ခု။ လကြတ်ပြီ။ ဘုရားရှင် ကယ်တော်မူပါ။ ကိုဘုန်းလတ် လုပ်ခဲ့ ကိုင်ခဲ့တာတွေ အောင်ရော အောင်မြင်ပါရဲ့လား။

‘ဟာ...’

မျှော်စင်ထက်ကနေ စစ်နိုင်လာခဲ့တဲ့ သူ့ရဲ့ကောင်းတစ်ယောက်လို ပျံ့လွင့်လာတဲ့ ခေါင်းလောင်းထိုးသံများ။

‘ဘုရား... ဘုရား’

တုန်လှုပ်ချောက်ချားရလွန်းသဖြင့် ရင်ဘတ်တစ်စုံကို လက်နဲ့ဖိပြီး ခေါင်းလောင်းထိုးသံကို နားစွင့်နေမိသည်။

ကြားစကတော့ ချို့ချို့သာသာ ပြေပြေပြစ်ပြစ်။ နောက်



တော့ ခပ်စိတ်စိတ်။ အလွန့်အလူး အကွန့်အမြူးများလာသည်။

‘အို...’

နားထောင်ရင်း နားထောင်ရင်း သူမရင်တွေ မောလာသည်။ အဘိုးကြီးရဲ့ လက်သံဟာ အရမ်းကို မော်ဝင်နေပြီ။

တောင်စောင်းကနေ ကျောက်တုံးကျောက်ခဲတွေ ပြိုဆင်းလာသလို၊ တိမ်တိုက်တွေရဲ့ ပွတ်တိုက်မှုကြောင့် လျှပ်စစ်အဖိုအမဓာတ်တွေ ဆုံပွက်လင်းလက်လာသလို။ ပင်လယ်သမုဒ္ဒရာကြမ်းပြင်အောက်တစ်နေရာကနေ ခပ်ဆန်းဆန်းရေနေသတ္တဝါတစ်ကောင်က ငါးသေးသေးလေးတစ်ကောင်ကို ပိုင်နိုင်စွာ ဖမ်းယူစားသောက်လိုက်သလိုလို သူမအာရုံမှာ ပေါ်နေသည်။

တစ်ဆက်တည်းမှာပဲ သူမစိတ်တွေ လုံခြုံမှုကင်းမဲ့လာသလို ခံစားလာရသည်။

ဒါဟာ ဂီတသံမဟုတ်ဘူး။ ဂီတသံမဟုတ်ဘူး။

လူတစ်ယောက်ရဲ့ ရက်စက်ကြမ်းကြုတ်လှတဲ့ လုပ်ရပ်တွေ။

အခုနေ ဘုရားကျောင်းထဲက သတို့သမီးလေးရော ဒီအသံတွေကြားပြီး ဝမ်းနည်းကြောက်ရွံ့နေလေမလား။ သူမရဲ့ အသည်းစိုင်တွေကို သေမင်းက စုပ်ယူချေမွပစ်နေပြီလား။

ဘုရား... ဘုရား။

အတွေးများနဲ့ ချာချာလည်နေပြီး သူမစိတ်တွေ အထွတ်အထိပ်ရောက်သွားစဉ် ခေါင်းလောင်းထိုးသံမှာလည်း ရုတ်တရက် ရပ်ဆိုင်းသွားလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်တော့ မြို့ကလေးမှာ သတင်းတစ်ခု ရုတ်ခြည်းဆိုသလို ပျံ့လွင့်ရိုက်ခတ်သွားလေတော့၏။

'သတို့သမီး အသက်ပြန်ရှင်လာလို့တဲ့၊ သီလရှင်တစ်ပါးက တွေ့ပြီး အရမ်းကြောက်သွားတာ၊ အခု သတိလစ်နေတယ်'

'သတို့သမီး အသက်ပြန်ရှင်လာလို့တဲ့'

အဲဒီသတင်းဟာ တကယ့်ကိုပဲ ညတွင်းချင်း လျှင်မြန်စွာ ပျံ့နှံ့အပြီးမှာတော့...

❖

(၂၅)

သန်းခေါင်ယံကိုလည်း ကျော်ခဲ့ပါပြီ။ မုန်တိုင်းတွေလည်း စဲခဲ့ပြီ။

နှစ်တွေလည်း ကြာခဲ့ပါပြီ။ အခုတော့ မိုးရွာပြီးစ မြင်ကွင်းတစ်ခုလို သစ်လွင်တောက်ပတဲ့ ရှုမျှော်ခင်းနောက်ခံမှာ တောက်ပရှင်းသန့်တဲ့ နေပြောက်ကလေးတွေက Hope ပန်းပွင့်ကလေးတွေပေါ် မြူးထူးဆော့ကစားလျက် ရှိလေသည်။

'အိုး... မွှေးလိုက်တာ'

သူမက လေတစ်ချက်ဝှေ့လိုက်တိုင်း နှာဝကို သင်းပျံ့ပျံ့လာတိုးတတ်တဲ့ Hope ပန်းပွင့်ကလေးတွေရဲ့ သင်းရနံ့ကို တရှိုက်မက်မက်ရှူရှိုက်လိုက်ရင်း...

'သီလား မောင်၊ ဇနီ အခေါင်းကြီးထဲမှာ ကိုးမားဖြစ်ပြီး ဆရာဝန်ကြီးခေါက်တာလင်းသန့် စီမံပေးထားတဲ့ မျှင်နှာဖုံးစွပ်အောက်ကို ရောက်နေတုန်းကလေ ဘုန်းတော်ကြီးက ဇနီ

www.burmeseclassic.com



ရင်ဘတ်ပေါ်ကို Hope ပန်းပွင့်ကလေး လာတင်ပေးတိုင်း စိတ်က သိသိနေတတ်တယ်၊ ဘယ်လိုခေါ်မလဲ၊ ဟိုးအဝေးကြီးကနေ မွှေးရနံ့တစ်ခုကို နတ်သမီးတွေက ယူလာပေးသလိုမျိုးပေါ့၊ အိပ်မက်လိုလို ဘာလိုလိုနဲ့ စိတ်က သိနေတတ်တယ်’

သူက ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး အခုမှ လတ်လတ်ဆတ်ဆတ်ကြွေကျလာတဲ့ ပန်းပွင့်ကလေးကို ကောက်ယူလိုက်ပြီး သူမလက်ထဲ ထည့်ပေးလိုက်သည်။

‘ဘာလိုလိုနဲ့ နှစ်နှစ်တောင် ရှိခဲ့ပြီ’

‘ဟုတ်တယ်နော် မောင်’

‘ပြန်တွေးရင် မနေ့တစ်နေ့ကလိုပဲ၊ မောင့်နားထဲမှာ အခုအထိ ကြားယောင်နေမိတဲ့ အသံတစ်သံရှိသေးတယ်၊ အဲဒါက တော့ လကြတ်နေတုန်း မျှော်စင်ပေါ်တက်ပြီး ခေါင်းလောင်းထိုးနေတဲ့ အဘိုးကြီးဆီကနေ ‘အား’ ခနဲ အော်သံသဲ့သဲ့ကြားလိုက်ရတာပဲ’

သူမကတော့ ဘာမှမသိတဲ့ပီဘိကလေးငယ်တစ်ယောက်လို မျက်တောင်ကလေးများ ပုတ်ခတ်လိုက်ရင်း ခေါင်းလောင်းထိုးနေရင်းနဲ့…

‘အဘိုးကြီးက ရုတ်တရက် ဦးနှောက်သွေးကြောပြတ်သွားတာဆို’

‘အင်း… ဆရာဝန်ကြီးတွေရဲ့ ဆေးထွက်ချက်အရကတော့ ဦးနှောက်သွေးကြောပြတ်သွားတယ်ပေါ့ကွာ၊ ခေါင်းလောင်းထိုးသံရပ်သွားပြီး သိပ်မကြာဘူး၊ လမ်းပေါ်ကို သတင်းတစ်ခုက ရောက်လာရော၊ ဘုရားကျောင်းထဲက သတို့သမီးအသက်ပြန်ရှင်လာတယ်ဆိုပြီး၊ အဲဒါနဲ့ မောင်လည်း ဘုရားရှိခိုးကျောင်းကို ဒုန်းစိုင်းပြေးခဲ့ရတာပဲ’



သူမက နှစ်လိုစွာ တစ်ချက်ပြုံးလိုက်ပြီး…

‘ဟုတ်တယ် မောင်ရဲ့၊ ဖန် သတိပြန်လည်လာတော့ ကြောက်လိုက်တာဆိုတာလေ၊ မှောင်မည်းနေတာကိုး။ တကယ်က ဆရာဝန်ကြီးစီမံထားတဲ့ ခေါင်းတလားထဲက မျက်နှာဖုံးစွပ်အောက် ရောက်နေမှန်း မသိဘူးလေ၊ အဲဒါနဲ့ အော်ဟစ်ပြီး ကြောက်လန့်တကြား အခေါင်းထဲကနေ တွန်းအထ သီလရှင်ဆရာလေးတစ်ပါး ရုတ်တရက်ရောက်လာတာနဲ့ ဆုံပြီး သူလည်းကြောက် ကိုယ်လည်း ကြောက်နဲ့ ကုန်းအော်ကြတာ၊ အဟား…ဟား…’

သူမကရယ်တော့ သူကပါ အလိုက်အထိုက်ရယ်မောလိုက်ပြီး…

‘အခုမှ ပေါ့ပေါ့ပါးပါးရယ်မောနိုင်တာပါ၊ အဲဒီတုန်းက ဖန်ကပဲ ဖုတ်ဝင်လာတဲ့ မကောင်းဆိုးဝါးလိုလို ဘာလိုလိုနဲ့၊ ကြောက်တဲ့သူက ကြောက်၊ အော်တဲ့သူက အော်၊ ပြေးတဲ့သူက ပြေးနဲ့၊ ဒီကြားထဲ ကြိုးတုပ်ပြီးဖမ်းမယ်ဆိုတဲ့ လူစွမ်းကောင်းတွေက ပေါ်လာလိုက်သေးတယ်’

‘ဟုတ်တယ်နော်၊ ဖန့်သတင်းကလည်း ညတွင်းချင်းတို

www.burmeseclassic.com



ရိုက်ခတ်သွားတာ။ ရဲတွေ၊ မီးသတ်တွေ၊ ကြက်ခြေနီတွေ၊ လုံခြုံရေးတပ်သားတွေပါ ဘုရားရှိခိုးကျောင်းကို လာဝိုင်းကြတာ၊ မောင် ရှင်းပြနေတာကိုလည်း ဘယ်သူကမှ ဂရုမစိုက်ကြဘူး၊ ဇန် ဝမ်းနည်းရလွန်းလို့ ငိုလေ ပိုဆိုးလေပဲ'

'ဟုတ်တယ်၊ ကျေးဇူးတင်ရမယ့်အထဲမှာ ဆရာဝန်ကြီးလည်း ပါတယ်၊ သူလာပြီး တာဝန်သိသိနဲ့ ဖြေရှင်းပေးလိုက်လို့ အခြေအနေက အဆင်ပြေပြေလေးဖြစ်သွားတာ၊ အင်း... ဒါတောင် ဇန့်ကို အော်ပရေးရှင်းလုပ်တုန်းက လက်လျှော့ခဲ့ကြတဲ့ အထူးကုဆရာဝန်ကြီးတွေကတောင် အတိုက်အခံနဲ့ မဖြစ်နိုင်ဘူး ပြန်ငြင်းနေကြလို့ မောင်တို့ တစ်ညလုံး တော်တော်စိတ်ရှုပ်ခဲ့ကြရသေးတယ်'

'အင်းလေ... မသိရင်ပဲ ဇန့်ကို မြို့ပြင်ဝိုင်းထုတ်ကြတော့မှာလိုလို ဘာလိုလိုနဲ့'

'ဒါတွေ ပြီးပါပြီကွယ်၊ ထားလိုက်ပါတော့၊ ပြန်တွေးရတာတောင် ရင်တွေမောလာတယ်'

'အင်း... အဲဒါတော့ ဟုတ်တယ်၊ အဟင်း...'

သူမက ရယ်ရယ်မောမောနှင့် သူ့ရင်ခွင်ထဲ တိုးဝှေ့ဝင်ရောက်လာတာမို့ သူ အလိုက်သင့်ကလေး ပြန်ဖက်ထားလိုက်မိသည်။

ဩော်... ရင်ခွင်ထဲမှာ ပြည့်စုံလာသလို ခံစားရပေမယ့် ရင်ခွင်ထဲကနေ မြတ်နိုးတန်ဖိုးထားရတဲ့ တစ်စုံတစ်ရာကို ဆွဲထုတ်အယူခံလိုက်ရသလိုပါပဲလား ကောင်မလေးရယ်။



မင်းလုပ်သွားတဲ့ လုပ်ရပ်တွေက သိပ်ကို စနစ်တကျဆန်ပြီး ပိရိလွန်းတယ်။

အဲဒီညတစ်ညလုံး ပြဿနာတွေကြားထဲ ပိတ်မိနေခဲ့ပြီး မနက်ရောက်လို့ မင်းကို ကျေးဇူးတင်ကြောင်းပြောဖို့ရှာတော့ နုမြတ်တို့မိသားစုတောင် မင်းရဲ့ ပိရိသေသပ်လှတဲ့ လုပ်ရပ်အတွက် ကြောင်အမ်းအမ်းနဲ့ ကျန်နေခဲ့ကြရတယ်။

'ဇန်ဇန်မရှိတော့ဘူး ကိုဖွဲထန်ရဲ့၊ ဒီနေ့မနက် လေးနာရီခွဲရထားနဲ့ ပြန်သွားပြီတဲ့၊ နုမြတ်တို့တောင် ဘာမှမသိလိုက်ရဘူး၊ စာရေးထားခဲ့လို့သာ မနက်စောစော ထွက်သွားမှန်းသိလိုက်တာ၊ ဇန်ဇန်က အဲဒီလိုပဲ၊ သူလုပ်နေတာတွေက ဟောလိဝုဒ်ဇာတ်ကားတွေထဲက ဇာတ်လိုက်ဆန်လွန်းတယ်၊ ဘာမှန်းလဲ မသိဘူး၊ သိပ်စိတ်တိုတာပဲ။

စိတ်ဓာတ်ကလေးကတော့ သူ့ရဲကောင်းဆန်ပါတယ်။ မွန်လည်း မွန်မြတ်ပါတယ်။ ဒါပေမဲ့ သူ့ထင်ရာမြင်ရာတွေ စွတ်လုပ်တတ်တာကို မကြိုက်တာ'

နုမြတ် ဒေါ်တွေပွလို့။ ကိုယ့်ရင်ထဲမှာတော့ နှုတ်ဆိတ်ဆွံ့အလို့။

မြို့လယ်ခေါင်နားက ဘူတာရုံလေးဆီ ကိစ္စနဲ့ရောက်တိုင်း ဒီနေရာလေးကနေ ဘယ်လိုစိတ်ခံစားမှုတွေနဲ့ တိတ်တဆိတ်ထွက်ခွာသွားလေမလဲ တွေးမိတိုင်း ကိုယ့်စိတ်တွေ မလုံခြုံသလို ခံစားရတယ်။

မျှော်စင်ပေါ်တက်ဖို့ ဘုန်းလတ်ကို ချိန်းတွန်းလုပ်ဆေး

www.burmeseclassic.com

www.burmeseclassic.com



သွားတာတွေ၊ ဘုန်းလတ်အချစ်ကို လက်ခံဖို့ နှမြတ်ကိုတိုက်တွန်းရင်း ဘုန်းလတ်ကို ပြန်ကူညီခဲ့တာတွေကအစ မင်းရဲ့လုပ်ရပ်တိုင်းဟာ သိပ်ကို ကွက်တိဆန်လွန်းတယ်။

အင်း… မင်းဟာ ကိုယ့်ရင်ဘတ်နဲ့တောင် ကွက်တိတော်နေတဲ့ မိန်းကလေးပဲလေ။

'မောင်… ဘာတွေစဉ်းစားနေတာလဲ'

'ဟင်… ဩော်… ဘာမှမဟုတ်ပါဘူး၊ ဒီလိုပါပဲ'

'သိပါတယ်နော်၊ မောင် ဖန့်ကို အများကြီးကူညီပေးသွားတဲ့ ဟိုစာရေးဆရာမဆိုလား၊ အဲဒီဆီ မောင့်စိတ်တွေ ရောက်နေတယ်မို့လား'

'မောင်မညာချင်ပါဘူး၊ တွေးမိတဲ့အခါလည်း တွေးမိပါတယ်၊ သူကူညီပေးခဲ့တဲ့ တချို့ကိစ္စတွေဆို တကယ့်သည်းထိတ်ရင်ဖိုဆန်ဆန်ပဲ၊ ကျေးဇူးတင်ကြောင်းလေးတောင် ပြောခွင့်မရလိုက်ဘူး၊ မောင် အဲဒီအကြောင်းကို ပြန်တွေးတိုင်း စိတ်လည်း မကောင်းဘူး၊ လိပ်ပြာလည်း မလုံဘူး'

သူမက နှုတ်ခမ်းကို တစ်ချက်ဖိကိုက်လိုက်ပြီး…

'မောင်'

'ပြော… ဗျာ…'

'ဖန်လည်း သူ့ကို ကျေးဇူးတင်ပါတယ်၊ အရမ်းကို ကျေးဇူးတင်တာပါ၊ အင်း… ဖန်တွေးကြည့်ရသလောက်ကတော့ အဲဒီစာရေးဆရာမလေးက မောင့်ကို ကြိတ်ကြွေနေတာများလား မသိဘူးနော်'

❖

တစ်ခါက မြို့ကြီးတစ်မြို့မှာ လူငယ်စာဖတ်ပရိသတ်များကြား အချိန်တိုလေးအတွင်း အောင်မြင်မှုရခဲ့သည့် ဘာတ်စ်ဆဲလားစာရေးဆရာမတစ်ယောက် ရှိခဲ့ဖူးပါသည်။

ခက်သည်က သူမရေးသားထားသော ဝတ္ထုများမှာ ရုပ်ရှင်အဖြစ်သော်လည်းကောင်း၊ ဗီဒီယိုအဖြစ်သော်လည်းကောင်း ဖန်တီး၍ မရ။

သူမ၏ အနုပညာရေးရာများ အောင်မြင်လာသည့်အလျောက် ရီကော်ဒါရှေ့ထိုးပေးပြီး ရောက်လာကြသည့် သတင်းလိုက်မှုဆိုးများလည်း သူမနား ဝိုင်းဝိုင်းလည်နေခဲ့သည်။

စာပေရေးရာကိစ္စများ၊ ကတ်သီးကတ်သတ်အကြောင်းအရာများ၊ အဖြူတစ်ဖက်၊ အမည်းတစ်ဖက်ဆန်သော မေးခွန်းများကို စိတ်လိုလက်ရနှင့် သူမ ဖြေကြားပေးနိုင်သော်လည်း သူမ မဖြေဖြစ်သေးသော မေးခွန်းတစ်ခု ရှိပါသည်။

❖

www.burmeseclassic.com

www.burmeseclassic.com

'ဆရာမခင်ဗျာ… ဆရာမရဲ့ ဝတ္ထုတော်တော်များများဟာ လောကရှုမြင်ပုံအသစ်၊ အတွေးအခေါ်၊ ဒဿန၊ သရော်လှောင်ပြောင်မှုတွေအပေါ် အခြေခံပြီး ဖန်တီးထားတာဖြစ်လို့ တချို့ကလည်း မော်ဒန်အနုပညာသစ်လို့ ကင်ပွန်းတပ်ကြတယ်၊ တချို့ကလည်း မော်ဒန်မဟုတ်ပါဘူးလို့ ငြင်းကြပြန်တယ်၊ ဆရာမရဲ့ ဝတ္ထုတိုင်းလိုလိုဟာ ထွက်လိုက်တာနဲ့ ပွဲဆူတော့တာပဲ။

ဆရာမရဲ့ အနုပညာနဲ့အတူ ဆရာမရဲ့ အပြုအမူတစ်ခုဟာလည်း လူတွေအတွက် စိတ်ဝင်စားစရာ ဖြစ်လာခဲ့တယ်၊ ဆရာမဟာ စိတ်လိုလက်ရရှိချိန် တစ်ခုကိုရောက်ရင် ဘယ်နေရာပဲရောက်ရောက် ငွေခေါင်းလောင်းလေးတစ်လုံးကို ထိုးလေ့ရှိပါတယ်တဲ့၊ အဲဒါ ဘာကြောင့်များလဲ'

❖

(၂၆)

သတင်းလိုက်မှုဆိုးများ၊ ကဗျာဆရာများ၊ ရုပ်ရှင်ဒါရိုက်တာများ ထိုင်လေ့ရှိသည့် မြို့လယ်ခေါင်ကဖေးတစ်ခုမှာ ဒီအချိန်ဆို မိုးသည်းလေထန်စပြုချေပြီ။

'၂၀၁၂ နှစ်ဦးမှာ ဘယ်အရာတွေက ပတ်ဝန်းကျင်ကို အလွှမ်းမိုးနိုင်ဆုံးလို့ ခင်ဗျားထင်လဲ'

ဈေးကွက်သိပ်မရှိသေးသည့် ဒါရိုက်တာတစ်ယောက်က နာမည်ကြီးကဗျာဆရာတစ်ယောက်ကို မေးလိုက်သည်။

ကဗျာဆရာက ခဏတော့ စဉ်းစားနေလိုက်သေးသည်။

သူ့ရဲ့ လောကရှုမြင်ပုံကလည်း ခပ်သင်းသင်း။

'ခွပ်ဒေါင်းအလံရယ်၊ angry bird ရယ်၊ လေထဲမှာဝေ့နေတဲ့ စွန့်ပစ်ကြွပ်ကြွပ်အိတ်တွေရယ်ပေါ့ဗျာ'

တဟားဟားအော်ရယ်သူ၊ ခေါင်းတဆတ်ဆတ်ညိတ်သူ၊ သေသေချာချာစဉ်းစားသူများက သူ့အကန့်နှင့် သူ။

နောက်တော့ Apple ကထုတ်တဲ့ pad 3 က i pad 2

www.burmeseclassic.com

www.burmeseclassic.com



ထက် နည်းပညာပိုင်း ပိုမိုကောင်းမွန်လာကြောင်း၊ ကဗျာရွတ်ပွဲတစ်ခု အခုလာမယ့် လပြည့်ညမှာ ကျင်းပမှာဖြစ်တဲ့အကြောင်း၊ ပဲကုန်သည်တစ်ဦး ငွေကျပ်သိန်းပေါင်းသုံးထောင် လိမ်လည်သွားတဲ့အမှုကို အခုစပြီး ခြေရာခံနိုင်နေပြီဖြစ်ကြောင်း စသဖြင့် ရောက်တတ်ရာရာ တွေလာတွေပြောအပြီးမှာတော့ စကားဝိုင်းရဲ့ ဦးတည်ချက်က ငွေခေါင်းလောင်းလေး တီးလေ့ရှိတဲ့ စာရေးဆရာမလေးဆီ ဦးတည်သွားကြပြန်သည်။

'ဒါနဲ့ ဟိုဘတ်(စ်)ဆဲလား ဆရာမလေး စတန့်ထွင်ပြီး ထိုးနေတဲ့ ငွေခေါင်းလောင်းလေးကိစ္စကို ခင်ဗျားတို့ ဘာထူးထူးခြားခြားကြားမိသေးလဲဗျ'

အယ်ချုပ်တစ်ယောက်က စပေးလိုက်တယ်ဆိုရင်ပဲ အားလုံးလှုပ်လှုပ်ရှားရှားဖြစ်သွားပြီး…

'အဲဒီကိစ္စ ကျွန်တော် သတင်းလိုက်နေတာ ကြာပြီဗျ၊ ဘာကြောင့် အဲဒီလိုလုပ်နေလဲဆိုတာ အခုအထိ ဘယ်သူမှ ရေရေရာရာမသိရသေးဘူး၊ ဆက်စပ်တွေးကြည့်ရင်တော့ ရှင်းပါတယ်၊ ခင်ဗျားတို့လည်း သူ့ဝတ္ထုတွေ ဖတ်ဖူးသားပဲ၊ ယုတ္တိဗေဒရဲ့ ပြင်ပကို လွတ်လွတ်လပ်လပ်ထွက်ရေးတဲ့ ရှားရှားပါးပါး စာရေးဆရာမဗျ'

'အင်း… ကျွန်တော်ကတော့ အရိုးရှင်းဆုံး မှတ်ချက်ချချင်တယ်၊ ပေးချင်တဲ့ Message တစ်ခုတော့ ရှိရမယ်ဗျ၊ ပါဖေ..နံ့တစ်ခုကို ပြင်ပမှာ လွတ်လွတ်လပ်လပ်ဖန်တီးနေတာပဲ ဖြစ်ရမယ်'



လူလတ်ပိုင်း အချစ်လိုင်းစာရေးဆရာတစ်ယောက်က ထိုသို့ထောက်ပြတော့ နှေကြီးရက်ကြီးတွေမှာ ပင်နီတိုက်ပုံဝတ်တတ်သည့် ဝတ္ထုတိုစာရေးဆရာတစ်ယောက်က…

'ဒီလိုလည်း ဖြစ်နိုင်တာပဲ၊ အခုအချိန်က ပွင့်လင်းမြင်သာတဲ့ခေတ်လေ၊ နိုင်ငံရေးအသွင်ဆောင်တဲ့ လှုပ်ရှားမှုတစ်ခုလို့ပဲ ကျွန်တော် သတ်မှတ်တယ်'

'မဖြစ်နိုင်ဘူးဗျ၊ သူ့ စာတော်တော်များများ ဖတ်ထားပါလိမ့်မယ်၊ ကျွန်တော် ထင်တယ်လေ၊ သူ အခုလို အောင်မြင်နေတာ ကဲ၊ ဥဏ်၊ ဝိရိယအပြင် ဂမ္ဘီရအစီအရင်လုပ်တာတွေပါ စိတ်ဝင်စားပါလိမ့်မယ်၊ အလယ်ခေတ် ဥရောပမှာ တချို့ဂန္ဓာရီပညာသည်တွေဟာ လမ်းပေါ်ထွက်ပြီး ငွေခေါင်းလောင်းတီးတတ်ကြတယ်ဗျ၊ ကျွန်တော့်အထင်မမှားဘူးဆိုရင်တော့ သူ့ရဲ့ ငွေခေါင်းလောင်းဟာ သူ့ရဲ့ အောင်မြင်မှုနဲ့ ဆက်စပ်နေပါလိမ့်မယ်'

သရဲလိုင်းစာရေးဆရာတစ်ယောက်ရဲ့ သုံးသပ်ချက်ကို နေ့ထူးနေ့မြတ်တွေမှာ သစ်ပင်စိုက်ပွဲတွေ ကမကထပြုပြီး ဆောင်ရွက်တတ်သည့် ဇာတ်ညွှန်းဆရာတစ်ယောက်က လက်မခံနိုင်ဘဲ…

'ခင်ဗျားတို့အားလုံး မှားနေပြီ၊ တကယ်တော့ သူဟာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နိူးဆော်နေတဲ့သူဗျ၊ ခင်ဗျားတို့လည်း အင်တာနက်မှာ အရမ်းဟော့(တ်)ဖြစ်သွားတဲ့ ကဗျာတစ်ပုဒ်ကို ဖတ်လိုက်ရမှာပါ၊ သူမှားလင်းဖို့ ငါတို့သမိုင်းကြောင်းကို လောင်

www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းပေးရအောင် ရောဝတီက ဖယောင်းတိုင်မဟုတ်ဘူးတဲ့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဗျာတစ်ပုဒ်ပဲ၊ တကယ်တော့ အဲဒီ စာရေးဆရာမလေးက ရောဝတီကိုကယ်တင်ဖို့ ရောဝတီကို မေ့လျော့နေကြတဲ့ သတ္တိနှလုံးသားပိုင်ရှင်တွေကို ခေါင်းလောင်းထိုးပြီး နှိုးဆော်နေတာ'

'အာ… မှားနေပြီ၊ မှားနေပြီ၊ ဒီလိုလည်း ဖြစ်နိုင်သေးတာပဲ'

'…. …. ….'

'…. …. ….'

'…. …. ….'

'…. …. ….'

❖

BURMESE CLASSIC

မြို့ပြရဲ့ အမှိုက်သိမ်းစနစ်မှာ တစ်ဆင့်မြင့်အနေအထားသို့ ရောက်ရှိလာပြီး အစိမ်းရောင်အိတ်၊ အပြာရောင်အိတ် စသဖြင့် ခွဲခြားထုပ်ပိုးထားကြောင်း သင်သတိထားမိပါလိမ့်မည်။

အနည်းငယ် ရှုပ်ရှုပ်ထွေးထွေးဆန်လှသည် ထင်ရပေမယ့် ကျွန်မသည်လည်း မျက်ရည်နှင့် စိုစွတ်နေသော အလွမ်းများကို အပြာရောင်အိတ်နှင့် ထုပ်ပိုးလိုက်ပြီး ကြည်နူးချမ်းမြေ့မှုနှင့် အေးမြနေတတ်သော အလွမ်းများကို အစိမ်းရောင်အိတ်နှင့် ထုပ်ပိုးကာ ကိုယ့်ရင်ခွင်ထက်၌ပင် စနစ်တကျ သိမ်းဆည်းသိုလှောင်ပစ်လိုက်သည်။

ကဲ… ကျွန်မ မပိရိဘူးလား။

ညေး

www.burmeseclassic.com